




mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

K0329


mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - ဇူလိုင်လ၊ ၂၀၁၈ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက်(၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - စွယ်တော်ပုံနှိပ်တိုက် (၀၀၄၁၁)
အမှတ် (၁၄၇)၊ (၅၁) လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ - ကိုကိုနိုင်
တန်ဖိုး - ၄၈၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

"အပြစ်ကင်းစင်စွာ သန္ဓေဆောင်ခဲ့သော မယ်တော်မာရိ၊
အရှင့်ကို မော်ဖူးနေသော ကျွန်တော်မျိုးတို့ကို
ဆုတောင်းပေးတော်မူပါ၊ အာမင်"

mgyoe.com

mgyoe.com SAMPLE BOOK

"သင်တို့တွင် တစ်စုံတစ်ယောက်သောသူ၌ သိုးတစ်ရာရှိ၍
သိုးတစ်ကောင်ပျောက်လျှင် ကိုးဆယ့်ကိုးကောင်သော သိုးတို့ကို
တောတွင်ထားခဲ့ပြီးမှ ပျောက်သော သိုးတစ်ကောင်ကို မတွေ့မချင်း
သွား၍ ရှာမည် မဟုတ်လော"

ရှင်လုကာ ၁၅း၄

mgyoe.com

mgyoe.com SAMPLE BOOK

## အိတာကာ (ITHACA)

အိတာကာသို့ သင် ခရီးထွက်မည် ပြင်သည့် အခါ
ဆုတောင်းပါ၊ လမ်းခရီး ရှည်လျားပါစေ၊
စွန့်စားခန်းတွေ၊ အသိပညာတွေနဲ့ ပြည့်လို့ နေပါစေ၊
Lestrygonians နဲ့ Cyclops၊
ဒေါသကြီးတဲ့ Poseidon။ သူတို့တွေကို ကြောက်စရာ မလို၊
သင့်အတွေးအကြံတွေသာ မြင့်မားပါစေ၊ သင့်ဝိညာဉ်နဲ့ခန္ဓာကိုယ်
သိမ်မွေ့တဲ့ ခံစားမှုနဲ့ ထိတွေ့ပါစေ၊
သင် သွားရာလမ်းမှာ သူတို့တွေနဲ့ တွေ့စရာ မရှိပါ
သင့်ဝိညာဉ်မှာသာ သူတို့တွေကို သယ်ဆောင်မထားရင်
သင့်နှလုံးသားမှာ သူတို့ကို နေရာချမထားရင်
Lestrygonians နဲ့ Cyclops၊
ကြမ်းတမ်းလှတဲ့ Poseidon တို့နဲ့ ဆုံရန် မရှိပါ
ဆုတောင်းပါ၊ လမ်းခရီး ရှည်လျားပါစေ၊
သည်လို သာယာလှတဲ့၊ သည်လို ပျော်ရွှင်ဖွယ်ကောင်းတဲ့
နွေဦး မနက်ခင်းတွေ အများအပြား ကြုံပါစေ၊
မရောက်ဖူးတဲ့ ဆိပ်ကမ်းတွေ ဝင်နား၊
Phoenician ဈေးထဲ ပစ္စည်းတွေဝယ်၊

mgyoe.com

mgyoe.com SAMPLE BOOK

ပုလဲမိခင်၊ သန္တာ၊ ပယင်းနဲ့ သစ်နက်သား
ရနံ့သင်းတဲ့ ရေမွှေးမျိုးစုံ သယ်နိုင်သလောက် သယ်သွား၊
ပညာရှင်တွေဆီက သင်ယူဖို့ အီဂျစ်မြို့ကြီးတွေ လှည့်ပတ်စို့၊
အသင့်စိတ်ထဲမှာ အီတာကာကို စွဲမှတ်ထားပါ။
သင့်ရဲ့ အဆုံးသတ်ပန်းတိုင်ဟာ အဲဒီကို ရောက်ရှိဖို့ပါ။
ဒါပေမဲ့ အလောတကြီး ခရီးမနှင်ပါနဲ့။
နှစ်ပေါင်းများစွာ ကြာပါစေ။
အီတာကာက သင့်ကို ကြွယ်ဝမှုတွေ ဆောင်ကြဉ်းပေးမယ်လို့ မမျှော်လင့်ဘဲ
လမ်းမှာ ရလာတာတွေနဲ့ပဲ ကြွယ်ဝလို့
အသက်ကြီးတော့မှ ကျွန်းပေါ်မှာ အခြေချတာ ပိုကောင်းပါတယ်။
အီတာကာက သင့်ကို လှပတဲ့ခရီး ပေးပါလိမ့်မယ်
သူ မရှိဘဲ သင် လမ်းပေါ် ဘယ်တော့မှ စလျှောက်ဖြစ်မှာ မဟုတ်ပါ။
သူ့မှာ သင့်ကို သည့်ထက်လည်း ပေးစရာ မရှိတော့ပါ။
အကယ်၍များ သူ ဆင်းရဲလှတာကိုတွေ့ရင် အီတာကာ သင့်ကို
လှည့်စားခြင်း မဟုတ်ပါ။
များပြားလှတဲ့ အတွေ့အကြုံတွေနဲ့ ဉာဏ်ပညာကြီးလာတဲ့ သင့်အနေနဲ့
အီတာကာ ဘာကို ဆိုလိုသလဲဆိုတာ သဘောပေါက်ပြီးသား
ဖြစ်ပါလိမ့်မယ်။

CONSTANTINE CAVAFY (1863–1933)
Translated by Rae Dalven

mgyoe.com

mgyoe.com SAMPLE BOOK

**ညွှန်းဆိုခြင်း**

ကားထဲမှာ ကျွန်တော် ပြောလိုက်တယ်။ ဝတ္ထုက ပထမမူကြမ်းတော့ ပြီးသွားပြီလို့၊ ပစ်ရစ်နီးစ် (Pyrenees) က တောင်တစ်တောင်ကိုတက်ဖို့ ကျွန်တော်တို့ ခရီးထွက်လာကြတာပါ။ ကျွန်တော်တို့ နှစ်ယောက်လုံးက အဲဒီက တောင်တစ်တောင်ကို အထွတ်အမြတ် ထားကြတယ်။ အဲဒီမှာ ထူးထူးခြားခြား အခိုက်အတန့်လေးတွေ အတူတကွ ကြုံဖူးထားကြတယ် မဟုတ်လား။ ဒီနောက် ကျွန်တော် သူ့ကို မေးလိုက်တယ်။ ဝတ္ထုခေါင်းစဉ်တို့၊ ဘာအကြောင်း ရေးထားသလဲတို့များ မသိချင်ဘူးလားလို့။ သူက နားထောင်ချင်တာပေါ့လို့ ပြောပေမယ့် ကျွန်တော့်လက်ရာအပေါ် လေးစားသမှုနဲ့ တင်ကြိုပြီး ဘာတစ်ခွန်းမှ မမေးခဲ့။ သူက ဝမ်းသာပါတယ်၊ သိပ်ကို ဝမ်းသာပါတယ်လို့ပဲ ဆိုတယ်။

ဒါနဲ့ ကျွန်တော် သူ့ကို ဝတ္ထုခေါင်းစဉ်နဲ့ အဓိကကျောရိုးကို ပြောပြလိုက်တယ်။ ကျွန်တော်တို့ စကားတစ်ခွန်းမှ မပြောဘဲ ဆက်လျှောက်နေခဲ့ကြတယ်။ အပြန်လမ်းမှာ ဆူညံသံတစ်မျိုး ကြားလိုက်ရတယ်။

လေက ထန်လာပြီး အရွက်ကင်းမဲ့နေတဲ့ အပင်တွေကို ဖြတ်ကာ ကျွန်တော်တို့ရှိရာ ဆင်းချလာခဲ့တယ်။ တောင်အနေနဲ့ သူ့ရဲ့ မှော်ဆန်မှုနဲ့ တန်ခိုးပြာဋိဟာကို တစ်ဖန် ပြပြန်ပြီပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK

ရုတ်တရက် နှင်းတွေ ကျလာတယ်။ ကျွန်တော်လည်း ရပ်ပြီး အဲဒီ အခိုက်အတန့်ပေါ်မှာ ဝင်စားနေမိတယ်။ တဖွဲဖွဲကျနေတဲ့ နှင်းဖတ်တွေ၊ မီးခိုးရောင် ကောင်းကင်၊ တောအုပ်နဲ့ ကျွန်တော့်နံဘေးမှာ ရပ်နေတဲ့ အမျိုးသမီး။ ကျွန်တော့် နံဘေးမှာ အမြဲလိုရှိနေခဲ့တဲ့ အမျိုးသမီးပေါ့။ ကျွန်တော်လည်း အဲဒီခဏမှာ သူ့ကို ပြောလိုက်ချင်မိတယ်။ ဒါပေမဲ့ ဒီစာမျက်နှာတွေကို ဖွေဆော်ဦး ဖတ်ကြည့်လိုက်တဲ့ အခါမှ တွေ့ပါစေတော့လို့ ဆုံးဖြတ်လိုက်မိတယ်။

ဒီစာအုပ်က မင်းအတွက် ရည်ရွယ်ပါတယ် ချစ်ဇနီး ခရစ်စတီးနား။

ပေါလိုကွေလို

mgyoe.com

mgyoe.com SAMPLE BOOK

စာရေးဆရာ ဟော်ရခဲ လူးရီးစ် ဘောရခဲ (Jorge Luis Borges) ၏ အဆိုအရ ဇာဟိရ် (Zahir) ဆိုသည့် အိုင်ဒီယာမှာ အစ္စလာမ်ရိုးရာအစဉ်အလာမှ မြစ်ဖျားခံကာ ဆယ့်ရှစ်ရာစုအတွင်း ထွက်ပေါ်ခဲ့သည်ဟု ဆိုသည်။ အာရေဗျစကား 'Zahir' ၏ အဓိပ္ပာယ်မှာ 'သတိမပြုဘဲ မနေနိုင်လောက်အောင် အထင်အရှား တည်ရှိနေခြင်း' ကို ဆိုလိုသည်။ ထိုအရာ၊ သို့မဟုတ် ထိုတစ်စုံတစ်ယောက်ကို ကျွန်ုပ်တို့ ကြုံမိသည်နှင့် အတွေးထဲတွင် တစ်စတစ်စ စိုးမိုးလာသည်မှာ တခြားဘာမှ မစဉ်းစားနိုင်တော့လောက်အောင်အထိပင်။ ဤအဖြစ်ကို ဘုန်းတော်ဝင်စားခြင်းဟု ယူဆချင် ယူဆ၊ မဟုတ်လျှင်တော့ ရူးသွပ်မှုဟုသာ သတ်မှတ်ရပေလိမ့်မည်။

FAUBOURG SAINT-PÈRES
Encyclopaedia of the Fantastic (1953)

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# ကျွန်တော်ဟာ လွတ်လပ်သူတစ်ယောက်

သူ့အမည်က အက်စသာ။ သူက မလွဲမသွေ ထိုးစစ်ဆင် သိမ်းပိုက်ခံရတော့မယ့် အီရတ်ကနေ ပြန်ရောက်ခါစ စစ်သတင်းထောက်။ အသက်က သုံးဆယ်။ အိမ်ထောင်ရှိပေမယ့် ကလေး မရှိသေး။ သူနဲ့နောက်ဆုံးတွေ့ခဲ့တဲ့တယောက် ကတော့ အသက်နှစ်ဆယ့်သုံးနဲ့ နှစ်ဆယ့်ငါးကြား မည်သူမည်ဝါ မသိရတဲ့ ယောက်ျားတစ်ယောက်။ အသားမည်းပြီး မွှန်ဂိုလီးယားမျက်နှာပေါက်မျိုးနဲ့။ နှစ်ယောက်လုံးကို နောက်ဆုံးတွေ့လိုက်ရတာက ဖိုတာ့ဆန်တိုနီရိုလမ်းက ကဖေးဆိုင်တစ်ဆိုင်မှာ။

သူတို့နှစ်ယောက် အရင်ဆုံဖူးတယ်လို့ ရဲကိုတော့ ပြောလိုက်တယ်။ ဒါပေမဲ့ ဘယ်လောက် တစ်ခါ ဆုံကြသလဲတော့ ဘယ်သူမှ မပြောနိုင်။ မစ်ခေးဆိုတဲ့ နာမည်နောက်မှာ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ ဖုံးကွယ်ထားတဲ့ ဒီလူ့ကို အက်စသာ ကတော့ သိပ်ကိုအရေးကြီးတဲ့လူလို့ အမြဲ ပြောလေ့ ရှိတယ်။ ဒါပေမဲ့ ဒါဟာ သူ့ အလုပ်အကိုင်ဖြစ်တဲ့ ဂျာနယ်လစ်တစ်ယောက်အနေနဲ့ အရေးကြီးတာလား၊ ဒါမှ မဟုတ် မိန်းမတစ်ယောက်အနေနဲ့ အရေးကြီးတာလားတော့ ဘယ်တော့မှ မရှင်းပြခဲ့။

ရဲကတော့ ပုံမှန်စစ်ဆေးမှုတွေ စလုပ်တယ်။ ယူဆချက်အမျိုးမျိုး ထွက်ပေါ်လာတယ်။ ပြန်ပေးဆွဲ၊ ခြိမ်းခြောက် ငွေညှစ်၊ ပြန်ပေးဆွဲရာက ခြေလွန်

mgyoe.com

 mgyoe.com SAMPLE BOOK 

လက်လွန် လူသတ်မိ။ သူ့ အနေနဲ့ အလုပ်သဘောအရ သတင်းရဖို့ အကြမ်းဖက်အဖွဲ့အစည်းကွန်ရက်တွေနဲ့ မကြာခဏ ဆက်သွယ်ရတဲ့အတွက် ဒီယူဆချက်တွေက မဖြစ်နိုင်ဘူး ပြောလို့မရ။ သူ မပျောက်ဆုံးခင် အပတ်တွေမှာ ဘဏ်ကနေ ပိုက်ဆံတွေ လီလီပြီး ထုတ်နေတာ တွေ့ရှိရတဲ့အတွက် ရဲမှူးကတော့ ဒါဟာ သတင်းဝယ်ဖို့ ဖြစ်လိမ့်မယ်လို့ ထင်တယ်။ သူ အဝတ်အစား အပို ဆောင်သွားပေမယ့် သူ့ နိုင်ငံကူးလက်မှတ်ကို ဘယ်မှာမှ မတွေ့တာကတော့ ထူးဆန်းနေခဲ့တယ်။

သူနဲ့ နောက်ဆုံးတွေ့လိုက်တဲ့တယောက်က လူစိမ်း၊ သိပ်ကို ငယ်လွန်းတယ်၊ ရဲမှတ်တမ်းလည်း မရှိ။ ဘာမှ သံသယဖြစ်စရာ မရှိ။

သူ က အက်စသာ။ အသက်သုံးဆယ်။ နိုင်ငံတကာ ဂျာနယ်လစ်ဆုနှစ်ကြိမ်ရထားသူ။ အိမ်ထောင်ရှိ။

ကျွန်တော်ရဲ့ ဇနီးသည်။

*

ကျွန်တော့်မှာ သူ ပျောက်သွားတဲ့နေ့က ဘယ်မှာရှိနေခဲ့သလဲဆိုတာ ပြောဖို့ ငြင်းဆိုခဲ့တဲ့အတွက် ချက်ချင်းပဲ သံသယအဝင်ခံရပြီး အချုပ်ကျတော့တယ်။ ဒါပေမဲ့လည်း ခုပဲ ထောင်အရာရှိက ကျွန်တော့် အချုပ်ခန်းတံခါးကို လာဖွင့်ပြီး 'ခင်ဗျား လွတ်လပ်သူ ဖြစ်ပြီ' လို့ ဆိုတယ်။

ဘာကြောင့် ကျွန်တော် လွတ်လပ်သူ ဖြစ်သွားရတာလဲ။ ဒီနေ့ခေတ်မှာ လူတိုင်း တစ်ယောက်အကြောင်း တစ်ယောက် အကုန်သိနေကြတာပဲ။ ခင်ဗျား အကြွေးဝယ်ကတ်ကို ဘယ်မှာ သုံးခဲ့သလဲ၊ ခင်ဗျား ဘယ်မှာ အချိန်ဖြုန်းခဲ့သလဲ၊ ခင်ဗျား ဘယ်သူနဲ့ အိပ်ခဲ့သလဲ၊ သတင်းက ရှိပြီးသား၊ မေးလိုက်ရုံပဲ။ ကျွန်တော့်ကိစ္စမှာဆို ပိုတောင်လွယ်သေး၊ ကျွန်တော် အဖမ်းခံရတယ်ဆိုတာ ကြားတော့ ကျွန်တော့်မိန်းမရဲ့ မိတ်ဆွေ တခြား ဂျာနယ်လစ်အမျိုးသမီးက သက်သေလာခံပေးတယ်။ သူက ယောက်ျားနဲ့ကွဲနေတဲ့သူ၊ ဒီတော့ ကျွန်တော်နဲ့ အိပ်ခဲ့ပါတယ်ဆိုတာ ဖွင့်ပြောဖို့ တွန့်မနေ။ အက်စသာပျောက်သွားတဲ့နေ့က သူ့ဆီမှာ တစ်နေ့လုံး၊ တစ်ညလုံး ရှိနေခဲ့ပါတယ်လို့ သူက အခိုင်အမာ ထွက်ဆိုတယ်။

ကျွန်တော့်ပစ္စည်းတွေ ပြန်ပေးရင်း တောင်းပန်တဲ့ရဲမှူးက သူတို့ ကျွန်တော့်ကို အချုပ်ထဲပို့တာ ဥပဒေအရပဲ။ ကျွန်တော် တရားစွဲလို့ မရဘူးလို့ဆိုတယ်။

mgyoe.com

mgyoe.com

"ကျွန်တော် ဒီလို ကိစ္စမျိုးလုပ်ဖို့ စိတ်ကူး မရှိပါဘူး၊ အပြစ်မကျူး လွန်ပေမဲ့ နှစ်ဆယ့်လေးနာရီ စောင့်ကြည့်ခံရပြီး အမြဲ သံသယဝင် ခံနေရမှာကို သဘောပေါက်ပြီးသားပါ" လို့ ကျွန်တော် ပြောလိုက်တယ်။

"ခင်ဗျား လွတ်လွတ်လပ်လပ် သွားနိုင်ပါပြီ" လို့ သူက ထောင်အရာရှိ လေသံအတိုင်း သံယောင်လိုက် ပြောလိုက်တယ်။

ကျွန်တော် မေးလိုက်တယ်။

"ကျွန်တော့်ဇနီးဟာ အမှန်တကယ် တစ်စုံတစ်ရာကြုံရတာ ဖြစ်နိုင်တယ် မဟုတ်လား"

တစ်ခါတစ်ရံ သူ့နောက်ကို လိုက်နေကြသလို ခံစားရတယ်လို့ တစ်ခါက ကျွန်တော့်ကို ပြောဖူးတယ်။ မြေအောက် အကြမ်းဖက်ကွန်ရက်တွေနဲ့ အများကြီး ဆက်သွယ် လုပ်ကိုင်နေရတဲ့အတွက် သူ့အဖြစ်က နားလည်လို့ ရပါတယ်။

ရဲအင်စပက်တာက စကားလမ်းကြောင်း လွှဲသွားတယ်။ ကျွန်တော်လည်း မရမက မေးတယ်။ ဒါပေမဲ့ သူက တစ်ခွန်းမှ မဟ။

ကျွန်တော်က မေးလိုက်တယ်။

"သူ့ အနေနဲ့ နိုင်ငံကူးလက်မှတ်နဲ့ ခရီးသွားနိုင်တယ် မဟုတ်လား" လို့။

သူက ပြောတယ်။

"ဒါပေါ့၊ သွားနိုင်တာပေါ့၊ သူက ဘာပြစ်မှုမှ ကျူးလွန်မထားတာ၊ ဒီတိုင်းပြည်ထဲ ဘာကြောင့် လွတ်လွတ်လပ်လပ် မဝင်ထွက်နိုင်ရမှာလဲ" တဲ့။

"ဒါဖြင့် သူ ပြင်သစ်မှာ မရှိနိုင်တော့ဘူးပေါ့နော်"

"ခင်ဗျားနဲ့ အိပ်ခဲ့တဲ့မိန်းမကြောင့် သူ ခင်ဗျားကို ထားသွားတာလို့ရော မထင်ဘူးလား"

"ဒါ ခင်ဗျားကိစ္စ မဟုတ်ပါဘူး" လို့ ကျွန်တော် ပြန်ပြောလိုက်တယ်။

ရဲအင်စပက်တာလည်း ခဏလောက် ရပ်ပြီးမှ ပိုပြီး လေးလေးနက်နက် ပြောလာတယ်။ သူပြောတာက လုပ်ထုံးလုပ်နည်းအရ ကျွန်တော့်ကို ဖမ်းရပေမယ့် ဘယ်လိုပဲ ဖြစ်ဖြစ် ကျွန်တော့်မိန်းမ ပျောက်သွားတာကိုတော့ စိတ်မကောင်းပါဘူးတဲ့။ သူ ကိုယ်တိုင်ကလည်း အိမ်ထောင်နဲ့ပဲ၊ သူ့အနေနဲ့ ကျွန်တော့်စာအုပ်တွေကို မကြိုက်လှ ပေမဲ့လည်း ကျွန်တော့်နေရာကနေပြီး ဘယ်လို ခံစားရမလဲ တွေးကြည့်လို့ ရပါ

mgyoe.com

mgyoe.com

တယ်တဲ့။ (သူက ပုံစံကသာ အတာတ၊ ထင်သလောက် မအ၊ ကျွန်တော် ဘယ်သူ ဘယ်ဝါဆိုတာ သိနေတာပဲ)

ကျွန်တော်လည်း ဘာဆက်လုပ်သင့်လဲလို့ သူ့ကို မေးလိုက်တယ်။ သူက သူ့ကတ်ပြားကို ထုတ်ပေးပြီး တစ်ခုခုကြားရင် ဆက်သွယ်ပါလို့ဆိုတယ်။ ရုပ်ရှင်တွေထဲမှာ ဒီမြင်ကွင်းမျိုး ကျွန်တော် ဒါဇင်နဲ့ချီပြီး ကြည့်ဖူးတယ်။ အင်စပက်တာတွေမှာ သူတို့ ပြောတာထက် အမြဲ ပိုပြီး သိထားပြီးသားဆိုတာ ကျွန်တော်ကတော့ မယုံကြည်လှ။

သူက ကျွန်တော့်ကို မေးတယ်။ အက်စသာ မပျောက်ခင် နောက်ဆုံး တွေ့ခဲ့တဲ့သူနဲ့ ကျွန်တော် ဆုံဖူးလားတဲ့။ ကျွန်တော်လည်း သူ့ရဲ့ နာမည်ဝှက်ပဲ သိတယ်။ လူချင်း မသိဘူးလို့ ပြောလိုက်တယ်။

သူက ကျွန်တော်တို့မှာ အိမ်တွင်းရေးပြဿနာများ ရှိလားလို့ မေးတယ်။ ကျွန်တော်လည်း ပြောလိုက်တယ်၊ ကျွန်တော်တို့ အတူနေလာတာ ဆယ်နှစ်ကျော်ပြီ။ လင်မယားအများစု ကြုံရတဲ့ ပြဿနာမျိုးတွေပဲ ရှိတယ်။ ဒီ့ထက် မပိုလို့။

သူက လတ်တလောမှာ ကွာရှင်းဖို့ ဆွေးနွေးထားတာမျိုး၊ မိန်းမက ကျွန်တော့်ကို ထားခဲ့ဖို့ စဉ်းစားနေတာမျိုး ရှိသလားလို့ ကျွန်တော့်ကို သိမ်သိမ်မွေ့မွေ့ မေးတယ်။ ကျွန်တော်တို့မှာ ဒီကိစ္စမျိုးကို တစ်ခါဆို တစ်ခါမှ မစဉ်းစားဖူးဘူး၊ တခြား လင်မယားတွေလို ရံဖန်ရံခါ သဘောထားကွဲလွဲတာမျိုးပဲ ရှိပါတယ်လို့ ထပ်ပြောလိုက်တယ်။

"မကြာခဏလား၊ တစ်ခါတစ်ရံလား"

"တစ်ခါတစ်ရံ" လို့ ကျွန်တော် ပြောလိုက်တယ်။

အက်စသာက သူ့သူငယ်ချင်းနဲ့ကျွန်တော် ငြိစွန်းနေတာကို ရိပ်မိနေတာမျိုးရော ရှိနိုင်မလားလို့ ဒီ့ထက် ပိုပြီး ညင်ညင်သာသာနဲ့ ဆက်မေးတယ်။

ကျွန်တော်လည်း သူ့သူငယ်ချင်းနဲ့ အိပ်မိတာ ဒါ ပထမဆုံးနဲ့ နောက်ဆုံး ပါပဲ၊ ဒါ ငြိစွန်းနေတာလည်း မဟုတ်ဘူး၊ တခြား လုပ်စရာ မရှိတာနဲ့ အိပ်မိကြတာလို့ ပြောလိုက်တယ်။

"အဲဒီနေ့က အတော်လေး ပျင်းစရာကောင်းတဲ့နေ့၊ ကျွန်တော်တို့ နှစ်ယောက်လုံး နေ့လယ်စာစားပြီး တခြား ဘာမှ အပူတပြင်း လုပ်စရာလည်း

mgyoe.com

mgyoe.com  SAMPLE BOOK 

မရှိဘူး၊ ပြီးတော့ မြူခွဲယ်ဖြားယောင်းကြည့်ရတာ ဘဝကို စိတ်လှုပ်ရှားစေတယ်၊ အဲဒီလိုနဲ့ပဲ ကျွန်တော်တို့ အိပ်ဖြစ်သွားကြတာ''

''ပျင်းစရာကောင်းတဲ့နေ့ ဖြစ်တာနဲ့ပဲ ခင်ဗျား တစ်ယောက်ယောက်နဲ့ အိပ်ဖြစ်သွားရောလား''

ဒါ ခင်ဗျား စုံစမ်းနေတဲ့အမှုနဲ့ အဓိကကြီးပါလို့ ပြောလိုက်မလို့ပဲ။ ဒါပေမဲ့ ကျွန်တော် သူ့အကူအညီလိုတယ်။ ဒါမှမဟုတ် နောင်လိုကောင်းလိုမယ်၊ ပြီးတော့ အကျိုးဆောင်ဘဏ်ဆိုတဲ့ မမြင်ရတဲ့ အဖွဲ့အစည်းတစ်ခုက သိပ်အသုံးဝင်လှတာ ကျွန်တော် သိထားတယ်။

''တစ်ခါတစ်ရံတော့ ဟုတ်ပါတယ်၊ စိတ်ဝင်စားစရာ တခြားလုပ်စရာလည်း မရှိဘူး၊ အမျိုးသမီးကလည်း စိတ်လှုပ်ရှားမှု ရှာနေတယ်၊ ကျွန်တော်ကလည်း စွန့်စားချင်နေတယ်၊ အဲဒီလိုနဲ့ ဖြစ်သွားတာပဲ၊ နောက်တစ်နေ့မှာ နှစ်ယောက်လုံး ဘာမှ မဖြစ်ခဲ့သလိုပဲ ဟန်ဆောင်လို့၊ ဘဝက ပုံမှန်အတိုင်း ဆက်သွားနေမှာပဲ''

သူက ကျွန်တော့်ကို ကျေးဇူးတင်ကြောင်းပြောပြီး လက်တွေကို ထုတ်ကာ သူ့လောကမှာတော့ အဲဒီလိုမဟုတ်ဘူးလို့ ပြောလိုက်တယ်။ သဘာဝအတိုင်း ပျင်းရိမှု၊ ငြီးငွေ့မှုရှိသလို တစ်ယောက်ယောက်နဲ့ အိပ်ချင်တဲ့ဆန္ဒလည်း ရှိတယ်။ ဒါပေမဲ့ အရာရာတိုင်းက အများကြီး ပိုထိန်းချုပ်ထားကြလေ့ရှိပြီး ဘယ်သူမှ သူတို့စိတ်ကူး ဆန္ဒအတိုင်း လုပ်လေ့ မရှိဘူး။

''အနုပညာသမားတွေက ပိုပြီး လွတ်လွတ်လပ်လပ် နေကြလို့ ဖြစ်မယ်'' လို့ သူက မှတ်ချက်ပြုတယ်။

ကျွန်တော်လည်း သူ့လောကနဲ့ အကျွမ်းတဝင်ရှိပါတယ်။ ဒါပေမဲ့ လူတွေ၊ အသိုင်းအဝိုင်းတွေအပေါ်မှာ ကျွန်တော်တို့ရဲ့ ကွဲပြားတဲ့အမြင်တွေကို နှိုင်းယှဉ်ဖို့ ဆန္ဒမရှိဘူးလို့ ပြောလိုက်တယ်။ ကျွန်တော် သူ နောက်ထပ် ဘာဆက်ပြော မလဲ စောင့်ရင်း နှုတ်ဆိတ်နေလိုက်တယ်။

ရဲအရာရှိတစ်ယောက်နဲ့ စကားစစ်ထိုးဖို့ ငြင်းဆန်လိုက်တဲ့ ဒီ စာရေးဆရာ အပေါ် နည်းနည်း စိတ်ကုန်သွားသလိုမျိုးနဲ့ သူ ပြောလိုက်တယ်။

''လွတ်လပ်မှုဆိုလို့ ခင်ဗျား အခု လွတ်လွတ်လပ်လပ် သွားလို့ရပါပြီ၊ အခုလို ခင်ဗျားနဲ့ ဆုံရတော့ ခင်ဗျားရဲ့ စာအုပ်တွေကို ဖတ်ပါဦးမယ်၊ ကျွန်တော်

mgyoe.com

mgyoe.com SAMPLE BOOK

ခင်ဗျားစာအုပ်တွေကို မကြိုက်ဘူးလို့ ပြောမိခဲ့တာ ကျွန်တော် သိပါတယ်၊ တကယ်တော့ ကျွန်တော် ခင်ဗျားစာအုပ်တွေ တစ်အုပ်မှ မဖတ်ဖူးပါဘူး''

ဒီလိုစကားမျိုးကြားရတာ ဒါ ပထမဆုံး မဟုတ်သလို နောက်ဆုံးလည်း မဟုတ်ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ဒီအဖြစ်ကြုံအပြီး ကျွန်တော် နောက်ထပ် စာဖတ်သူ တစ်ယောက် ရသလိုပေါ့။ ကျွန်တော် သူ့ကို လက်ဆွဲနှုတ်ဆက်ပြီး ထွက်လာခဲ့တယ်။

ကျွန်တော် လွတ်လပ်ပြီ။ ကျွန်တော် အချုပ်ကလွတ်ပြီ။ ကျွန်တော့်ဇနီးကလည်း ဆန်းကြယ်လှတဲ့အခြေအနေ တစ်ခုအောက် ပျောက်ဆုံးသွားခဲ့ပြီ။ ကျွန်တော့်မှာ အလုပ်အချိန်ဇယားချထားတာမျိုးလည်း မရှိ။ ကျွန်တော့်မှာ အသစ်အသစ်တွေနဲ့ တွေ့ဖို့လည်း ပြဿနာ မရှိ။ ကျွန်တော့်အနေနဲ့ ချမ်းသာတယ်၊ ကျော်ကြားတယ်၊ အကယ်၍ အကဲစသာသာ ကျွန်တော့်ကို ပစ်သွားရိုးမှန်ရင် သူ့နေရာမှာ တစ်ယောက်ယောက်ကို မကြာခင် တွေ့မှာပဲ။ ကျွန်တော် လွတ်လပ်ပြီး အမှိအခို ကင်းပြီလေ။

ဒါပေမဲ့ လွတ်လပ်မှုဆိုတာ ဘာလဲ။

ကျွန်တော့်မှာ ဘဝရဲ့ အချိန်ကာလအတော်များများမှာ တစ်ခုမဟုတ်တစ်ခုရဲ့ ထိန်းချုပ်မှုခံခဲ့ရတယ်။ ဒီတော့ ကျွန်တော့်အနေနဲ့ ဒီစကားလုံးရဲ့ အဓိပ္ပာယ်ကို သိသင့်တယ်။ ကလေးဘဝကတည်းက လွတ်လပ်မှုကို ကျွန်တော့်အတွက် အဖိုးတန်ဆုံးသော အရာအဖြစ် တိုက်ယူခဲ့တယ်။ ကျွန်တော့်ကို စာရေးဆရာတစ်ယောက်ထက် အင်ဂျင်နီယာတစ်ယောက်ပဲ ဖြစ်စေချင်တဲ့ မိဘတွေနဲ့ တိုက်ပွဲဝင်ခဲ့ရတယ်။ ကျောင်းမှာလည်း ကျွန်တော့်ကို ရက်ရက်စက်စက် လှောင်ပြောင်ဟာသလုပ်တဲ့ တခြားကောင်လေးတွေနဲ့ တိုက်ပွဲဝင်ခဲ့ရတယ်။ ကျွန်တော့်နှာခေါင်းကရော သူတို့နှာခေါင်းကပါ သွေးတွေ အများကြီးထွက်ပြီးမှ၊ ကျွန်တော့်ရဲ့ အမာရွတ်တွေကို အမေ မမြင်အောင် ဖုံးထားရတဲ့ နေ့လယ်ခင်းပေါင်း မြောက်မြားစွာ ကျော်လွှားပြီးမှ (ကျွန်တော့်ပြဿနာ ကျွန်တော်ပဲ ရှင်းရမယ်လေ၊ အမေ ရှင်းလို့မှမရတာ) ကျွန်တော်ဟာ မျက်ရည်မထွက်ဘဲ ထိုးကြိတ်တာခံနိုင်တယ်ဆိုတာ ပြနိုင်ခဲ့တယ်။ ကျွန်တော်ဟာ ကိုယ့်ကိုယ်ကိုယ် ရပ်တည်နိုင်အောင် အလုပ်တစ်ခု ရဖို့လည်း တိုက်ပွဲဝင်ခဲ့ရတယ်။ ကုန်မာဆိုင်တစ်ဆိုင်မှာ ပစ္စည်းပို့သမားတစ်ယောက်အဖြစ် သွားပြီး လုပ်ကိုင်ခဲ့တယ်။ ဒီနည်းနဲ့ -

mgyoe.com

mgyoe.com 
SAMPLE BOOK


'ငါတို့ မင်းကို ပိုက်ဆံထောက်ပံ့မယ်၊ ဒါပေမဲ့ မင်း ဒါတွေ ဒါတွေ တော့ လုပ်ရမယ်'

ဆိုတဲ့ မိသားစုရဲ့ ပိုက်ဆံပေးပြီး ခြိမ်းခြောက်ခြင်းကနေ လွတ်မြောက်ခဲ့တယ်။

ဆယ်ကျော်သက်အရွယ်မှာလည်း ကျွန်တော်ချစ်ရတဲ့၊ ကျွန်တော့်ကိုလည်း ချစ်တဲ့ ကောင်မလေးအတွက် တိုက်ပွဲဝင်ခဲ့တယ်။ ဒါပေမဲ့ မအောင်မြင်ခဲ့ဘူး။ အဆုံးမှာ သူ ကျွန်တော့်ကို ထားသွားခဲ့တယ်။ အကြောင်းကတော့ သူ့ မိဘတွေက ကျွန်တော့်မှာ အနာဂတ် မရှိဘူးလို့ သူ့ကို နားချခဲ့ကြလို့ပဲ။

ကျွန်တော့်မှာ ကြမ်းတမ်းတဲ့ စာနယ်ဇင်းလောကနဲ့လည်း တိုက်ပွဲဝင်ခဲ့ရတယ်။ ကျွန်တော့်ရဲ့ နောက်အလုပ်ပေါ့။ အဲဒီမှာ ကျွန်တော့် ကနဦးဆရာက ကျွန်တော့်ကို သုံးနာရီလုံး စောင့်ခိုင်းထားတယ်။ ကျွန်တော် သူဖတ်နေတဲ့ စာအုပ်ကို စပြီး ဖြတ်တော့မှပဲ စိတ်မပါလက်မပါနဲ့ ကျွန်တော့်ကို စပြီး သတိထားမိသွားတော့တယ်။ သူလည်း ဒီမှာ ထိန်းထိန်းသိမ်းသိမ်းနဲ့ ရန်သူကို ရင်ဆိုင်ရဲတဲ့ သူတစ်ယောက်တော့ တွေ့နေပြီဆိုပြီး ကျွန်တော့်ကို အံ့အားသင့်စွာနဲ့ ကြည့်နေခဲ့တယ်။ ဒါ သတင်းထောက်ကောင်းတစ်ယောက်အဖို့ မရှိမဖြစ် လိုအပ်တဲ့ အရည်အချင်းတွေ မဟုတ်လား။

ကျွန်တော် ဆိုရှယ်လစ်စံနှုန်းတွေအတွက် တိုက်ပွဲဝင်ခဲ့တယ်။ ထောင်ထဲဝင်ခဲ့တယ်။ ပြန်ထွက်လာပြီး ဆက်တိုက်ပွဲဝင်တယ်၊ ကိုယ့်ကိုယ်ကိုယ် အလုပ်သမားလူတန်းစားရဲ့ သူရဲကောင်းလိုလို၊ ဘီတဲသီချင်းတွေ နားထောင်ပြီး ရှော်ဂီတက မာ့က်စ်ထက် ပိုပျော်ဖို့ကောင်းပါလားလို့ မသိသေးခင်အထိပေါ့။ ကျွန်တော့်မှာ ပထမဇနီး၊ ဒုတိယဇနီး၊ တတိယဇနီးတို့ရဲ့ အချစ်ကိုရဖို့ တိုက်ပွဲဝင်ခဲ့တယ်။ ကျွန်တော့်မှာ ပထမဇနီး၊ ဒုတိယဇနီး၊ တတိယဇနီးတို့ကို ထားခဲ့ရာမှာ သတ္တိမွေးဖို့ တိုက်ပွဲဝင်ခဲ့ရတယ်။ သူတို့အပေါ်မှာ ကျွန်တော့်အချစ်က မရှည်ကြာလှတာ ခံစားမိတဲ့အတွက် ဒီကမ္ဘာပေါ်မှာ ကျွန်တော့်အတွက် ဖန်ဆင်းထားတဲ့ သူတစ်ယောက်ကို မတွေ့မချင်း ဆက်ရှာနေရဦးမယ်။ အဲဒီ တစ်ယောက်က ဒီသုံးယောက်ထဲကတော့မဟုတ်။ ကျွန်တော့်တိုင်းပြည်မှာ ဘယ်သူမှ စာရေးဆရာဘဝနဲ့ အသက်မွေးလို့မရဘူးဆိုတာ ကောင်းကောင်း သိနေတဲ့ကြားက သတင်းစာအလုပ်ကထွက်ပြီး ကိုယ့်ဘာသာ စွန့်စားကာ စာအုပ်တစ်အုပ်ရေးသားဖို့ ကောင်း

mgyoe.com

ကောင်း သတ္တိမွေးခဲ့ရတယ်။ တစ်နှစ်လောက်အကြာမှာတော့ ကျွန်တော် လက်လျှော့လိုက်တယ်။ စာမျက်နှာတစ်ထောင်လောက် ရေးအပြီးပေါ့။ ကျွန်တော် ကိုယ်တိုင်တောင် နားမလည်နိုင်တဲ့ အဲဒီလို ဉာဏ်ကြီးရှင်တစ်ယောက်ရဲ့ စာမျက်နှာတွေပေါ့။

ကျွန်တော်တိုက်ပွဲဝင်နေတဲ့အချိန် လွတ်လပ်မှုအမည်တပ်ပြီး သူများတွေပြောနေကြတာ ကြားတယ်။ သူတို့မှာ ဒီ တသီးတသန့် အခွင့်အရေးကို ကာကွယ်လေ သူတို့မိဘတွေရဲ့ ဆန္ဒအတိုင်း လိုက်နာရလေလေပဲ။ သေတစ်ပန်သက်ဆုံးပေါင်းဖက်ဖို့အတွက် မိဘ သဘောကျတဲ့သူနဲ့ လက်ထပ်ရတယ်။ ရေချိုးခန်းပေါင်ချိန်စက်ကိုလည်း ဂရုစိုက်ရတယ်။ အစားအသောက်ကိုလည်း ချင့်ချိန်ရတယ်။ လုပ်လက်စတန်းလန်း အလုပ်တွေကိုလည်း ပစ်မထားရဲ။ ရည်းစားတွေကိုလည်း အပြတ်မငြင်းရဲ။ စနေ၊ တနင်္ဂနွေ ပိတ်ရက်တွေမှာလည်း သိပ်သဘောမကျလှတဲ့ သူတွေနဲ့ ဝတ်ကျေတမ်းကျေ နေ့လယ်စာ စားရရှာတယ်။

သူတို့မှာ စည်းစိမ်ဥစ္စာရဲ့ ကျေးကျွန်၊ အပေါ်ယံ ဂုဏ်ပကာသနတွေရဲ့ ကျေးကျွန်၊ အပေါ်ယံ ဂုဏ်ပကာသနလို့ ထင်ရတဲ့အရာတွေရဲ့ ကျေးကျွန်ကိုဖြစ်လို့။ သူတို့မှာ ကိုယ်မရွေးချယ်ခဲ့တဲ့ ဘဝရဲ့ ကျေးကျွန်ဖြစ်နေခဲ့တယ်။ ဒါပေမဲ့လည်း ဒါပဲ အသင့်တော်ဆုံးလို့ သူတို့ကို တစ်ယောက်ယောက်က နားချထားတဲ့အတွက် အဲဒီဘဝမှာပဲနေဖို့ သူတို့ ဆုံးဖြတ်ကြတယ်။ ဒီလိုနဲ့ သူတို့မှာ တစ်ပုံစံတည်းသော နေ့ညတွေကို ဖြတ်သန်းကြတယ်။ သူတို့ရဲ့ နေ့ညတွေမှာ စွန့်စားမှုဆိုလို့ စာအုပ်ထဲက စာလုံးတစ်လုံး၊ ဒါမှမဟုတ် အမြဲဖွင့်ထားတဲ့ တီဗွီထဲက အခန်းတစ်ခန်းပဲ ရှိတယ်။ အခွင့်အလမ်း ပေါ်လာတိုင်းလည်း သူတို့ ပြောလိမ့်မယ်။

'ငါ စိတ်မဝင်စားဘူး၊ ငါ စိတ်မပါသေးဘူး' လို့။

တစ်ခါမှ စမ်းမကြည့်ဘဲ စိတ်မပါမှန်း သူတို့ ဘယ်လိုများ သိနိုင်မလဲ။ ဒါပေမဲ့ ဒီလို မေးလို့လည်း ဘာမှ မထူး။

အမှန်တကယ်တော့ သူတို့မှာ အပြောင်းအလဲတစ်ခုခုကြောင့် သူတို့အသားကျ ကြီးပြင်းလာတဲ့ လောကကြီးကို ထိခိုက်မှာ စိုးရိမ်နေကြတာပဲ။

ရဲအုပ်က ကျွန်တော့်ကို လွတ်လပ်ပြီလို့ဆိုတယ်။ ကျွန်တော်ဟာ ခုလည်း လွတ်လပ်သလို အချုပ်ထဲမှာတုန်းကလည်း လွတ်လပ်တာပဲ။ ဘာကြောင့်ဆို လွတ်လပ်မှုက လောကမှာ ကျွန်တော် တန်ဖိုးအထားဆုံးအရာ မဟုတ်လား။ မှန်ပါ

mgyoe.com

mgyoe.com
SAMPLE BOOK


တယ်။ ဒီ့အတွက် ကျွန်တော်မကြိုက်တဲ့ဝိုင်တွေ သောက်ခဲ့ရတယ်။ မလုပ်သင့်တဲ့ အလုပ်တွေ (နောင်လည်း လုပ်မှာမဟုတ်တဲ့ အလုပ်တွေ) လုပ်ခဲ့ရတယ်။ ဒီ့အတွက် ကျွန်တော့်ခန္ဓာကိုယ်နဲ့ ကျွန်တော့်ဝိညာဉ်မှာ အမာရွတ်တွေ ထင်ကျန်ခဲ့တယ်။ ဆိုလိုတာက တချို့လူတွေကို အနာတရ ဖြစ်စေခဲ့တယ်။ နောက်ပိုင်းမှာ ကျွန်တော့် ရှုံးသွပ်မှု၊ ကျွန်တော့်တဝတဏှာအတိုင်း တခြား တစ်ယောက်ကို လိုက်လုပ်ဖို့ အတင်းစေခိုင်းလို့ မရဘူးဆိုတာ နားလည်လာမှ သူတို့ကို ခွင့်လွှတ်ဖို့ တောင်းပန်ရတယ်။ ဒါပေမဲ့ အဲဒါကလွဲပြီး ကျန်တာ ကျွန်တော် အကုန်လုပ်နိုင်တယ်လို့ သဘောပေါက်လာခဲ့တယ်။

ကျွန်တော် နာကျင်ဖွယ်ရာ ကာလတွေအတွက် နောင်တမရ မိဘူး။ ကျွန်တော့်ရဲ့ အမာရွတ်တွေကို ဆုတံဆိပ်တွေလို သဘောထားခဲ့တယ်။ လွတ်လပ်မှုဟာ ကျွန်ဖြစ်မှုလိုပဲ တန်ဖိုးကြီးတယ်ဆိုတာ ကျွန်တော် သိတယ်။ ကွာခြားတာဆိုလို့ ကြည်ကြည်နူးနူးနဲ့ပြုံးပြီး အသာတကြည် ပေးတာပဲရှိတယ်။ အပြုံးက မျက်ရည်တွေနဲ့ ဖျော့တော့နေတာမျိုးလေးတော့ ရှိနိုင်တာပေါ့။

ကျွန်တော် ရဲစခန်းကနေ ထွက်လာခဲ့တယ်။ အပြင်မှာ လှပတဲ့ နေ့တစ်နေ့ပဲ။ နေသာတဲ့ တနင်္ဂနွေက ကျွန်တော့်စိတ်အခြေအနေကို လုံးဝ ထင်ဟပ်မနေဘူး။ ကျွန်တော့်ရှေ့နေက ကျွန်တော့်ကို ပန်းစည်းတစ်စည်း၊ နှစ်သိမ့်စကားအချို့နဲ့ ကြိုနေခဲ့တယ်။

သူ (တစ်ယောက်ယောက် အိမ်ပြန်မရောက်ရင် လုပ်ကြတဲ့အတိုင်း) ဆေးရုံတွေ၊ ရင်ခွဲရုံတွေ အကုန်လုံး ဖုန်းဆက်ပြီးပြီ၊ ခုထိ အက်စသာကို မတွေ့သေးဘူးလို့ ဆိုတယ်။ သူက ကျွန်တော် ဘယ်မှာ အထိန်းသိမ်းခံရတယ်ဆိုတာ စာနယ်ဇင်းသမားတွေ မသိအောင် ဖုံးထားတယ်လို့ဆိုတယ်။ သူက နောင်မှာ ထပ်အစွပ်စွဲမခံရအောင် ကာကွယ်ဖို့ ဥပဒေကြောင်းအရ မဟာဗျူဟာတစ်ခု ချမှတ်ဖို့ ကျွန်တော်နဲ့ စကားပြောဖို့လိုမယ်လို့ ဆိုတယ်။ ကျွန်တော်လည်း သူ ဒုက္ခခံကူညီတဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောလိုက်တယ်။ တကယ်က သူစိတ်ဝင်စားတာ ဥပဒေကြောင်းအရ မဟာဗျူဟာချဖို့ထက် ကျွန်တော့်ကို တစ်ယောက်တည်း မထားချင်လို့မှန်း ကျွန်တော် သိတယ်။ ကျွန်တော် ဘာတွေ လျှောက်လုပ်မယ်မှန်း သူ့အနေနဲ့ မသိနိုင်ဘူးလေ (ကျွန်တော် အရက်တွေမူးပြီး ထပ်အဖမ်းခံရနိုင်လား၊ ကျော်မကောင်း ကြားမကောင်းတာတွေ လျှောက်လုပ်မလား၊ ကိုယ့်ကိုယ်ကိုယ်

mgyoe.com

mgyoe.com

သတ်သေဖို့ကြံစည်မလား စသဖြင့်)။ ကျွန်တော်လည်း ကျွန်တော့်မှာ အရေးကြီး အလုပ်ကိစ္စလေးတွေ ရှိသေးတယ်။ ဥပဒေကြောင်းအရ ကျွန်တော့်မှာ ဘာပြဿနာမှ မရှိနိုင်မှန်း ကျွန်တော်တို့နှစ်ယောက်လုံး ကောင်းကောင်း သိပြီးသားပဲလို့ ပြောလိုက်တယ်။ သူက တင်းခံနေသေးတယ်။ ဒါပေမဲ့ ကျွန်တော်က သူ့ကို အခွင့်အရေးမပေး၊ နောက်ဆုံးမှာတော့ ကျွန်တော်ဟာ လွတ်လပ်သူတစ်ယောက် ဖြစ်ပြီလေ။

လွတ်လပ်မှု၊ တစ်ယောက်တည်း စိတ်ဆင်းရဲစရာ လွတ်လပ်မှုမျိုးပေါ့။

ကျွန်တော် ပဲရစ်မြို့လယ်ကို အငှားကားနဲ့သွားပြီး အောင်ပွဲခံ မုခ်ဦးနားမှာ ချခိုင်းလိုက်တယ်။ ရှောင်ဇေလီဇေး လမ်းမတစ်လျှောက် ဟိုတယ် ဘာရစ်စတောရှိရာ ဆင်းချလာခဲ့တယ်။ ကျွန်တော်တို့ နှစ်ယောက်ထဲက တစ်ယောက် ယောက် နိုင်ငံခြားခရီးက ပြန်ရောက်တိုင်း ချိန်းပြီး အမြဲ ချောကလက်ပူ စားလေ့ရှိတဲ့ ဟိုတယ်ပေါ့။ ကျွန်တော်တို့ရဲ့ အိမ်အပြန် ထုံးစံလိုတောင် ဖြစ်နေတယ်။ ဘဝပေး အခြေအနေက ကျွန်တော်တို့နှစ်ယောက်ကို တစ်ယောက်တစ်နေရာ ပို့ထားပေမယ့် နှစ်ယောက်သား ပြန်လည်ပေါင်းစည်းပေးမယ့် ချစ်ခြင်းတရားရှိရာ ခုန်ဆင်းချ လိုက်တဲ့ သဘောပေါ့။

ကျွန်တော် ဆက်လျှောက်နေလိုက်တယ်။ လူတွေက ပြုံးနေကြ တယ်။ ကလေးတွေကတော့ ဆောင်းလယ်ကြီးမှာ ဒီလို နွေဦးကာလ ခဏတာ လေးကို သာယာကျေနပ်နေကြတယ်။ ကားတွေက အပိတ်အဆို့မရှိ မောင်းနှင်လို့၊ အရာရာတိုင်းက အစီအစဉ်တကျ ဖြစ်နေသယောင်။ တစ်ခုပဲ၊ မကြာသေးခင်က ဇနီးသည် ပျောက်ဆုံးခံရတဲ့ ကျွန်တော့်ဖြစ်အင်ကို ဘယ်သူမှ မသိကြ။ သူတို့မှာ မသိသယောင် ဟန်ဆောင်တာမျိုးတောင် မရှိ။ လုံးဝကို ဂရုမစိုက်ကြ။

ကျွန်တော့်ရင်ထဲက နာကျင်မှုကို သူတို့တွေ နားမလည်ကြဘူးလား။ သူတို့အနေနဲ့ သွေးတွေဆုံးရှုံးရသလို အချစ်ကို ဆုံးရှုံးရတဲ့ ယောကျ်ားတစ်ယောက် ရဲ့ ဝိညာဉ်ကို ဝမ်းနည်းစိတ်မကောင်းစွာနဲ့ စာနာသနား ကူညီဖေးမသင့်တယ် မဟုတ်လား။ ဒါပေမဲ့ သူတို့တွေက ရယ်မောနေကြဆဲ။ စနေ၊ တနင်္ဂနွေ ပိတ်ရက် မှာပဲ ရှိတဲ့ သူတို့ရဲ့ သနားစရာ ကိုယ်ပိုင်ဘဝလေးတွေထဲမှာပဲ နစ်မြုပ်လို့ နေကြတယ်။

ဘယ်လောက်များ အဓိပ္ပာယ်မရှိတဲ့ အတွေးလည်း။ ကျွန်တော်ဖြတ်လာ ခဲ့တဲ့ လူအများအပြားမှာလည်း သူတို့ဝိညာဉ်တွေမှာ စုတ်ပြဲရာတွေ ရှိမှာပဲ။

mgyoe.com

mgyee.com SAMPLE BOOK


သူတို့တွေ ဘယ်လို ခံစားနေရတယ်၊ ဘာကြောင့် ခံစားနေရသလဲ ကျွန်တော် မသိဘူးလေ။

ကျွန်တော် ဘားတစ်ခုထဲဝင်ပြီး စီးကရက်ဝယ်လိုက်တယ်။ ဘားက လူက ကျွန်တော့်ကို အင်္ဂလိပ်လို ပြန်ပြောတယ်။ အိမ်သုံးဆေးဆိုင်ထဲဝင်ပြီး ကျွန်တော် သိပ်ကြိုက်တဲ့ ပူဒီနာ (mint) ဝယ်လိုက်တယ်။ အရောင်းအကူက ကျွန်တော့်ကို အင်္ဂလိပ်လို ပြောတယ် (နှစ်ကြိမ်စလုံးမှာ ကျွန်တော် ပစ္စည်းတွေကို ပြင်သစ်လိုပဲ မေးတာ)။ ဟိုတယ်မရောက်ခင် ဆိုင်တစ်ဆိုင်ကို ရှာနေတဲ့ တူးလူးစ်က ချာတိတ် နှစ်ယောက် ကျွန်တော့်ကို တားပြီး မေးတယ်။ သူတို့ လူအတော်များများကို မေးပြီးပြီ၊ သူတို့ပြောတာကို ဘယ်သူမှ နားမလည်ကြဘူး။ ဘာတွေများ ဖြစ်နေတာလဲ။ ကျွန်တော် အဖမ်းခံရပြီး နှစ်ဆယ့်လေးနာရီအတွင်း ရှောင်ဇေလီဇေးလမ်းမှာ ဘာသာစကား ပြောင်းသွားကြလို့လား။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနဲ့ ပိုက်ဆံက အံ့ဖွယ်ကိစ္စတွေကို ဖန်တီးနိုင်တယ်လေ၊ ဒါပေမဲ့ ဒီ့မတိုင်ခင်က ကျွန်တော် ဘာကြောင့် ဒါကို သတိမပြုမိသလဲ။ ကျွန်တော်နဲ့ အက်စသာ ဒီမှာဆုံပြီး ချောကလက် ပူမသောက်ဖြစ်ကြတာ ဘယ်လောက်တောင်ကြာခဲ့ပြီလဲဆိုတာ အဲဒါသာကြည့်။ ဒါတောင် ဒီကာလအတွင်း ကျွန်တော်တို့ ခရီးတွေ အကြိမ်ကြိမ် သွားလိုက် ပြန်လိုက် လုပ်ခဲ့ကြသေးတာ။ ကျွန်တော်တို့မှာ ပိုအရေးကြီးတဲ့ ကိစ္စတစ်ခုခု အမြဲရှိနေတတ်တယ်။ ရွှေ့ဆိုင်းမရတဲ့ ချိန်းဆိုမှုတွေ အမြဲရှိနေတတ်တယ်။ *ကောင်းပါပြီ အချစ်ရယ်။ ဒီချောကလက်ပူ နောက် တစ်ကြိမ်ကျ သောက်တာပေါ့။ ခဏနေ ပြန်ခဲ့တော့။ ကိုယ့်မှာ တကယ့်ကို အရေးကြီး လူတွေ့စစ်ဆေးပွဲရှိနေလို့ မင်းကို လေဆိပ်လာကြိုနိုင်မှာ မဟုတ်တော့ဘူး။ အငှား ကားသာ စီးလာခဲ့တော့။ ကိုယ့်လက်ကိုင်ဖုန်း ဖွင့်ထားမယ်။ အရေးအကြောင်း တစ်ခုခုရှိရင် ခေါ်ပါ။ မဟုတ်ရင်တော့ တို့တွေ ဒီည တွေ့တာပေါ့။*

လက်ကိုင်ဖုန်းဆိုလို့ ကျွန်တော်လည်း အိတ်ထဲက လက်ကိုင်ဖုန်းကို ထုတ်ပြီး ချက်ချင်းပဲ ဖွင့်လိုက်တယ်။ ဖုန်းက အကြိမ်ကြိမ်မြည်နေခဲ့တယ်။ တစ်ခါမြည်လိုက်တိုင်း ကျွန်တော့်နှလုံးသားက တစ်ခါ နိုးသွားတယ်။ ဖန်သားပြင်လေးပေါ်မှာ ကျွန်တော့်ကို ခေါ်ထားတဲ့ လူတွေရဲ့ နာမည်တွေကို တွေ့ရတယ်။ ဒါပေမဲ့ တစ်ယောက်မှ ပြန်မဆက်ဖြစ်။ ကျွန်တော်က နာမည်တပ်မထားတဲ့ တစ်ယောက်ယောက် ဆက်လာမှာကို မျှော်နေမိတယ်။ ဘာကြောင့်ဆို အဲဒါ သူ ဖြစ်နိုင်တာကိုး။

mgyee.com

mgyoe.com

SAMPLE BOOK


ကျွန်တော့်ဖုန်းနံပါတ်ကိုသိတာ လူအယောက်နှစ်ဆယ်လောက်ပဲ ရှိတယ်။ သူတို့ကလည်း ဘယ်သူ့ကိုမှ မပေးပါဘူးလို့ ကျိန်ဆိုထားပြီးသား။ ဒါပေမဲ့ အဲဒီလိုနံပါတ်မျိုး ပေါ်မလာ။ အားလုံးက သူငယ်ချင်းတွေနဲ့ ယုံကြည်ရတဲ့ လုပ်ဖော်ကိုင်ဖက်တွေရဲ့ နံပါတ်တွေချည်း။ သူတို့လည်း ဘာတွေ ဖြစ်သွားတာလဲလို့ သိပ်သိချင်နေကြမှာပဲ။

သူတို့က ကျွန်တော် တစ်ခုခု လိုအပ်တာများရှိရင် အကူအညီပေးဖို့ ဆန္ဒရှိကြတယ် (ဒါပေမဲ့ ဘယ်လိုများ ကူညီနိုင်မလဲ)။ တယ်လီဖုန်းက မပြတ်မြည်နေခဲ့တယ်။ ကျွန်တော် ဖြေလိုက်ရမလား၊ သူတို့ထဲက တချို့နဲ့ တွေ့ဖို့ စီစဉ်လိုက်ရမလား။

ကျွန်တော်လည်း ဒီကိစ္စနဲ့ ပတ်သက်ပြီး အဖြေရှာမပြီးမချင်း ဘယ်သူနဲ့မှ မတွေ့ဖို့ ဆုံးဖြတ်လိုက်တယ်။

ကျွန်တော် ဟိုတယ်ဘာရစ်စတောကို ရောက်တယ်။ လာတည်းတဲ့သူကို ကျောချစရာ တစ်နေရာ လာရှာတဲ့ အိမ်မဲ့ရာမဲ့တွေလို မဆက်ဆံဘဲ ဧည့်သည်လို ဆက်ဆံတဲ့ ပဲရစ်က ဟိုတယ်အနည်းငယ်ထဲမှာ ဒီဟိုတယ် ပါတယ်လို့ အက်စသာ ကတော့ အမြဲပြောလေ့ရှိတယ်။ ကျွန်တော့်ကို မိသားစု မိတ်ဆွေတစ်ယောက်လို ဆက်ဆံကြတယ်။ ကျွန်တော် အလွန်လက်ရာမြောက်တဲ့ နာရီတစ်လုံးနားက ခုံကို ရွေးလိုက်တယ်။ စန္ဒရားသံ နားထောင်ရင်း အပြင်ဘက် ဥယျာဉ်ထဲကို ကြည့်နေလိုက်တယ်။

ကျွန်တော့်အနေနဲ့ လက်တွေ့ကျဖို့လိုတယ်။ လုပ်နိုင်တဲ့နည်းလမ်းတွေကို လေ့လာဖို့လိုတယ်။ ဘယ်လိုပဲဖြစ်စေ ဘဝကတော့ ဒီလိုပဲ ဆက်သွားနေမှာပဲ။ မိန်းမပစ်သွားတာခံရတဲ့ ယောကျ်ားတွေထဲမှာ ကျွန်တော်ဟာ ပထမဆုံး မဟုတ်သလို နောက်ဆုံးလည်း မဟုတ်ပါဘူး။ ဒါပေမဲ့ နွေဦးပေါက်ရဲ့ ကနဦးလက္ခဏာတွေ စပြခါစ တောက်ပတဲ့ နေရောင်အောက် လမ်းပေါ်မှာ လူတိုင်း အပြုံးကိုယ်စီနဲ့ ကလေးတွေ သီချင်းဆိုနေကြတယ် ကားသမားတွေက လမ်းသွားလမ်းလာတွေကို ရပ်ပေးနေကြတဲ့ ခုလို သာယာတဲ့ နေ့မျိုးမှာမှ ဒီလိုမျိုး ဖြစ်ရလား။

ကျွန်တော် လက်သုတ်ပဝါကို ကောက်ယူလိုက်တယ်။ ကျွန်တော် ခေါင်းထဲက စိတ်ကူးတွေကို စာရွက်ပေါ် ချရေးထားရမယ်။ အလွမ်းအဆွေးတွေကို တစ်ဖက်မှာ ထားပြီး ဘာလုပ်သင့်သလဲ စဉ်းစားရမယ်။

mgyoe.com

mgyae.com


(က) သူ အမှန်တကယ် ပြန်ပေးဆွဲခံရပြီး လတ်တလောမှာ အသက်အန္တရာယ်ကြုံနေရတယ်လို့ စဉ်းစားကြည့်၊ သူ့ရဲ့ ခင်ပွန်းတစ်ယောက်၊ သူ့ရဲ့ လက်တွဲဖော်တစ်ယောက်အနေနဲ့ ကျွန်တော် သူ့ကို မိုးအဆုံး မြေအနှံ့ ရှာဖွေဖို့လိုမယ်။

ဒီဖြစ်နိုင်ခြေနဲ့ ပတ်သက်ပြီး ပြောရမယ်ဆို သူ နိုင်ငံကူးလက်မှတ် ယူသွားတယ်။ ရဲအနေနဲ့ မသိပေမဲ့ သူ တခြား ကိုယ်ပိုင်ပစ္စည်းလေးတွေ တော်တော်များများလည်း ယူသွားသေးတယ်။ အဲဒီထဲမှာ ပုဂ္ဂိုလ်ထူးတွေရဲ့ ပုံတွေပါတဲ့ လက်ကိုင်ပိုက်ဆံအိတ်လည်း ပါတယ်။ သူ ပြည်ပခရီးသွားတိုင်း အမြဲလို ဆောင်သွားနေကျလေ။ ပြီးတော့ ဘဏ်ကနေ သူ ပိုက်ဆံ ထုတ်သွားသေးတယ်။

ကောက်ချက်။ ။သူ ကြိုတင်ပြင်ဆင်ပြီး ထွက်သွားတာ ရှင်းနေတာပဲ။

(ခ) သူ တစ်ယောက်ယောက်ရဲ့ ကတိစကားကို ယုံစားပြီး လိုက်သွားမိတယ်။ တကယ်တော့ အဲဒါက ထောင်ချောက်ဖြစ်နေတယ်။ အဲဒီလို စဉ်းစားကြည့်ရင်ကော။

ဒီ ဖြစ်နိုင်ခြေနဲ့ပတ်သက်ပြီး ပြောရမယ်ဆို သူအရင်ကလည်း အန္တရာယ်များတဲ့ အနေအထားတွေ သွားဖူးတာပဲ။ သူ့အလုပ်ကိုက မကင်းနိုင်တာကိုး။ ဒါပေမဲ့ အဲဒါမျိုးဆို ကျွန်တော့်ကို အမြဲ သတိပေးလေ့ရှိတယ်။ သူ စိတ်ချလက်ချ ယုံကြည်နိုင်တာ ကျွန်တော်ပဲရှိတာ မဟုတ်လား။ သူ ဘယ်ကို သွားမယ်၊ ဘယ်သူနဲ့တွေ့မယ် (ဒါပေမဲ့ ကျွန်တော့်အပေါ် အန္တရာယ်မရှိအောင် အဲဒီလူတွေရဲ့ နာမည်ဝှက်တွေပဲ ပေးလေ့ရှိတယ်)။ အချိန်တန်လို့ ပြန်ထွက်မလာရင် ကျွန်တော် ဘာလုပ်သင့်သလဲ စသဖြင့် ပြောပြထားတယ်။

ကောက်ချက်။ ။သူ သတင်းပေးတစ်ယောက်နဲ့ သွားတွေ့တာ မဟုတ်နိုင်။

(ဂ) သူ တခြား ယောကျ်ားတစ်ယောက်နဲ့ တွေ့သွားတယ်ဆိုတဲ့ ဖြစ်နိုင်ခြေကို စဉ်းစားကြည့်။ ဒါနဲ့ ပတ်သက်ပြီး ပြန်လည် ချေပစရာ မရှိဘူး။ အနုမာန ယူဆချက်တွေထဲ ဒီတစ်ခုပဲ အဓိပ္ပာယ်ရှိတယ်။ ဒါပေမဲ့ ကျွန်တော် လက်မခံနိုင်သေး။ သူ ကျွန်တော့်ကို အကြောင်းပြချက်တစ်စုံတစ်ရာ မပေးဘဲ အခုလို ထွက်သွားတယ်ဆိုတာ ကျွန်တော် လက်ခံလို့ မရဘူး။

ကျွန်တော်နဲ့ အက်စသာ နှစ်ယောက်လုံးက ဘဝရဲ့ အခက်အခဲတွေကို အတူတကွ ရင်ဆိုင်ရတာကို အမြဲ ဂုဏ်ယူဝင့်ကြွားလေ့ ရှိတယ်။ ကျွန်တော်တို့

mgyae.com

mgoe.com

နာကျင်ခံစားရတာတွေ ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ တစ်ယောက်ကို တစ်ယောက် ဘယ်တော့မှ မလိမ်ခဲ့ဘူး။ တစ်ခုတော့ရှိတယ်။ အပြင်မှာ ရှုပ်လာတဲ့ ဇာတ်လမ်းတွေကိုတော့ ပြန်မပြောကြကြေးပေါ့။ သူ ဒီ မစ်ခေးဆိုတဲ့ တစ်ယောက်နဲ့ တွေ့ပြီးကတည်းက အတော်လေးပြောင်းလဲလာခဲ့တာ ကျွန်တော် သတိထားမိတယ်။ ဒါပေမဲ့ ဒီလောက်နဲ့ ဆယ်နှစ်လောက် ကြာခဲ့ပြီဖြစ်တဲ့ အိမ်ထောင်တစ်ခုကို နိဂုံးချုပ်ဖို့ ထိုက်တန်ရဲ့လား။

အကယ်၍များ သူ အဲဒီတစ်ယောက်နဲ့ ချစ်ကြိုက်မိပြီး အိပ်ဖြစ်ခဲ့တယ် ဆိုရင်တောင်မှ ဒီလို ပြန်လှည့်မရတဲ့ စွန့်စားခန်းခရီး ထွက်ခါနီး ကျွန်တော်တို့ နှစ်ယောက်သား အတူကုန်ဆုံး ဖြတ်ကျော်ခဲ့တဲ့ကာလတွေ၊ အောင်နိုင်ခဲ့တဲ့ အရာတွေကို ပြန်လည် မချိန်ဆသင့်ဘူးလား။ သူ အချိန်မရွေး စိတ်ကြိုက် ခရီး ထွက်နေတာ။ သူ့ အနားမှာ နှစ်နဲ့ချီပြီး မိန်းမဆို မှုးလို့ရှူစရာမရှိတဲ့ စစ်သားတွေ၊ ယောကျ်ား သားတွေဝိုင်းနေတာ ကျွန်တော် တစ်ခွန်းမှမမေး။ သူကလည်း ဘယ်တုန်းကမှ မပြော။ ကျွန်တော်တို့နှစ်ယောက်လုံး လွတ်လွတ်လပ်လပ်ပဲ နေကြတယ်။ ဒီ့အတွက်လည်း ကျွန်တော်တို့ ဂုဏ်ယူကြတယ်။ ဒါပေမဲ့လည်း အကဲစသာတစ်ယောက် ပျောက်သွားပြီး ကျွန်တော်တစ်ယောက်ပဲ မြင်နိုင်တဲ့ လျှို့ဝှက်သတင်း စကားတစ်ခုလို သဲလွန်စ ချန်ထားခဲ့တယ်။ ကျွန်မ ထွက်သွား ပြီတဲ့။

ဘာကြောင့်လဲ။

ဒီမေးခွန်းက ဖြေဖို့ရော ထိုက်တန်ရဲ့လား။

မထိုက်တန်ပါဘူး။ ဘာကြောင့်ဆို အဖြေရဲ့ နောက်ကွယ်မှာ ကိုယ်ချစ်တဲ့ မိန်းမတစ်ယောက်ကို ကျွန်တော် မထိန်းထားနိုင်တဲ့သဘော သက်ဝင်နေခဲ့တယ်။ သူ့ကို တွေ့အောင်ရှာပြီး ပြန်လိုက်ခဲ့ဖို့ ချော့ရမလား၊ သူ့ကို တောင်းတောင်းပန်ပန်နဲ့ နောက်တစ်ကြိမ် အခွင့်အရေးပေးဖို့ တောင်းဆိုရမလား။ အဲဒီလို လုပ်ဖို့ရော ထိုက်တန်ရဲ့လား။

ဒါလည်း အဓိပ္ပာယ်သိပ်မရှိလှ။ အရင် ကျွန်တော်ချစ်တဲ့သူတွေ ကျွန်တော့်ကို ထားသွားတုန်းကလို ခံစားနေလိုက်တာ ကောင်းပါလိမ့်မယ်။ အတိတ်ကလို ကိုယ့်ဒဏ်ရာကိုယ် လျှာနဲ့လျက်ပြီး နေလိုက်တာပဲ ကောင်းပါတယ်။ ခုတစ်လောတော့ ကျွန်တော် သူ့အကြောင်းပဲ စိတ်ထဲ စွဲနေလိမ့်မယ်။ နာကြည်းခံပြင်းနေ လိမ့်မယ်။ ကျွန်တော့်ကို ထားသွားတဲ့ ဇနီးသည်အကြောင်း ခဏ ခဏ ပြောလွန်းလို့

mgyoe.com
SAMPLE BOOK


မိတ်ဆွေအပေါင်းအသင်းတွေလည်း နားငြီးကြလိမ့်မယ်။ ကျွန်တော် နေ့နေ့ ညည သူ့နံဘေးမှာ ရှိခဲ့တဲ့ ကာလတွေကိုပဲ ပြန်လည် သုံးသပ်နေလိမ့်မယ်။ ဖြစ်ပျက်ခဲ့တာတွေအပေါ် လျှောက်လဲချက်ပေးဖို့ ကြိုးစားလိမ့်မယ်။ ကျွန်တော့်မှာ ဘယ်လိုပဲ အကောင်းဆုံးဖြစ်အောင် ကြိုးစားခဲ့လည်း သူ ကျွန်တော့်အပေါ် ရက်စက်လွန်းတယ်လို့ပဲ နိဂုံးမှာ ကောက်ချက်ချမိလိမ့်မယ်။

ကျွန်တော် တခြားမိန်းမတွေ ရှာမယ်။ လမ်းတစ်လျှောက် လျှောက်လာရင်း မိန်းမတွေတွေ့တိုင်း သူများ ဖြစ်နေမလား ကြည့်မိလိမ့်မယ်။ ကျွန်တော် တစ်နေ့လုံး တစ်ညလုံး၊ တစ်ညလုံး တစ်နေ့လုံး ခံစားနေရလိမ့်မယ်။ အဲဒီလိုမျိုး ရက်သတ္တပတ်ပေါင်းများစွာ၊ လပေါင်းများစွာ ကြာနိုင်တယ်။ နှစ်နဲ့ချီတောင် ကြာကောင်း ကြာနိုင်တယ်။ တစ်မနက်မှာ နိုးလာပြီး တခြားအကြောင်းတစ်ခုခု တွေးနေတာ သတိထားမိမှ သြော်… အဆိုးဆုံးကာလ လွန်လာခဲ့ပါလားလို့ သိလိမ့်မယ်။ ကျွန်တော့်နှလုံးသား အညိုအမည်း စွဲကောင်း စွဲလိမ့်မယ်။ ဒါပေမဲ့ ဒီလိုပဲ သက်သာလာပြီး ဘဝရဲ့ အလှတရားကို တစ်ဖန်ပြန်လည် မြင်နိုင်လာပါလိမ့်ဦးမယ်။ အရင်ကလည်း ဒါမျိုး ဖြစ်ခဲ့တယ်။ နောက်လည်း ဒီလိုပဲ ဖြစ်လိမ့်မယ်ဆိုတာ ကျွန်တော် သေချာပါတယ်။ ကေန်းသေ ငွေ လာပါလိမ့်မယ်။ ကျွန်တော့်အနေနဲ့ အချစ်ကို ထပ်မံ ရှာတွေ့ပါလိမ့်မယ်။

တစ်ကိုယ်တည်းသမား သန်းကြွယ်သူဌေးဆိုတဲ့ ကျွန်တော့်ရဲ့အခြေအနေသစ်အပေါ် ခဏလောက် တစိမ့်စိမ့် အရသာခံ တွေးနေမိတယ်။ ကျွန်တော် နေ့ခင်းကြောင်တောင် ဘယ်သူနဲ့မဆို လျှောက်သွားလို့ရတယ်။ နှစ်ပေါင်းများစွာ မသွားဖြစ်တဲ့ ပါတီတွေ တက်လို့ရတယ်။ ဒီသတင်းက အလျင်အမြန် ပြန့်သွားပြီး မိန်းမငယ်လေးတွေ၊ မိန်းမ မငယ့်တငယ်တွေ၊ ချမ်းသာတဲ့မိန်းမတွေ၊ မျှော်မှန်းထားသလောက် မချမ်းသာသေးတဲ့ မိန်းမတွေ၊ ပညာတတ်မိန်းမတွေ၊ ကျွန်တော် ကြားချင်မယ်ထင်တဲ့ စကားပဲပြောဖို့ ကျင့်သားရပြီးသား မိန်းမတွေ စသဖြင့် မိန်းမမျိုးစုံ ကျွန်တော့်တံခါးကို လာခေါက်ကြလိမ့်မယ်။

လွတ်လပ်တဲ့အရသာက ကောင်းလိုက်တာလို့ ကျွန်တော် ယုံကြည်လိုက်ချင်မိတယ်။ တစ်ဖန် လွတ်လပ်ခဲ့ပြန်ပြီပေါ့။ ကျွန်တော့်မှာ ကျွန်တော့်ကို စောင့်နေရှာတဲ့၊ ကျွန်တော့်ကို ဒီလိုမျိုး ထပ်မံအရှုက်ခွဲဖို့ မရှိတဲ့ ကျွန်တော့်ရဲ့ တစ်ဦးတည်းသော အချစ်စစ်ကို ရှာဖွေဖို့ အဆင်သင့် ဖြစ်နေခဲ့တယ်။

mgyoe.com

mgyoe.com

ကျွန်တော် ချောကလက်ပူကို ကုန်အောင်စားပြီး နာရီကိုကြည့်လိုက်တယ်။ ကျွန်တော် လူတွေကြားထဲမှာ သူလိုကိုယ်လို ပျော်နေဖို့ဆိုတာ သိပ်စောသေး မှန်းတော့ သိပါတယ်။ ကျွန်တော့်စိတ်ထဲမှာ အက်စသာတစ်ယောက် အဲဒီတံခါးကနေ ဝင်လာပြီး လှပတဲ့ ပါရှားကော်ဇောကို နင်းလျှောက်ကာ နံဘေးလာထိုင် စကား တစ်ခွန်းမှ မပြောဘဲ စီးကရက်သောက်ကာ ဥယျာဉ်ခြံဝင်းဘက် ကြည့်နေပုံ၊ ကျွန်တော့်လက် ကိုင်လိုက်ပုံကို တစ်ခဏလောက် မြင်ယောင်ကြည့်မိတယ်။ နာရီဝက်လောက် ကြာသွားတယ်။ ဒါ စိတ်ကူးယဉ်သက်သက်ဆိုတာ သဘော မပေါက်မချင်း ကျွန်တော် ဖန်တီးလိုက်တဲ့ ဇာတ်လမ်းမှာ နာရီဝက်လောက် အမှန်တကယ် ယုံကြည်နေမိတယ်။ ကျွန်တော်လည်း အိမ်မပြန်ဖို့ ဆုံးဖြတ်လိုက် တယ်။ ကျွန်တော် ဧည့်လက်ခံကောင်တာကို သွားပြီး အခန်းတစ်ခန်းယူလိုက် တယ်။ ပြီးတော့ သွားပွတ်တံနဲ့ ချွေးနံ့ပျောက်ဆေးတို့ပါ တောင်းလိုက်တယ်။ ဟိုတယ်က လူပြည့်နေပြီ။ ဒါပေမဲ့ မန်နေဂျာက ကျွန်တော့်အတွက် အဆင်ပြေ အောင် စီစဉ်ပေးတယ်။ နောက်ဆုံးတော့ ချစ်စရာကောင်းတဲ့ ဧည့်ခန်းပါပါတဲ့ ဟိုတယ်ခန်းကိုရတယ်။ အခန်းကနေ ပဲရစ်ကို မိုးထားတဲ့ အီဖယ်မျှော်စင်နဲ့ တိုက်ခန်း တွဲတစ်တွဲကို လှမ်းမြင်ရတယ်။ တစ်ခန်းပြီးတစ်ခန်း မီးတွေလင်းလာခဲ့တယ်။ မိသားစုတွေ တနင်္ဂနွေညစာ စုစားကြပြီ။ ရှောင်ဇေလီဇေးမှာ ခံစားရတဲ့ ခံစားမှု ပြန်ပေါ်လာခဲ့တယ်။ ပတ်ဝန်းကျင်က အရာတွေ ပိုပြီးလှပလေ ကျွန်တော့်မှာ ပိုပြီး စုတ်ပြတ်သလို ခံစားရလေပဲ။

ရုပ်မြင်သံကြားမကြည့်။ ညစာ မစား၊ အရှေ့က ကွက်လပ်မှာထိုင်ပြီး ကိုယ့်ဘဝကိုယ် ပြန်ပြောင်းစဉ်းစားမိတယ်။ နာမည်ကြီးစာရေးဆရာ ဖြစ်ချင်တဲ့ လူငယ်လေးတစ်ယောက်။ တကယ့်အခြေအနေက ထင်တာနဲ့ တခြားစီပဲဆိုတာ ရုတ်တရက် သိသွားခဲ့တယ်။ သူ ရေးတာက ဘယ်သူမှ မဖတ်တဲ့ ဘာသာစကား၊ သူနေနေတာက စာဖတ်သူမရှိတဲ့တိုင်းပြည် မဟုတ်လား။ သူ့မိသားစုက သူ့ကို တက္ကသိုလ်တက်စေချင်တယ် (ဘယ်တက္ကသိုလ်ပဲ ဖြစ်ဖြစ် ဘွဲ့တစ်လုံးရ ပြီးတာပဲ သားရယ်၊ မဟုတ်ရင် မင်း လူတစ်လုံး သူတစ်လုံးဖြစ်မှာ မဟုတ်ဘူး)။ သူက နားမထောင်၊ ဟစ်ပီခေတ်ကြီးမှာ ကမ္ဘာအနှံ့လျှောက်သွားခဲ့တယ်။ အဆိုတော် တစ်ယောက်နဲ့တွေ့၊ သီချင်း နည်းနည်းပါးပါး ရေးတယ်။ အဲဒီမှာ ရုတ်တရက် ပိုက်ဆံတွေ အများကြီးရလာခဲ့တယ်။ မိဘစကားနားထောင်ပြီး ဓာတုအင်ဂျင်နီယာ လုပ်ဖို့ ဆုံးဖြတ်ခဲ့တဲ့ ညီမ ဖြစ်သူထက်တောင် ဝင်ငွေကောင်းနေခဲ့တယ်။

mgyoe.com

mgyoe.com

SAMPLE BOOK


ကျွန်တော် သီချင်းတွေ ထပ်ရေးတယ်။ အဆိုတော်လည်း ပိုပိုပြီး အောင်မြင်လာတယ်။ ကျွန်တော် တိုက်ခန်းတချို့ဝယ်တယ်။ အဆိုတော်နဲ့ အဆင်မပြေဖြစ်ပြီး ခွာပြဲတယ်။ ဒါပေမဲ့ ကျွန်တော့်မှာ နောက်ထပ် နှစ်အနည်းငယ်လောက် အလုပ် ဆက်လုပ်နိုင်တဲ့ အရင်းအနှီး အလုံအလောက် ရလိုက်တယ်။ ကျွန်တော် ပထမဆုံးအကြိမ် အိမ်ထောင်ပြုဖြစ်တယ်။ ကျွန်တော့်ထက် အသက်ကြီးတဲ့ မိန်းမတစ်ယောက်နဲ့။ ကျွန်တော် သူ့ဆီက အများကြီး သင်ယူတတ်မြောက်လာခဲ့တယ်။ ချစ်ပွဲဝင်တာ၊ ကားမောင်းတာ၊ အင်္ဂလိပ်စကားပြောတာ၊ နေမြင့်မှ အိပ်ရာထတာ ကအစ ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ခွာပြဲသွားကြတယ်။ အကြောင်းကတော့ သူက ကျွန်တော့်ကို ခံစားမှုပိုင်းမှာ မရင့်ကျက်သေးဘူး၊ နို့ကြီးကြီးနဲ့ ကောင်မမှန်သမျှ လိုက်ချင်နေတာပဲလို့ယူဆလို့။ ကျွန်တော်လည်း ကျွန်တော့်ကို ခံစားမှုပိုင်းအရ တည်ငြိမ်လာအောင် လုပ်ပေးနိုင်မယ်လို့ ယူဆတဲ့မိန်းမတွေနဲ့ ဒုတိယအိမ်ထောင်၊ တတိယအိမ်ထောင် ဆက်ခဲ့တယ်။ ကျွန်တော် လိုချင်တာတော့ ရပါတယ်။ ဒါပေမဲ့ ကျွန်တော် လိုချင်တဲ့ တည်ငြိမ်မှုမျိုးက ငြီးငွေ့မှုရဲ့ နက်ရှိုင်းတဲ့သဘောနဲ့ တစ်သားတည်း ဖြစ်နေခဲ့တယ်။

နောက်ထပ် နှစ်ကြိမ် ကွာရှင်းခဲ့တယ်။ ပြန်လည် လွတ်လပ်သွားပြန်တယ်။ ဒါပေမဲ့ ဒါလည်း ခံစားမှုသက်သက်ပါပဲ။ လွတ်လပ်မှုဆိုတာ ကတိကဝတ်မရှိတာမျိုး မဟုတ်။ ကိုယ့်အတွက် အကောင်းဆုံးဆိုတဲ့အရာကို ရွေးချယ်နိုင်တာ၊ ကိုယ့်ကိုယ်ကိုယ် ကတိကဝတ်ပြုတာမျိုးပါ။ ကျွန်တော် အချစ်ကို ဆက်ရှာဖွေနေခဲ့တယ်။ သီချင်းတွေ ဆက်ရေးနေခဲ့တယ်။ လူတွေက ကျွန်တော့်ကို ဘာလုပ်သလဲလို့မေးရင် စာရေးဆရာလို့ပဲ ပြောတယ်။ သူတို့က ကျွန်တော်ရေးတဲ့ သီချင်းတွေပဲ ကြားဖူးတယ်လို့ပြောရင် ဒါက ကျွန်တော့်အလုပ်ရဲ့ တစ်စိတ်တစ်ပိုင်းပါလို့ ပြောလိုက်တယ်။ သူတို့က တောင်းပန်ပါတယ်၊ ကျွန်တော်ရေးတဲ့စာအုပ် တစ်ခါမှ မကြားဖူးလို့ပါလို့ဆိုရင် ကျွန်တော် တစ်အုပ်ရေးနေပါတယ်လို့ ရှင်းပြလိုက်တယ်။ တကယ်တော့ ဒါ မုသားပါပဲ။ အမှန်တကယ်က ကျွန်တော့်မှာ ပိုက်ဆံ ရှိတယ်၊ အဆက်အသွယ်တွေ ရှိတယ်။ ဒါပေမဲ့ ကျွန်တော့်မှာ စာအုပ်တစ်အုပ် ရေးသားဖို့ သတ္တိမရှိသေးတာပဲ။ ကျွန်တော့်အိပ်မက်က ခုအချိန်မှာ ဖြစ်နိုင်သေးတဲ့အရာပဲ။ ဒါပေမဲ့ ကျွန်တော် ကြိုးစားကြည့်လို့မှ မအောင်မြင်ရင် ကျန်ဘဝတစ်လျှောက်လုံး ဘယ်လို စခန်းသွားရမလဲ ကျွန်တော် မသိဘူး။ ကျွန်တော့်အနေနဲ့ ဘာမှ ဖြစ်မလာ

mgyoe.com

mgyoe.com

တာကို ရင်ဆိုင်ရမှာထက် ဒီအိပ်မက်လေးကိုပဲ ရင်ဝယ်ပိုက်ပြီးနေတာ ပိုမကောင်းဘူးလား။

တစ်ရက် ဂျာနယ်လစ်တစ်ယောက်က ကျွန်တော့်ကို တွေ့ဆုံမေးမြန်းတယ်။ သူက ကျွန်တော့်သီချင်းတွေကို တစ်နိုင်ငံလုံးသိပေမယ့် လူမသိသူမသိဖြစ်နေတဲ့ ကျွန်တော့်ကို ဘယ်လိုများနေမလဲ သိချင်တယ်။ ပုံမှန်အားဖြင့် မီဒီယာတွေမှာ အဆိုတော်ကိုပဲ တွေ့ရလေ့ရှိတယ် မဟုတ်လား။ သူက လှတယ်၊ ပညာတတ်တယ်၊ စကားနည်းတယ်။ အလုပ်ဖိအား တွေ မရှိတဲ့ ပါတီတစ်ခုမှာ ကျွန်တော်တို့ ပြန်တွေ့ကြတယ်။ အဲဒီညပဲ ကျွန်တော် သူ့ကို အိပ်ရာပေါ် အရခေါ်နိုင်ခဲ့တယ်။

ကျွန်တော်ကတော့ သူ့ကို ချစ်မိနေပြီ။ ဒါပေမဲ့ သူက နည်းနည်းမျှ စိတ်မဝင်စား။ ကျွန်တော် ဖုန်းဆက်တိုင်း သူက အလုပ်များနေတယ်ချည်း ပြောတတ်တယ်။ သူ ငြင်းဆန်လေ ကျွန်တော်က ပိုစိတ်ဝင်စားလေပဲ။ နောက်ဆုံးတော့ စနေ၊ တနင်္ဂနွေပိတ်ရက်မှာ မြို့ပြင်က ကျွန်တော့်အိမ်မှာ အချိန်ဖြုန်းကြဖို့ သူ့ကို စည်းရုံးနိုင်ခဲ့တယ်။ (ကျွန်တော်က မိသားစုမှာ သိုးမည်းတစ်ကောင် ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ တစ်ခါတစ်ရံ ကလန်ကဆန့်သမားတွေက ပိုအောင်မြင်တတ်တယ်။ ကျွန်တော်တို့ အပေါင်းအသင်းတွေထဲမှာ ဒီအသက်အရွယ်နဲ့ မြို့ပြင်မှာ အိမ်တစ်လုံးဝယ်နိုင်တာ ကျွန်တော်ပဲ ရှိသေးတယ်။)

ကျွန်တော်တို့ နှစ်ယောက် ပင်လယ်ကြီးကို ခံစားရင်း သုံးရက်လောက် နေခဲ့ကြတယ်။ ကျွန်တော် သူ့ကို ချက်ကျွေးတယ်။ သူက သူ့အလုပ်နဲ့ ပတ်သက်တဲ့ ဇာတ်လမ်းတွေ ကျွန်တော့်ကို ပြောပြတယ်။ အဆုံးမှာ ကျွန်တော့်အပေါ် တွယ်ငြိသွားခဲ့တယ်။ မြို့ကို ပြန်ရောက်တော့ သူ ကျွန်တော့်အခန်းမှာပဲ ပုံမှန်လို လာအိပ်တယ်။ တစ်မနက်မှာ အစောကြီး ထသွားပြီး သူ့ လက်နှိပ်စက် မလာခဲ့တယ်။ အဲဒီနောက်မှာတော့ ဘာတစ်ခွန်းမှ ပြောစရာမလိုဘဲ ကျွန်တော့်အိမ်က သူ့အိမ် ဖြစ်သွားခဲ့တယ်။

အဲဒီမှာ အရင်မိန်းမတွေနဲ့ ကြုံရတဲ့ ပဋိပက္ခမျိုးတွေ ပြန်ပြီးပေါ်လာတော့တယ်။ ကျွန်တော်က စွန့်စားရတာ၊ ဘာဖြစ်မယ်မှန်း မသိနိုင်တာမျိုးတွေကို သဘောကျပေမယ့် မိန်းမတွေကတော့ အမြဲလို တည်ငြိမ်မှုနဲ့ သစ္စာရှိမှုကိုပဲ လိုချင်ကြတယ်။ ဒါပေမဲ့ ဒီတစ်ကြိမ်တော့ ပိုကြာကြာ တွဲဖြစ်တယ်။ ဘယ်လိုပဲဖြစ်စေ နှစ်နှစ် ရှိသွားပြီ။ အက်စသာတစ်ယောက် သူ့ရဲ့ လက်နှိပ်စက်နဲ့ တခြားပါလာတဲ့

mgyoe.com

ပစ္စည်းတွေကို သူ့ အခန်းကို ပြန်ယူသွားဖို့ အချိန်တန်ပြီလို့ ကျွန်တော် ယူဆတယ်။

"ဒီအတိုင်း ဆက်သွားလို့ မဖြစ်တော့ဘူးကွာ"

"ဘာဖြစ်လို့လဲ၊ ရှင်လည်း ကျွန်မကို ချစ်သလို ကျွန်မလည်း ရှင့်ကို ချစ်တာပဲ မဟုတ်လား"

"မသိဘူး၊ မင်းနဲ့အတူနေရတာ မကြိုက်ဘူးလားလို့ မေးရင် ကြိုက်တယ်လို့ ဖြေမှာပဲ၊ ဒါပေမဲ့ တစ်ဖက်မှာ မင်းမရှိဘဲ နေနိုင်သလားလို့ မေးလာရင် ငါကတော့ နေနိုင်တယ်လို့ ဖြေမှာပဲ"

"ကျွန်မအနေနဲ့ ယောက်ျားတစ်ယောက်အဖြစ် မွေးမလာတာ ဝမ်းသာမိတယ်၊ ကျွန်မရဲ့ မိန်းမဘဝကို တအားကျေနပ်တယ်၊ ကျွန်မတို့ မိန်းမတွေကို ကောင်းကောင်းချက်ပြုတ်ဖို့ပဲ ရှင်တို့တွေ မျှော်လင့်ထားကြတယ်၊ ဒါပေမဲ့ တစ်ဖက်မှာ ရှင်တို့ ယောက်ျားတွေကတော့ ဘာမဆို လုပ်နိုင်တယ်လို့ မျှော်လင့်ထားကြတယ်၊ အိမ်စရိတ်ရှာဖို့၊ ချစ်ပွဲဝင်ဖို့၊ ကလေးတွေ စောင့်ရှောက်ဖို့၊ ပိုက်ဆံရှာဖို့၊ အောင်မြင်ထင်ရှားဖို့ စသဖြင့်"

"အဲဒါတွေ တစ်ခုမှ မဟုတ်ပါဘူး၊ ငါ့ဘာသာလည်း ကောင်းကောင်း ပျော်ပါတယ်၊ မင်းနဲ့ အတူနေရတာလည်း ပျော်ပါတယ်၊ ဒါပေမဲ့ ဒီအတိုင်း ဆက်သွားလို့ ဖြစ်မယ် မထင်တော့လို့ပါ"

"ရှင် ကျွန်မနဲ့ အဖော်ပြုပြီးနေတာ ပျော်ပါတယ်၊ ရှင့်ဘာသာ တစ်ယောက်တည်းနေရတာကို မုန်းတာပါ၊ ရှင်က ပိုပြီးအရေးကြီးတဲ့ကိစ္စတွေကို မေ့ထားရအောင် အသစ်အဆန်း တစ်ခုပြီးတစ်ခု အမြဲ ရှာနေခဲ့တယ်၊ သွေးထဲမှာ အက်ဒရီနယ်လင်း (adrenaline) တွေ အမြဲ စီးနေတာမျိုးကို ခံစားချင်တယ်၊ သွေးကြောတွေထဲမှာ စီးနေသင့်တာ သွေးတွေပဲဆိုတာ ရှင် မေ့ထားတယ်"

"ငါ အရေးကြီးတဲ့ကိစ္စတွေကနေ ရှောင်နေတာ မဟုတ်ဘူး၊ ပြောစမ်းပါဦး၊ အဲဒီ အရေးကြီးတယ်ဆိုတဲ့ ကိစ္စတစ်ခုလောက်"

"စာအုပ်တစ်အုပ် ရေးဖို့လေ"

"ငါ အချိန်မရွေး ရေးနိုင်တယ်"

"ဒါဖြင့် ရေးလေ၊ အဲဒီနောက်မှ ရှင်ဆန္ဒရှိရင် ကျွန်မတို့ ကိုယ့်လမ်းကိုယ် သွားကြတာပေါ့"

*

mgyoe.com

mgyoe.com SAMPLE BOOK


သူ့ရဲ့ မှတ်ချက်က အဓိပ္ပာယ် မရှိဘူးလို့ပဲ ကျွန်တော် မြင်တယ်။ ကျွန်တော် ရေးချင်စိတ်ပေါက်လာရင် အချိန်မရွေး ရေးနိုင်တာပဲလေ။ ကျွန်တော် ထုတ်ဝေသူတွေ၊ ဂျာနယ်လစ်တွေ အားလုံး သိနေတာပဲ။ အားလုံးက ကျွန်တော့်ကို အားပေးကြမှာပဲ။ အက်စသာက ကျွန်တော့်ကို ဆုံးရှုံးရမှာစိုးတာနဲ့ ထွင်ပြီး လျှောက် ပြောနေတာ။ ကျွန်တော် သူ့ကို ပြောတာက ကျွန်တော်တို့ ဇာတ်လမ်းဆုံးပြီ၊ ပြီးသွားပြီ ဆိုတာပဲ။ ကျွန်တော် ပျော်အောင် ဘာလုပ်သင့်တယ် ဘာညာ သူ့ ထင်ကြေးနဲ့ ပြောနေတာတွေနဲ့ ဘာမှ မဆိုင်ဘူး။ ဒါက အချစ်နဲ့ ပတ်သက်တဲ့ ကိစ္စ။

အချစ်ဆိုတာ ဘာလဲ သူက မေးတယ်။ ကျွန်တော်လည်း နာရီဝက်လောက် ရှင်းပြတယ်။ အဲဒီမှာ နားလည်လိုက်တာက ကျွန်တော့်အနေနဲ့ ကောင်းကောင်း မဖွင့်ဆိုနိုင်ဘူး ဆိုတာပဲ။

ကျွန်တော့်အနေနဲ့ အချစ်ဆိုတာကို ဘယ်လိုပြောရမှန်း မသိမှတော့ စာအုပ်ရေးဖို့ပဲ ကြိုးစားသင့်တယ်လို့ ဆိုတယ်။

ကျွန်တော်လည်း ဒီနှစ်ခုက လုံးလုံးမှ မဆိုင်တာလို့ ပြောလိုက်တယ်။ ကျွန်တော် ဒီနေ့ပဲ ဒီအခန်းက ပြောင်းမယ်၊ သူ ကြိုက်သလောက် ဆက်နေနိုင်တယ်။ သူနေဖို့ တခြားတစ်နေရာ ရှာမတွေ့မချင်း ကျွန်တော် ဟိုတယ်မှာပဲတည်းပြီး နေမယ်။ သူက သူ့အဖို့ အဆင်ပြေတယ်။ မနက်ဖြန်က စပြီး နေရာသစ်ရှာမယ်။ တစ်လအတွင်း ဆင်းပေးမယ်။ ကျွန်တော် အခုသွားနိုင်ပြီလို့ ဆိုတယ်။ ကျွန်တော်လည်း အထုပ်အပိုးပြင်တယ်။ သူ သွားပြီး စာအုပ်တစ်အုပ် ဖတ်နေတယ်။ ကျွန်တော်က ခုအချိန်လင့်ပြီ မနက်ဖြန်မှပဲ သွားတော့မယ်လို့ ပြောလိုက်တယ်။ သူက ကျွန်တော် အခုပဲ သွားသင့်တယ်။ မနက်ဖြန်ဆို ဒီလောက် စိတ်ခိုင်တော့မှာ မဟုတ်ဘူးလို့ ဆိုတယ်။ ကျွန်တော်လည်း ကျွန်တော့်ကို မောင်းထုတ် နေတာလားလို့ သူ့ကို မေးလိုက်တယ်။ ဇာတ်လမ်းကို အဆုံးသတ်ချင်တာ ရှင်ပဲလေလို့ ရယ်ရယ်မောမောနဲ့ ပြောတယ်။ ကျွန်တော်တို့လည်း အိပ်ရာဝင်ကြတယ်။ နောက်တစ်နေ့မှာတော့ ထွက်သွားဖို့ ဆန္ဒက သိပ်ပြီး အလောတကြီး မရှိလှတော့ဘူး။ ကျွန်တော်လည်း ပြန်စဉ်းစားဖို့ ဆုံးဖြတ်လိုက်တယ်။

ဒါပေမဲ့ အက်စသာကတော့ ဒီကိစ္စက မပြီးပြတ်သေးဘူး။ ကျွန်တော့်အနေနဲ့ ရှင်သန်နေရတဲ့ တကယ့်အကြောင်းရင်းလို့ ယုံကြည်ထားတဲ့အရာအတွက် အားလုံးကို စွန့်လွှတ်စွန့်စားဖို့ ငြင်းနေဦးမယ်ဆို ဒီအဖြစ်မျိုး ထပ်တလဲလဲ ကြုံရ

mgyoe.com

mgyee.com  SAMPLE BOOK 

ဦးမှာပဲ၊ အဆုံးမှာ သူပဲ စိတ်ဆင်းရဲတာနဲ့ ကျွန်တော့်ကို ထားရစ်လိမ့်မယ်လို့ ဆိုတယ်။ ခြင်းချက်အနေနဲ့ သူ ထွက်သွားရင် သူ ပြန်လာလို့ရမယ့် တံတားတွေ အကုန်လုံး ချက်ချင်း မီးရှို့ဖျက်ဆီးပစ်လိမ့်မယ်။ ကျွန်တော်လည်း သူ ဘာကို ဆိုလိုတာလဲလို့ မေးလိုက်တယ်။ နောက်ထပ် ရည်းစားတစ်ယောက်နဲ့ ကြိုက်သွားတာမျိုးလို့ သူက ဆိုတယ်။

သူလည်း အလုပ်ရှိရာ သတင်းစာတိုက်ကို ထွက်သွားတယ်။ ကျွန်တော် တစ်ရက်လောက်ခွင့်ယူဖို့ ဆုံးဖြတ်လိုက်တယ် (သီချင်းရေးတဲ့ အလုပ်အပြင် တေးသံသွင်းကုမ္ပဏီတစ်ခုမှာလည်း ကျွန်တော် အလုပ်လုပ်တယ်)။ ကျွန်တော် လက်နှိပ်စက်ရှေ့မှာ ထိုင်လိုက်တယ်။ တစ်ခါ ပြန်ထပြီး စာစောင်တွေ ဖတ်တယ်။ ချက်ချင်းပြန်ဖို့လိုတဲ့စာတွေကို စာပြန်တယ်။ အဲဒါတွေ ပြီးတော့ ချက်ချင်းပြန်ကြားဖို့ မလိုတဲ့စာတွေကို စပြန်တယ်။ ကျွန်တော် လုပ်ရမယ့် အလုပ်တွေကို တန်းစီမှတ်တယ်၊ ဂီတနားထောင်တယ်၊ လမ်းကိုပတ်ပြီး လျှောက်တယ်၊ မုန့်ဖုတ်သမားနဲ့ စကားစမြည်ပြောတယ်၊ အိမ်ပြန်လာတယ်။ တစ်နေ့သာကုန်သွားတယ် ကျွန်တော် ဝါကျတစ်ကြောင်း မရေးဖြစ်။ ကျွန်တော် အက်စသဲ့ကို မုန်းတီးမိတယ်။ ကျွန်တော် မလုပ်ချင်တဲ့ အလုပ်ကို အတင်းလုပ်ခိုင်းတယ် မဟုတ်လား။

အိမ်ပြန်လာတော့ သူ ကျွန်တော့်ကို တစ်ခွန်းမှ မမေး၊ ဒါပေမဲ့ ကျွန်တော် စာတစ်လုံးမှ မရေးနိုင်ခဲ့ဘူးလို့ ဝန်ခံလိုက်တယ်။ ကျွန်တော့်မျက်လုံး တွေက မနေ့ကလိုပဲလို့ သူက ပြောတယ်။

နောက်တစ်နေ့မှာ ကျွန်တော် အလုပ်သွားတယ်၊ ဒါပေမဲ့ အဲဒီ ညနေမှာ လက်နှိပ်စက်ရှိရာစားပွဲကို တစ်ဖန်သွားပြန်တယ်။ ကျွန်တော် စာဖတ်တယ်၊ ရုပ်မြင်သံကြားကြည့်တယ်၊ သီချင်းနားထောင်တယ်၊ စက်ရှိရာ ပြန်သွားတယ်။ ဒီလိုနဲ့ နှစ်လ ကုန်သွားတယ်။ အစ တစ်ကြောင်းပဲ ရေးထားတဲ့ စာမျက်နှာတွေ ပုံပုံလာတယ်။ ဒါပေမဲ့ ကျွန်တော် စာတစ်ပုဒ်ပြီးအောင် မရေးနိုင်ခဲ့။

ဖြစ်နိုင်တဲ့ ဆင်ခြေဆင်လက်တွေ အကုန်လုံး ကျွန်တော့်ခေါင်းထဲ ပေါ်လာတယ်။ ဒီတိုင်းပြည်မှာ ဘယ်သူမှလည်း ဖတ်မှာ မဟုတ်ပါဘူး၊ ငါ့မှာ ဇာတ်ကွက် မချရသေးဘူး။ ငါ့မှာ အပုံစားဇာတ်ကွက်တော့ ရှိတယ်။ ဒါပေမဲ့ အဲဒါကို ဘယ်လို တစ်ဆင့်ချင်းပြမလဲဆိုတာ စဉ်းစားနေတုန်းပဲ။ ငါ့မှာ ဆောင်းပါး တစ်ပုဒ်၊ ဒါမှမဟုတ် သီချင်းတစ်ပုဒ်ရေးနေတာနဲ့ တကယ့်ကို မအားဘူးလေ။

mgyee.com

mgpoe.com

နောက်ထပ်နှစ်လ ကုန်သွားတယ်။ တစ်ရက်မှာ သူ လေယာဉ်လက်မှတ် တစ်စောင်ကိုင်ပြီး အိမ်ပြန်လာခဲ့တယ်။

သူက -

"တော်လောက်ပြီ၊ ရှင် အလုပ်များသယောင်ယောင်၊ တာဝန်တွေနဲ့ ပိနေသယောင်ယောင်၊ လောကကြီးကပဲ ရှင် အခုလုပ်နေတဲ့အလုပ်တွေကို လိုအပ်နေသယောင်ယောင် ဟန်ဆောင်နေတာ ရပ်တန်းက ရပ်ပါတော့၊ ခဏလောက် ခရီးထွက်လိုက်ပါ"

ကျွန်တော့်အနေနဲ့ ကျွန်တော့်ဆောင်းပါးတွေ ဖော်ပြတဲ့ သတင်းစာမှာ အချိန်မရွေး အယ်ဒီတာ လုပ်နိုင်တာပဲ။ အဲဒီလိုပဲ ကျွန်တော် သီချင်းရေးနေတဲ့ ဓာတ်ပြားတိုက်မှာ ဉက္ကဋ္ဌ ဖြစ်နိုင်တာပဲ။ ဘာကြောင့်ဆို ပြိုင်ဘက်ကုမ္ပဏီအတွက် ကျွန်တော် သီချင်းရေးပေးမှာ သူတို့ မလိုလားဘူးလေ။ အခု ကျွန်တော်လုပ်နေတဲ့ အလုပ်တွေကို အချိန်မရွေး ပြန်လုပ်လို့ရတယ်။ ဒါပေမဲ့ ကျွန်တော့်အိပ်မက်ကတော့ လက်ခံသည်ပဲ ဖြစ်စေ၊ မေ့သွားသည်ပဲ ဖြစ်စေ စောင့်နေမှာ မဟုတ်။

"ဘယ်ရောက်မယ့် လက်မှတ်လဲ"

"စပိန်"

ကျွန်တော် လန့်ဖျပ်သွားတယ်။ လေယာဉ်လက်မှတ်က ဈေးကြီး လှတယ်။ ဒီ့အပြင် ကျွန်တော် အခုလည်း မသွားနိုင်သေးဘူး။ ကျွန်တော့် မှာ အသက်မွေးဝမ်းကျောင်းအလုပ် ရှိသေးတယ်။ ကျွန်တော့်အနေနဲ့ ဒီအလုပ်ကို ဂရုစိုက်ဖို့လိုတယ်။ ဂီတမိတ်ဖက်အများကြီးကို ဆုံးရှုံးရရင် ပြဿနာက ကျွန်တော် မဟုတ်ဘူး၊ ကျွန်တော်တို့အိမ်ထောင်ရေးပဲ ဖြစ်မယ်။ ကျွန်တော် တကယ်ပဲ စာရေးချင်စိတ်ပေါက်လာရင် ဘယ်သူမှ ကျွန်တော့်ကို တားနိုင်မှာ မဟုတ်။

"ရှင် ရေးနိုင်တယ်၊ ရှင် ရေးချင်တယ်၊ ဒါပေမဲ့ ရှင်မရေးဘူး၊ ပြဿနာက ကျွန်မ မဟုတ်ဘူး၊ ရှင်ပဲ၊ ဒီ့အတွက် အချိန်အတိုင်းအတာတစ်ခုအထိ ရှင့်ဘာသာ တစ်ယောက်တည်းနေတာ အကောင်းဆုံး ဖြစ်မယ်"

သူက ကျွန်တော့်ကို မြေပုံတစ်ပုံပြတယ်။ ကျွန်တော် မက်ဒရစ်ကို အရောက်သွား။ အဲဒီရောက်ရင် ပြစ်သစ်နဲ့ ကပ်နေတဲ့ ပစ်ရစ်နီးစ်ကို သွားမယ့် ဘတ်စ်ကားတက်စီး။ အဲဒီ နေရာက အလယ်ခေတ် တရားရှာခရီးလမ်းကြောင်းဖြစ်တဲ့ စန်တီယေးဂိုးလမ်းမကြီး စတဲ့ နေရာပဲ၊ ကျွန်တော့်အနေနဲ့ တစ်လမ်းလုံး လမ်းလျှောက် ရမယ်။ သူ လမ်းဆုံးကနေ စောင့်နေလိမ့်မယ်။ အဲဒီကျရင် သူ ကျွန်တော် ပြောသမျှ

mgpoe.com

mgyoe.com
SAMPLE BOOK


လက်ခံလိမ့်မယ်။ ကျွန်တော် သူ့ကို မချစ်တော့ဘူးလို့ပဲ ပြောပြော၊ ကျွန်တော့်မှာ စာပေလက်ရာတစ်ခု ဖန်တီးနိုင်လောက်အောင် ဝမ်းစာ မရှိသေးဘူး လို့ပဲ ပြောပြော၊ စာရေးဆရာဖြစ်ဖို့ စဉ်းတောင် မစဉ်းစားချင်တော့ဘူးလို့ပဲ ပြောပြော၊ ဘာမှ မဟုတ်တဲ့ ဆယ်ကျော်သက်တာဝ စိတ်ကူးယဉ်အိပ်မက် သက်သက်ပါလို့ပဲ ပြောပြော သူ လက်ခံလိမ့်မယ်။

ဒါ သက်သက်ရူးတာပဲ၊ ကျွန်တော်နဲ့ နှစ်နှစ်လောက် အတူနေခဲ့တဲ့ မိန်းမက (သမီးရည်းစားဘဝမှာ ဒါ တကယ့်ကို ထာဝရလောက်ကြာတဲ့ သက်တမ်းပါ) ကျွန်တော့်ဘဝနဲ့ ပတ်သက်ပြီး ဆုံးဖြတ်ချက်တွေ ချနေခဲ့တယ်။ ကျွန်တော့် အလုပ်ကို စွန့်လွှတ်ဖို့ ဖိအားပေးပြီး တိုင်းပြည်တစ်နံတစ်လျား လမ်းလျှောက်သွားဖို့ မျှော်လင့်နေခဲ့တယ်။ ဒါ တကယ့်ကို ရူးနှမ်းလွန်းတဲ့အတွက် ကျွန်တော်လည်း အလေးအနက်စဉ်းစားဖို့ ဆုံးဖြတ်ခဲ့တယ်။ ကျွန်တော် ညပေါင်းများစွာ သူ့ကို ဘေးထားပြီး အရက်သောက်တယ်။ သူ့မှာ အရက်ကို မုန်းပေမယ့် အတူတူ လိုက်သောက်တယ်။ ကျွန်တော်လည်း ရန်လိုကြမ်းတမ်းလာတယ်။ ကျွန်တော် ပြောလိုက်တယ်။ သူ ကျွန်တော့်ရဲ့ လွတ်လပ်မှုအပေါ် မနာလိုဖြစ်နေတာပဲ။ ဒီ ရူးသွပ်တဲ့ စိတ်ကူးတစ်ခုလုံးက ကျွန်တော် သူ့ကို ထားခဲ့မယ်လို့ ပြောလိုက်တဲ့ အတွက်ကြောင့် ပေါ်လာတာပဲ။ သူက ပြောတယ်၊ ကျွန်တော် ကျောင်းမှာ ကတည်းက စာရေးဆရာတစ်ယောက်ဖြစ်ဖို့ စိတ်ကူးခဲ့တာမဟုတ်လား။ ထပ်ထပ် ပြီး ရွှေ့မနေပါနဲ့တော့။ ကျွန်တော် အခုမှ ရင်မဆိုင်ရင် တစ်သက်လုံး ညားလိုက် ကွဲလိုက်ဖြစ်နေမှာပဲ။ အတိတ်က ချစ်စရာ ဇာတ်လမ်းလေးတွေ ပြောလိုက်နဲ့ပဲ မှန်မှန်လေး ကျဆင်းလာလိမ့်မယ်။

ကျွန်တော့်အနေနဲ့ သူ မှန်ပါတယ်လို့တော့ ဘယ်ဝန်ခံလို့ ဖြစ်မလဲ၊ ဒါပေမဲ့ သူ အမှန်တွေပြောနေမှန်းတော့ သိပါတယ်။ ဒါကို ပိုပြီး သတိပြုမိလေ ကျွန်တော့်မှာ ပိုပိုပြီး ခက်ထန်လာလေပဲ။ သူက ကျွန်တော့်ရဲ့ ခက်ထန်ကြမ်းတမ်း လာမှုကို စောဒကမတက် လက်ခံတယ်။ သူက လေယာဉ်ထွက်မယ့်ရက် နီးလာပြီ ဆိုတာပဲ သတိပေးတယ်။

အဲဒီရက်ရောက်ခါနီး တစ်ည၊ သူက ချစ်ပွဲဝင်ဖို့ ငြင်းတယ်။ ကျွန်တော် လည်း ဆေးခြောက်တစ်လိပ်လုံး ရှူတယ်၊ ဝိုင်နှစ်ပုလင်း သောက်တယ်၊ ဧည့်ခန်း လယ်မှာ မူးလဲပြီး ခဏသတိလစ်သွားတယ်။ သတိလည်လာတဲ့အခါ ကျွန်တော်

mgyoe.com

mgyoe.com

ဟာ တွင်းဆုံးကျနေခဲ့ပြီဆိုတာ နားလည်လိုက်တယ်။ အခုတော့ ထိပ်ကို ပြန်ကုတ်ကတ်တက်ဖို့ပဲ ရှိတော့တယ်။

ကိုယ့်ကိုယ်ကိုယ် သတ္တိကောင်းလှချည်ရဲ့ ဆိုပြီး ဂုဏ်ယူလေ့ရှိတဲ့ ကျွန်တော့်မှာ တကယ်တမ်း ကိုယ့်ဘဝနဲ့ပတ်သက်ပြီး ဘယ်လောက်များ သတ္တိကြောင်၊ နှမြောတွန့်တိုပြီး မစွန့်စားရဲသလဲဆိုတာ မြင်လာခဲ့တယ်။ အဲဒီ မနက်ပဲ ကျွန်တော် သူ့ကို အနမ်းနဲ့နှိုးပြီး သူ တိုက်တွန်းတဲ့အတိုင်း လုပ်ပါတော့မယ်လို့ ပြောလိုက်တယ်။

ကျွန်တော် ခရီးစထွက်လာလိုက်တာ စန်တီယေးဂိုးလမ်းမကြီးအတိုင်း သုံးဆယ့်ရှစ်ရက် လျှောက်ခဲ့ရတယ်။ ရောက်ရောက်ချင်းပဲ နားလည်လိုက်တယ်။ ကျွန်တော့်ရဲ့ တကယ့်ခရီးက ခုမှ စရမှာလို့။ ကျွန်တော် အက်စသာရဲ့ ခန္ဓာကိုယ်နဲ့ သမုဒ္ဒရာကြီးခြားနေအောင် ကျွန်တော့်ရဲ့ သီချင်းရေးခတွေနဲ့ မက်ဒရစ်မှာ စတည်းချဖို့ ဆုံးဖြတ်လိုက်တယ်။ တစ်ဖက်မှာလည်း ကျွန်တော်တို့က တရားဝင်လင်မယားပဲ၊ အမြဲ ဖုန်းထဲမှာ တွေ့နေတာပဲ။ ကမ္ဘာကြီးထဲ လွတ်လွတ်လပ်လပ် ပျော်ပါးရင်း အချိန်မရွေး ပြန်လည်ခိုလှုံစရာ ရင်ခွင်ရှိတဲ့ အိမ်ထောင်သည်ဘဝက သိပ်ကို သက်သောင့်သက်သာ ရှိလှတယ်။

ကျွန်တော် ကတ်တလန် သိပ္ပံပညာရှင်တစ်ယောက်နဲ့ ကြိုက်တယ်၊ လက်ဝတ်ရတနာလုပ်တဲ့ အာဂျင်တိုင်းအမျိုးသမီးတစ်ယောက်နဲ့ ကြိုက်တယ်၊ မြေအောက်ဘူတာရုံမှာ သီချင်းဆိုတဲ့ မိန်းမငယ်လေးတစ်ယောက်နဲ့ ကြိုက်တယ်။ ကျွန်တော့် သီချင်းရေးခတွေက ဝင်လာမစဲ တသဲသဲပဲ ဆိုတော့ ကျွန်တော့်မှာ ဘာအလုပ်မှ မလုပ်ဘဲ သက်သောင့်သက်သာ နေလို့ရတယ်။ လုပ်ချင်တာလုပ်ဖို့ အချိန်တွေ အများကြီးရတယ်။ စာအုပ်တစ်အုပ်တောင် ရေးလို့ ရတယ်။

စာအုပ်က နောက်နေ့မှ ရေးလည်း ရတယ်။ ဘာကြောင့်ဆို မက်ဒရစ်မြို့တော်ဝန်က မြို့တော်ကို ရှည်လျားတဲ့ ပွဲတော်ကြီး ကျင်းပဖို့ ကြေညာတယ်။ ဆောင်ပုဒ်က စိတ်ဝင်စားစရာပဲ 'မက်ဒရစ်က ငါ့ကို သတ်နေပြီ' တဲ့။ ကျွန်တော်တို့ကို ညစဉ် ဘားတွေ လျှောက်သွားဖို့ တိုက်တွန်းတယ်။ အဲဒီအတွက် 'မက်ဒရစ်ရှုခင်း' ဆိုတဲ့ စကားစုကို ထွင်ထားတယ်။ ဒါမျိုးက နောက်တစ်နေ့ ရွှေ့လို့ရတဲ့ အရာ မဟုတ်။ အားလုံးက ပျော်စရာချည်း။ နေ့တွေက တိုပြီး ညတွေက ရှည်လှတယ်။

တစ်ရက် အက်စသာက ဖုန်းဆက်တယ်။ သူ ကျွန်တော့်ဆီလာဖို့ လုပ်နေတယ်တဲ့။ သူ့ အဆိုအရ ကျွန်တော်တို့ရဲ့ အနေအထားကို တစ်ခါတည်း

mgyoe.com

mgyoe.com 
SAMPLE BOOK


အပြတ်ရှင်းဖို့လိုပြီတဲ့။ သူက နောက်အပတ်ထဲ လေယာဉ်လက်မှတ် ဝယ်ထားတယ်။ ဒီ့အတွက် ကျွန်တော့်မှာ ဆင်ခြေတွေ တစ်လှေကြီးပေးပြီး စီစဉ်စရာရှိတာ စီစဉ်ဖို့ ကောင်းကောင်း အချိန်ရတယ်။ (ငါ ပေါ်တူဂီသွားဖို့ရှိတယ်၊ ဒါပေမဲ့ ငါ တစ်လအတွင်း ပြန်လာမယ်လို့ ဘူတာမှာ သီချင်းဆိုတဲ့ ရွှေရောင်ဆံပင်နဲ့ ကောင်မလေးကို ပြောလိုက်တယ်။ သူက အခု ကျွန်တော်ငှားနေတဲ့ အခန်းမှာ လာအိပ်တယ်။ ညတိုင်း သူနဲ့ ထွက်ပြီး မက်ဒရစ်ရှုခင်းထဲ လည်ပတ်ကြတယ်။) အခန်းကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ရှင်းပြီး မိန်းမတစ်ယောက်နေခဲ့တဲ့ ခြေရာလက်ရာတွေ အကုန် ဖျောက်ဖျက်ပစ်ရတယ်။ ကျွန်တော့် အပေါင်းအသင်းတွေကိုလည်း ကျွန်တော့်မိန်းမ တစ်လလောက် လာနေလိမ့်မယ်၊ တစ်ခွန်းမှမဟပါနဲ့လို့ နှုတ်ပိတ်ထားရတယ်။

လေယာဉ်ပေါ်က ဆင်းလာတဲ့ အက်စသာက ရုပ်ပျက်ဆင်းပျက် ဆံပင်ပုံစံနဲ့ မမှတ်မိနိုင်လောက်အောင်ပဲ။ ကျွန်တော်တို့တွေ စပိန်အတွင်းပိုင်း မြို့လေးတွေကို ခရီးထွက်ကြတယ်။ တစ်ညတည်းနဲ့ သွားတာတွေက စုံနေတာပဲ။ ကနေ့ အဲဒီကို ပြန်သွားရင်တောင် မမှတ်မိတော့ဘူး။ ကျွန်တော်တို့တွေ နွားရိုင်းသတ်ပွဲ သွားတယ်။ ဖလာမန်ဂို (ဂီတာဖြင့် သွက်သွက်သီဆိုကခုန်ရသည့် စပိန်အက) ကပွဲတွေ သွားကြည့်တယ်။ ကျွန်တော် သူ့ကို ချစ်နေသေးပါလားဆိုတဲ့ ခံစားချက်နဲ့ အိမ်ပြန်သွားစေချင်တယ်။ ဒီ့အတွက် ကမ္ဘာပေါ်မှာ အကောင်းဆုံး ယောကျ်ားလိုမျိုး ကျွန်တော် နေပြတယ်။ ဘာကြောင့် ဒီလိုမြင်စေချင်သလဲတော့ ကျွန်တော် မသိဘူး။ ဖြစ်နိုင်တာကတော့ မက်ဒရစ်အိပ်မက် တစ်နေ့ အဆုံးသတ်သွားလိမ့်မယ်ဆိုတာ ကျွန်တော့်စိတ်ထဲ သိနေလို့ ဖြစ်မယ်။

ကျွန်တော် သူ့ ဆံပင်ပုံစံကို စောဒကတက်တော့ သူ ဆံပင်ပုံစံ ပြောင်းလိုက်တာ ပြန်လှသွားတယ်။ သူ့ရဲ့ အားလပ်ရက်က ဆယ်ရက်သာ ကျန်တော့တယ်။ ကျွန်တော်က ကျွန်တော့်ကို သတ်နေတဲ့ ဒီမက်ဒရစ်မှာ ထားခဲ့ပြီး သူ့ကို ပျော်ပျော်ရွှင်ရွှင်နဲ့ အိမ်ပြန်သွားစေချင်တယ်။ ဒီမှာက မနက်ဆယ်နာရီ ဆိုဒစ်စကိုတား ဖွင့်ပြီ။ နွားရိုင်းသတ်ပွဲတွေ ရှိမယ်။ ဒီအကြောင်းအရာတွေပဲ ထပ်တလဲလဲ မဆုံးတမ်းပြောနေကြတဲ့ စကားဝိုင်းတွေ ရှိမယ်။ အရက်ရယ်၊ မိန်းမရယ်၊ နောက်ထပ် နွားရိုင်းသတ်ပွဲတွေရယ်။ နောက်ထပ် နောက်ထပ် အရက် ဝိုင်းတွေ၊ နောက်ထပ် နောက်ထပ် မိန်းမတွေနဲ့ အချိန်ဇယားဆိုတာ လုံးလုံးကို မရှိ။

mgyoe.com

mgyoe.com

တနင်္ဂနွေတစ်နေ့ ညလုံးပေါက်ဖွင့်တဲ့ဘားရှိရာ ကျွန်တော်တို့ လမ်းလျှောက်အသွား သူက မပြောဘဲ ရှောင်နေတဲ့ အကြောင်းအရာကို ဖွင့်ဟလာတယ်။ ကျွန်တော်ရေးနေတယ်ဆိုတဲ့ စာအုပ်ကိစ္စ။ ကျွန်တော်လည်း ရှယ်ရီတစ်ပုလင်းလုံး မော့လိုက်ပြီး အပြန်လမ်းမှာ တွေ့သမျှ သံတံခါးတွေ ပိတ်ကန်၊ လမ်းပေါ်မှာ တွေ့တဲ့သူတွေကို ဆဲဆိုကြိမ်းမောင်းပြီး သူ့ကို မေးလိုက်တယ်။ ဒီလောက် အဝေးကြီးကနေ ဒုက္ခခံလာတဲ့ ရည်ရွယ်ချက်က ကျွန်တော့်ရဲ့ပျော်ရွှင်မှုကို ဖျက်ဆီးပြီး ကျွန်တော့်ဘဝကို ငရဲကျအောင် လုပ်ဖို့လားလို့။

သူက တစ်ခွန်းမှ ပြန်မပြော။ ဒါပေမဲ့ စိတ်ထဲမှာတော့ ကျွန်တော်တို့ရဲ့ ပတ်သက်မှုက အကန့်အသတ်တစ်ခုကို ရောက်ခဲ့ပြီဆိုတာ နှစ်ယောက်လုံး နားလည်လိုက်ကြတယ်။ ကျွန်တော် အိပ်မက်တောင် မမက်နိုင်ဘဲ အိပ်မောကျ သွားတယ်။

နောက်တစ်နေ့ မနက်ရောက်တော့ အဆောက်အအုံ မန်နေဂျာကို ဖုန်းက အလုပ်မလုပ်ဘူးလို့ ပြဿနာရှာတယ်။ အိပ်ရာခင်းတွေ တစ်ပတ်ရှိပြီ သန့်ရှင်းရေး အမျိုးသမီး လဲမပေးသေးလို့ တိုင်တယ်။ ပြီးတော့ ညက အရက်နာကျတာကို ပျောက်သွားအောင် ရေကို အကြာကြီး စိမ်ချိုးနေလိုက်တယ်။ ဒီ့နောက် ကျွန်တော့် လက်နှိပ်စက်ရှေ့မှာ ထိုင်လိုက်တယ်။ ဘာမှမဟုတ်ဘူး၊ အက်စသာကို ကျွန်တော် ရိုးရိုးသားသား ကြိုးစားပြီး ရေးနေတယ်ဆိုတာ ပြချင်လို့။

အဲဒီမှာ ရုတ်တရက် အံ့ဖွယ်ကိစ္စ ကြုံလာရတယ်။ ခုပဲ ကော်ဖီဖျော်ပြီး သတင်းစာဖတ်နေတဲ့ အမျိုးသမီးကို ကျွန်တော် လှမ်းကြည့်လိုက်တယ်။ သူ့ မျက်လုံးတွေက နွမ်းနယ်ပြီး မျှော်လင့်ချက်ကင်းမဲ့လို့ ထုံးစံအတိုင်း နှုတ်ဆိတ်လို့နေတယ်။ သူက တွယ်တာမှုကို အမူအရာနဲ့ ပြတတ်သူ မဟုတ်။ ဒီ အမျိုးသမီးက ကျွန်တော် no လို့ ပြောချင်တဲ့အခါ yes လို့ပြောလာအောင် လုပ်တဲ့ အမျိုးသမီး။ ကျွန်တော့်အဖို့ ရှင်သန်နေရတဲ့ အကြောင်းတရားလို့ သူ ယုံကြည်ထားတဲ့ အရာအတွက် တိုက်ပွဲဝင်ဖို့ ကျွန်တော့်ကို တွန်းအားပေးသူ။ သူ့ကိုယ်သူထက် ကျွန်တော့်အပေါ် အချစ်ပိုတဲ့အတွက် ကျွန်တော့်ကို တစ်ယောက်တည်း လွှတ်ပေးထားသူ။ ကျွန်တော့်အိပ်မက်တွေကို အမှန်တကယ် ရှာဖွေဖို့ စီစဉ်ပေးသူ။ တကယ်တော့ စကားနည်းလှတဲ့ ဒီ သေးသေးကွေးကွေး အမျိုးသမီးလေးမှာ မျက်လုံးတွေက စကားလုံးတွေထက် အများကြီး ပိုပြောနေခဲ့တယ်။ စိတ်ထဲမှာ ကြောက်နေပေမယ့်လည်း သတ္တိရှိရှိ ပြုမူလုပ်ရှားတယ်။ သူ့ကိုယ်သူ မနှိမ့်ချဘဲ

mgyoe.com

mgyee.com
SAMPLE BOOK


တစ်စုံတစ်ယောက်ကို ချစ်နိုင်တယ်၊ သူ ချစ်ရတဲ့သူအတွက် တိုက်ခိုက်ရတာကို ဘယ်တော့မှ တောင်းပန်မယ့်သူ မဟုတ်ဘူးဆိုတာ ကျွန်တော် ရုတ်တရက် နားလည်လာခဲ့တယ်။

ကျွန်တော်လည်း ရုတ်တရက် လက်ချောင်းတွေကို လက်ကွက်ပေါ် ဖိချလိုက်တယ်။

ပထမ ဝါကျတစ်ကြောင်း ထွက်လာတယ်။ အဲဒီနောက် ဒုတိယ အကြောင်း။ ကျွန်တော် မစား မသောက်ဘဲ နှစ်ရက်ဆက်တိုက် ရေးတယ်။ အိပ်တယ်ဆိုရုံလောက်ပဲ အိပ်တယ်။ စကားလုံးတွေက မသိနိုင်တဲ့ အရပ်ကနေ စီးဆင်းလာကြသလိုပဲ။

ကျွန်တော် သီချင်းရေးတဲ့အခါ ဖြစ်သလိုပဲ။ အကြီးအကျယ်ငြင်းခုံကာ အဓိပ္ပာယ်မရှိတဲ့ စကားတွေ ပြောပြီးတဲ့နောက် ကျွန်တော့်ဂီတတွဲဖက်နဲ့ ကျွန်တော် သိလိုက်တယ်။ အဲဒီအရာက အဆင်သင့်ဖြစ်နေပြီ၊ စကားလုံးတွေ၊ ဂီတသင်္ကေတ တွေအဖြစ် ချရေးလိုက်ဖို့ အချိန်ရောက်ပြီလို့။ ဒီတစ်ကြိမ်တော့ အဲဒီအရာက အက်စသာရဲ့ နှလုံးသားကလာမှန်း ကျွန်တော် သိတယ်။ ကျွန်တော့်မှာ အချစ် သစ်တစ်ဖန် မွေးဖွားခဲ့ပြီ။ ကျွန်တော် ဝတ္ထုရေးရတဲ့ အကြောင်းက သူ တည်ရှိနေ လို့ပဲ။ ခက်ခဲတဲ့ ကာလတွေကို မညည်းမညူဘဲ သူ့ကိုယ်သူ (ကျွန်တော့်ရဲ့) ဒဏ်ခံရသူလို့ သဘောမထားဘဲ ဆက်ပြီးကျွန်ရစ်နေလို့ပဲ။ ကျွန်တော်လည်း လွန်ခဲ့တဲ့ နှစ်တွေမှာ ကျွန်တော့်ကို အကြီးအကျယ် ရိုက်ခတ်ခဲ့တဲ့ အတွေ့အကြုံကို စပြီး ဖော်ပြလိုက်တယ်။ စန်တီယေးဂိုးသို့သွားရာလမ်း ဆိုတဲ့ ခေါင်းစဉ်နဲ့ပေါ့။

ရေးရင်းနဲ့ ကျွန်တော် နားလည်လာခဲ့တာကတော့ လောကကြီးပေါ်မှာ ကျွန်တော်မြင်တဲ့အမြင်ဟာ ကြီးမားတဲ့ အပြောင်းအလဲတွေ ဆက်တိုက်ကြုံနေခဲ့ ရတယ် ဆိုတာပဲ။ ကျွန်တော် နှစ်ပေါင်းများစွာ မှော်၊ အဂ္ဂိရတ်နဲ့ ဂမ္ဘီရပညာတွေကို လေ့လာလိုက်စားခဲ့တယ်။ ကျွန်တော့်အနေနဲ့ ဒီစွမ်းအားကြီးတဲ့ ပညာရပ်တွေကို လူအများကို အသိမပေးဘဲ သီးသန့်အုပ်စုလေးတစ်စုကပဲ ထိန်းသိမ်းထားဖို့ဆိုတဲ့ အယူအဆကို တအားစိတ်ဝင်စားတယ်။ ဘာကြောင့်ဆို အတွေ့အကြုံ မရှိတဲ့ လူတွေရဲ့ လက်ထဲကို သိပ်ကြီးမားတဲ့ပညာခန်းတွေ ထည့်ပေးလိုက်ဖို့ရာ အန္တရာယ် ကြီးလွန်းလှတယ် မဟုတ်လား။ ကျွန်တော် လျှို့ဝှက်အဖွဲ့အစည်းတွေမှာ အဖွဲ့ဝင် ဖြစ်ခဲ့တယ်။ ထူးဆန်းတဲ့ ဘာသာရေးဂိုဏ်းတွေမှာ ပါဝင်ခဲ့ဖူးတယ်။ သိုသိုဝှက်ဝှက်

mgyee.com

ရောင်းတဲ့ သိပ်ဈေးကြီးတဲ့စာအုပ်တွေဝယ်ပြီး ဘာသာရေးအလေ့အထ၊ ကျင့်စဉ်တွေ အချိန်အများကြီးယူပြီး ကျင့်ခဲ့တယ်။ အထက်ပုဂ္ဂိုလ်တွေကို အကူအညီပေးဖို့ တိုင်တည်ခဲ့တယ်။

ကျွန်တော် ဘာသာရေးဂိုဏ်းအမျိုးမျိုး၊ အဖွဲ့အစည်းအမျိုးမျိုး တစ်ခုပြီး တစ်ခု ကူးပြောင်းနေခဲ့တယ်။ မမြင်နိုင်တဲ့ လောကရဲ့လျှို့ဝှက်ချက်တွေကို အလင်းပြပေးမယ့် ပုဂ္ဂိုလ်ထူးနဲ့ နောက်ဆုံးတစ်နေ့ ဆုံရမယ်ဆိုတဲ့ အတွေးနဲ့ပေါ့။ ဒါပေမဲ့လည်း အဆုံးမှာ ကျွန်တော် စိတ်ပျက်ရတာပဲ ရှိတယ်။ လူအများစုက ဘယ်လိုပဲ ရည်ရွယ်ချက်ကောင်းတွေထားလည်း တရားသေဝါဒနောက် လိုက်ပြီး တစ်ယူသန်သမားတွေ ဖြစ်သွားကြတာပဲ။ ဘာကြောင့်ဆို တစ်ယူသန်ဝါဒကပဲ လူသားဝိညာဉ်ကို အမြဲ ဒုက္ခပေးနေကျ သံသယတွေကို အဆုံးသတ်ပေးနိုင်တာ မဟုတ်လား။

ကျွန်တော်တွေ့ရသလောက် ဘာသာရေးအလေ့အထ ကျင့်စဉ်တွေက တကယ်ကို စွမ်းပါတယ်။ ဒါပေမဲ့လည်း အဲဒီလို ဘဝရဲ့ လျှို့ဝှက်ချက်ကို ဆုပ်ကိုင်ပြီး ကိုယ့်ကိုယ်ကိုယ် ဆရာတစ်ဆူဖြစ်ပြီလို့ ကြွေးကြော်တဲ့သူတွေ၊ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်တဲ့ (လိုရာဆန္ဒပြည့်ဝစေတဲ့၊ သိဒ္ဓိအောင်တဲ့) နည်းစနစ်တွေ ရလိုက်ပြီလို့ဆိုတဲ့သူတွေမှာ ရှေးပညာရပ်တွေရဲ့ အဆိုအမိန့် (သင်ကြားမှု)တွေနဲ့ လုံးလုံးကင်းလွတ်သွားကြတာလည်းပဲ တွေ့နေရတယ်။

စန်တီယေးဂိုးလမ်းမကြီးတစ်လျှောက် လိုက်ပါရင်း၊ သာမန်လူအများနဲ့ ဆက်ဆံရင်း စကြဝဠာကြီးက သူ့ကိုယ်ပိုင်ဘာသာစကားဖြစ်တဲ့ သင်္ကေတတွေနဲ့ ပြောနေပါလား၊ ဒီဘာသာစကားကို နားလည်ဖို့ ကျွန်တော်တို့တွေ ပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတာတွေကို ဖွင့်ထားတဲ့စိတ်နဲ့ စောင့်ကြည့်ဖို့ လိုပါလားလို့ နားလည်လာမိတယ်။ အဲဒီကနေ ဂမ္ဘီရပညာဆိုတာ ဒီလျှို့ဝှက်ချက်တွေကို နားလည်နိုင်ဖို့ တံခါးတစ်ချပ်များ ဖြစ်မလားလို့ တွေးမိလာခဲ့တယ်။

စန်တီယေးဂိုးသွား အတွေ့အကြုံများအကြောင်း ရေးထားတဲ့ ကျွန်တော့်စာအုပ်မှာ ပညာစခန်းတက်လှမ်းဖို့ရာ တခြားဖြစ်နိုင်တဲ့ နည်းလမ်းတွေအကြောင်း ဆွေးနွေးထားပြီး ခုလို အတွေးနဲ့ အဆုံးသတ်ထားတယ်။

'သင့်အနေနဲ့ လုပ်ရမှာက မပြတ် စောင့်ကြည့်နေဖို့ပဲ။ သင့်ဘက်က အဆင်သင့်ဖြစ်တာနဲ့ သင်ခန်းစာတွေက ရောက်လာမှာပဲ။ သင်္ကေတ အမှတ်အသားတွေကို သင် အဓိပ္ပာယ်ကောက်နိုင်တာနဲ့အမျှ နောက်တစ်ဆင့် တက်လှမ်းဖို့ရာ လိုအပ်တာမှန်သမျှ သင် သင်ယူနိုင်လိမ့်မယ်။ ကျွန်တော်တို့ လူသားတွေမှာ အဓိက

mgyoe.com

mgyoe.com SAMPLE BOOK


ပြဿနာကြီးနှစ်ခု ရှိတယ်။ ပထမတစ်ခုက ဘယ်အချိန်စရမလဲဆိုတာ သိဖို့၊ ဒုတိယတစ်ခုက ဘယ်အချိန် ရပ်ရမလဲဆိုတာ သိဖို့ပဲ။'

တစ်ပတ်အကြာ ကျွန်တော် ပထမမူကြမ်း၊ ဒုတိယမူကြမ်းနဲ့ တတိယမူကြမ်း အပြီးသတ်နိုင်ခဲ့တယ်။ မက်ဒရစ်က ကျွန်တော့်ကို သတ်မနေတော့။ အိမ်ပြန်ဖို့ရာ အချိန်တန်ခဲ့ပြီ။ ကျွန်တော့်အနေနဲ့ စက်ဝိုင်းတစ်ပတ်တော့ ဆုံးသွားပြီ၊ နောက်တစ်ခုကို အလောတကြီး ပြန်စဖို့ လိုနေပြီလို့ ခံစားနေရတယ်။ ဘဝတစ်ကွေ့မှာ နှုတ်ဆက်နေကျအတိုင်း မြို့ကြီးကို ဝွတ်ဘိုင်လို့ နှုတ်ဆက်လိုက်တယ်။ တစ်နေ့ ကျွန်တော် စိတ်ပြောင်းပြီး ပြန်လာကောင်း လာဦးမယ်လို့ တွေးရင်းနဲ့ပေါ့။

ကျွန်တော် အက်စသာနဲ့အတူ ကိုယ့်တိုင်းပြည်ကိုယ် ပြန်ခဲ့တယ်။ ပြန်ရောက်ရင် နောက်အလုပ်တစ်ခုရှာမယ်၊ မလုပ်ဖြစ်သေးခင်စပ်ကြား (လုပ်လည်း မလုပ်ဖြစ်ပါဘူး၊ လုပ်ဖို့မှ မလိုတာ) စာအုပ်ကို ဆက်ပြီး ပြင်ဆင်မယ်လို့ ရည်သန်ထားတယ်။ ကျွန်တော့်အနေနဲ့ စပိန်ကို ဖြတ်ပြီး (ရိုမန်တစ်ဆန်ပေမယ့်) ခက်ခဲတဲ့ ခရီးကြမ်းကို သွားခဲ့တဲ့ လူတစ်ယောက်ရဲ့ အတွေ့အကြုံကို ဘယ်သူမှ စိတ်ဝင်စားလိမ့်မယ်လို့ မထင်ဘူး။

လေးလအကြာ ကျွန်တော် ဆယ်ကြိမ်မြောက် စာမူကြမ်းနဲ့ အလုပ်ရှုပ်နေတုန်း အက်စသာတစ်ယောက် လက်နှိပ်စက်စာမူနဲ့အတူ ပျောက်သွားတာ သိလိုက်တယ်။ ကျွန်တော့်မှာ ပူပင်သောကနဲ့ ရူးမတတ်ဖြစ်နေချိန် သူ စာတိုက်ကနေ လက်ခံပြေစာနဲ့အတူ ပြန်ရောက်လာတယ်။ သူက အခု ထုတ်ဝေရေးတိုက်လေး ထောင်ထားတဲ့ သူ့ရဲ့ အရင်ရည်းစားဟောင်းရှိရာ စာမူသွားပို့တာ။

ရည်းစားဟောင်းက စာအုပ်ကို ထုတ်တယ်။ စာစောင်တွေမှာတော့ ဒီစာအုပ်နဲ့ ပတ်သက်ပြီး တစ်လုံးမှ ရေးသားဖော်ပြခြင်းမရှိ။ ဒါပေမဲ့ လူ နည်းနည်းပါးပါး ဝယ်ကြပါတယ်။ သူတို့က တခြားသူတွေကိုညွှန်းပြီး အဲဒီ သူတွေက ဝယ်ဖတ်ကာ နောက်ထပ်လူတွေကို ညွှန်းကြတယ်။ ခြောက်လအကြာ ပထမအကြိမ်ထုတ် ရောင်းကုန်သွားခဲ့တယ်။ တစ်နှစ်အကြာ သုံးကြိမ်လောက် ထပ်ရိုက်ရပြီး ကျွန်တော် ဘယ်တုန်းကမှ အိပ်မက်တောင် မမက်ဖူးတဲ့ စာပေကနေ ဝင်ငွေ စရလာခဲ့တယ်။

ဒီအိပ်မက်က ဘယ်လောက်အထိခံမလဲ ကျွန်တော်လည်း မသိ။ ဒါပေမဲ့ ဒီတဒင်္ဂတိုင်းကို နောက်ထပ်မရှိနိုင်တော့သလို နေထိုင်သွားဖို့ ဆုံးဖြတ်ခဲ့တယ်။ ဒီ့အပြင် ဒီအောင်မြင်မှုက ကျွန်တော် ဖွင့်ချင်နေတာ ကြာလှပြီဖြစ်တဲ့

mgyoe.com

mgyoe.com


တံခါးတစ်ချပ်ကိုပါ ဖွင့်ပေးခဲ့တယ်။ တခြား ထုတ်ဝေသူတွေလည်း ကျွန်တော့်ရဲ့ နောက်ရေးမယ့် စာအုပ်ကို ထုတ်ဖို့ စိတ်ဝင်စားလာကြတယ်။

ကျွန်တော့်အနေနဲ့ စန်တီယေးဂိုးလမ်းမတစ်လျှောက် နှစ်စဉ် မလျှောက်နိုင်တာတော့ သေချာတယ်။ ဒီတော့ ကျွန်တော် နောက်ထပ် ဘာအကြောင်းအရာ ရေးရမလဲ။ လက်နှိပ်စက်ရှေ့ထိုင်ပြီး ဒီလိုမျိုးပဲ တောင်စဉ်ရေမရ တွေးနေရတာ၊ ပြီးတော့ ဝါကျတွေ၊ စာပိုဒ်တွေ မရေးဖြစ်ဘဲ တခြားပေါက်ကရတွေပဲ လျှောက်လုပ်ဖြစ်သွားတာ အဲဒါမျိုးကို ခံနိုင်ပါ့မလား။ ကျွန်တော့်ရဲ့ လောကအမြင်တွေ၊ ကျွန်တော့်ရဲ့ ဘဝအတွေ့အကြုံတွေကို မျှဝေဖို့ အရေးကြီးပါတယ်။

ကျွန်တော် ရက်အနည်းငယ်လောက် ကြိုးစားကြည့်တယ်။ ညပေါင်းများစွာ ကြိုးစားကြည့်တယ်။ အဲဒီနောက် ဒါ မဖြစ်နိုင်ဘူးလို့ပဲ ဆုံးဖြတ်မိတယ်။ အဲဒီနောက် တစ်ညနေ တစ်ထောင့်တစ်ညထဲက စိတ်ဝင်စားစရာ ပုံပြင်တစ်ပုဒ်ကို ကျွန်တော် တိုက်တိုက်ဆိုင်ဆိုင် ဖတ်မိတယ် (တိုက်တိုက်ဆိုင်ဆိုင် ဖတ်မိတယ် တဲ့လား) အဲဒီမှာ ကျွန်တော်လျှောက်နေတဲ့ လမ်းကြောင်းရဲ့ သင်္ကေတကို တွေ့လိုက်ရတယ်။ အဲဒီအရာက ကျွန်တော် ဘယ်သူဘယ်ဝါဆိုတာ၊ ကျွန်တော့်ကို အမြဲစောင့်ဆိုင်းနေတဲ့ အရာအတွက် ဆုံးဖြတ်ချက်ချဖို့ကို ဘာကြောင့် ဒီလောက်ကြာနေခဲ့ရသလဲဆိုတာ နားလည်နိုင်စေခဲ့တယ်။

ကျွန်တော်လည်း အဲဒီ ဇာတ်လမ်းကို နောက်ထပ် ဇာတ်လမ်းတစ်ခု ဖန်တီးဖို့ အခြေခံအဖြစ် သုံးခဲ့တယ်။ အီဂျစ်ပိရမစ်ထဲမှာ မြှုပ်ထားတဲ့ ရတနာကို အိပ်မက်အရ ရှာဖွေနေတဲ့ သိုးကျောင်းသားလေးတစ်ယောက်ရဲ့ ဇာတ်လမ်းပေါ့။ အဲဒီမှာ ကောင်လေးကို စောင့်ဆိုင်းနေတဲ့ ချစ်ခြင်းတရားအကြောင်း ကျွန်တော် ပြောခဲ့တယ်။ကျွန်တော် တဝဲလည်လည် လျှောက်သွားနေချိန် ကျွန်တော့်ကို စောင့်နေရှာတဲ့ အက်စသာလို အချစ်မျိုးပေါ့။

ကျွန်တော်ဟာ တစ်စုံတစ်ရာဖြစ်ဖို့ အိပ်မက်နေတဲ့ သူတစ်ယောက် မဟုတ်တော့ဘူး။ ကျွန်တော်က သဲကန္တာရကို ဖြတ်ကျော်နေတဲ့ သိုးကျောင်းသားတစ်ယောက်ပဲ။ ဒါပေမဲ့ သူ့ကို လမ်းပြပေးမယ့် အင်္ဂလိပ်ဆရာကြီးက ဘယ်မှာများလဲ။ ဝတ္ထုလည်း အပြီး ကျွန်တော်လည်း ကိုယ်ရေးထားတာကို လုံးလုံးနားမလည်တော့။ ဝတ္ထုက အရွယ်ရောက်သူတွေဖတ်ဖို့ စိတ်ကူးယဉ်ပုံပြင်တစ်ခုလို ဖြစ်နေတယ်။ တကယ်တမ်းတော့ အရွယ်ရောက်သူတွေက အချစ်ရယ်၊ စစ်ရယ်၊

mgyoe.com

mgyoe.com
SAMPLE BOOK


တန်ခိုးအာဏာနဲ့ ပတ်သက်တဲ့ ဇာတ်လမ်းတွေပဲ ပိုစိတ်ဝင်စားကြတယ်။ ဘယ်လိုပဲဖြစ်စေ ထုတ်ဝေသူက လက်ခံပြီး ပုံနှိပ်ထုတ်ဝေတယ်။ ကျွန်တော့်စာဖတ်ပရိသတ်တွေကလည်း အားပေးလိုက်ကြတာ အရောင်းရဆုံးစာရင်းထဲ တစ်ဖန်ဝင်ခဲ့ပြန်တယ်။

သုံးနှစ်အကြာမှာတော့ ကျွန်တော့်အိမ်ထောင်ရေးက အကောင်းဆုံးအနေအထားမှာ ရှိနေခဲ့တယ်။ ကျွန်တော် အမြဲလုပ်ချင်နေတဲ့အလုပ်တွေ ကျွန်တော်လုပ်နေရပြီ။ ကျွန်တော့်စာတွေကို ပထမဆုံး ဘာသာပြန်စာမူ ပေါ်လာတယ်၊ ဒီနောက် ဒုတိယဘာသာပြန်၊ အောင်မြင်မှုက ဖြည်းဖြည်းမှန်မှန်ပဲ ကျွန်တော့်လက်ရာတွေကို ကမ္ဘာကြီးရဲ့ လေးဖက်လေးတန်ကို ပျံ့နှံ့စေခဲ့တယ်။

ကျွန်တော် ပဲရစ်ကို ပြောင်းရွှေ့ဖို့ ဆုံးဖြတ်ခဲ့တယ်။ အဓိကက ပဲရစ်ရဲ့ကော်ဖီဆိုင်တွေ၊ စာရေးဆရာတွေ၊ သူ့ရဲ့ ယဉ်ကျေးမှုဘဝတွေကို သဘောကျလို့။ ဒါပေမဲ့ အဲဒါတွေ တစ်ခုမှ မရှိတော့ဘူးဆိုတာ သိလာရတယ်။

ကဖေးတွေက ကမ္ဘာလှည့်ခရီးသွားတွေ၊ အဲဒီနေရာတွေကို ကျော်ကြားစေခဲ့တဲ့ ပုဂ္ဂိုလ်တွေရဲ့ ဓာတ်ပုံနဲ့ ပြည့်နေခဲ့တယ်။ အဲဒီမှာ ထိုင်ကြတဲ့ စာရေးဆရာအများစုက အကြောင်းအရာထက် ရေးဟန်စတိုင်ကို ပိုအလေးထားကြသူတွေ။ သူတို့က ကိုယ်ပိုင်ဟန်ဖြစ်ဖို့ ကြိုးပမ်းကြပေမယ့် ပျင်းစရာကောင်းတဲ့ လက်ရာတွေပဲ ထွက်လာတယ်။ သူတို့မှာ သူတို့ကိုယ်ပိုင်ကမ္ဘာလေးထဲမှာပဲ အကျဉ်းကျလို့။ ကျွန်တော်လည်း စိတ်ဝင်စားစရာ ပြင်သစ်ဆိုရိုး စကားတစ်ခွန်း တတ်လာခဲ့တယ်။ renvoyer l'ascenseur တဲ့။ စာသားအရတော့–

'ဓာတ်လှေကားကို ပြန်ပို့ရန်' လို့ အဓိပ္ပာယ်ရတယ်။ ဥပစာသဘောအရတော့ 'အတုံ့အလှယ်သဘောဖြင့် ကူညီခြင်း' လို့ အဓိပ္ပာယ်ရတယ်။ လက်တွေ့မှာတော့ မင်းစာအုပ်ကို ငါ ချွန်းပေးမယ်၊ မင်း ငါ့စာအုပ်ချွန်းပေး ဆိုတဲ့သဘော၊ ဒီနည်းနဲ့ ယဉ်ကျေးမှုဘဝသစ်တစ်ခု၊ တော်လှန်ရေးတစ်ခု၊ အရင်မရှိတဲ့ ဒဿနအသစ်တစ်မျိုးကို ဖန်တီးကြမယ်လို့ ဆိုလိုတယ်။ ငါတို့ကို ဘယ်သူမှ နားမလည်ကြတဲ့အတွက် တို့တွေ ခံစားရတယ်။ ဒါပေမဲ့ အရင်က ပါရမီရှင်ကြီးတွေ လည်း ဒီလိုပဲ ကြုံရတာပဲ။ ကြီးကျယ်တဲ့ အနုပညာရှင်မှန်သမျှ သူတို့ခေတ်အခါမှာ အထင်ကြီးမခံရတာ ထုံးစံပဲ မဟုတ်လား။

သူတို့ရဲ့ ဓာတ်လှေကားပြန်ပို့တဲ့နည်းက ကနဦးတော့ အလုပ်ဖြစ်တယ်။ လူတွေက သူတို့ နားမလည်တဲ့ အရာကို ပြောင်မဝေဖန်ရဲကြဘူး။ ဒါပေမဲ့

mgyoe.com

mgyoe.com


သိပ်မကြာဘူး သူတို့ ကလိမ်ကျခံရမှန်း သဘောပေါက်သွားကြတယ်။ ဝေဖန်ရေး ဆရာတွေ ပြောတိုင်း မယုံကြတော့ဘူး။

အင်တာနက်နဲ့ သူ့ရဲ့ ရှင်းလင်းတဲ့ဘာသာစကားက ကမ္ဘာကြီးကို အဓိက ပြောင်းလဲစေခဲ့တယ်။ ပဲရစ်မှာ အပြိုင်လောကတစ်ခု ပေါ်လာတယ်။ စာရေးဆရာ အသစ်တွေမှာ သူတို့ ဘာသာစကား၊ သူတို့ ဝိညာဉ်ကို လူနားလည်အောင် ကြိုးစား ကြရတယ်။ ဘယ်သူမှ မကြားဖူးတဲ့ ကဖေးဆိုင်တွေမှာ ထိုင်ကြတဲ့ အဲဒီ စာရေးဆရာ အသစ်အုပ်စုထဲ ကျွန်တော် ဝင်ရောလိုက်တယ်။ စာရေးဆရာတွေရော၊ ကဖေးဆိုင် ရောက မကျော်ကြားကြသေးဘူး မဟုတ်လား။ ကျွန်တော်လည်း ကိုယ့်ဟာနဲ့ ကိုယ်ရေးနိုင်အောင် ကြိုးစားတယ်။ အပြန်အလှန် ကူညီပေးဖို့ရာ ကျွန်တော် သိဖို့ လိုတာမှန်သမျှ ထုတ်ဝေသူဆီက သိခဲ့ရတယ်။

*

"ဘာလဲဗျ၊ အကျိုးဆောင်ဘဏ် (Favor Bank) ဆိုတာ"

"မင်း သိမှာပါ၊ လူတိုင်း သိကြတာပဲ"

"ဟုတ်မှာပါ၊ ဒါပေမဲ့ ခင်ဗျားပြောနေတာ ကျွန်တော် ကောင်းကောင်း ပုံမပေါ်သေးဘူး"

"အဲဒီ အကြောင်းစပြီး ရေးသားဖော်ပြခဲ့တာတော့ အမေရိကန်စာရေး ဆရာ တစ်ယောက်ပဲ၊ အဲဒါက ကမ္ဘာပေါ်မှာ သြဇာအကြီးဆုံး ဘဏ်ပဲ၊ မင်း အနေနဲ့ ဘဝရဲ့ ဘယ်နယ်ပယ်မှာမဆို အဲဒါကို တွေ့နိုင်တယ်"

"ဟုတ်ပါပြီ၊ ဒါပေမဲ့ ကျွန်တော်လာခဲ့တဲ့တိုင်းပြည်က စာပေအစဉ်အလာ မရှိတဲ့တိုင်းပြည်၊ ကျွန်တော်က ဘယ်သူ့အတွက် အကူအညီပေးနိုင်မှာလဲ"

"အဲဒါက ကိစ္စမရှိပါဘူး၊ မင်းကို ငါ ဥပမာတစ်ခု ပြောပါရစေ၊ ငါ သိတယ်၊ မင်းက အလားအလာကောင်းတဲ့ စာရေးဆရာတစ်ယောက်၊ တစ်နေ့မှာ သိပ်ကို သြဇာကြီးလာဖို့ရှိတယ်၊ ဘာကြောင့် ငါ သိလဲဆိုတော့ မင်းလိုပဲ ငါလည်း တစ်ချိန်က ရည်မှန်းချက်ကြီးတဲ့၊ အမှီအခိုကင်းပြီး ရိုးသားတဲ့ စာရေးဆရာ တစ်ယောက်၊ တစ်ချိန်ကလို အင်နဲ့အားနဲ့တော့ မရေးနိုင်တော့ဘူးပေါ့၊ ဒါပေမဲ့ ငါ မင်းကို ကူညီချင်တယ်၊ ဘာကြောင့်ဆို ငါ့အနေနဲ့ ဒီအတိုင်း ရပ်မပစ်လိုက် နိုင်ဘူး၊ ငါ အနားယူဖို့ စိတ်မကူးသေးဘူး၊ ဘဝတို့၊ ပါဝါတို့၊ ဂုဏ်ကျက်သရေတို့ စတဲ့ အလွန် စွဲမက်ဖွယ်ရာ ရန်းကန်လှုပ်ရှားမှုတွေကို ငါ အိပ်မက်နေတုန်းပါ။

mgyoe.com

mgyoe.com  SAMPLE BOOK 

'ငါက မင်း ဘဏ်စာအုပ်ထဲ စပြီး ထည့်ပေးထားမယ်၊ ငွေသားတော့ မဟုတ်ဘူး၊ အဆက်အသွယ်တွေ၊ မင်း နားလည်တယ် မဟုတ်လား၊ ငါက မင်းကို ဟိုပုဂ္ဂိုလ် ဒီပုဂ္ဂိုလ်တွေနဲ့ မိတ်ဆက်ပေးမယ်၊ တချို့ စာချုပ်စာတမ်းတွေ စီစဉ်ပေးမယ်၊ တရားဝင်တဲ့ ကိစ္စတွေတော့ ဖြစ်ရမှာပေါ့၊ မင်းအနေနဲ့ ငါ့ကျေးဇူး ရှိတယ်ဆိုတာ သိမယ်၊ ဒါပေမဲ့ ငါ မင်းကို ဘာမှ မတောင်းဆိုဘူး''

''ဒါဖြင့် တစ်နေ့နေ့ပေါ့…''

''သိပ်ဟုတ်တာပေါ့၊ တစ်နေ့ ငါ မင်းကို အကူအညီတစ်ခုတောင်းမယ်၊ မင်းအနေနဲ့ ငြင်းလို့ရတယ်၊ ဒါပေမဲ့ မင်းမှာ ငါ့အကြွေး ရှိနေတယ်ဆိုပြီး လိပ်ပြာမသန့် ဖြစ်မယ်၊ မင်း ငါ တောင်းဆိုတဲ့အတိုင်းလုပ်ရင် ငါက မင်းကိုဆက်ပြီး ကူညီမယ်၊ တခြားလူတွေကလည်း မင်းဟာ သစ္စာရှိတဲ့၊ ရည်ရည်မွန်မွန်ရှိတဲ့ လူတစ်ယောက်ပဲ ဆိုပြီး မြင်ကြမယ်၊ မင်းဘဏ်စာရင်းထဲ သူတို့လည်း ထည့်ကြ လိမ့်မယ်၊ အမြဲလို အဆက်အသွယ်တွေ အနေနဲ့ပေါ့၊ ဘာကြောင့်ဆို ဒီကမ္ဘာကြီးက အဆက်အသွယ်တွေနဲ့ ဖွဲ့တည်နေတာပဲ၊ တခြား ဘာမှ မရှိဘူး၊ သူတို့လည်း တစ်နေ့ မင်းဆီက အကူအညီတောင်းမှာပဲ၊ မင်းအနေနဲ့ မင်းကို ကူညီခဲ့သူတွေကို လေးလေးစားစားနဲ့ ကူညီမယ်ဆိုရင် အချိန်ကျရင် မင်းရဲ့ကွန်ရက်က ကမ္ဘာအနှံ့ ဖြန့်ကြက်ပြီးသား ဖြစ်မယ်၊ မင်း သိဖို့လိုတဲ့သူတိုင်းနဲ့ သိနေမယ်၊ မင်းရဲ့ ဩဇာက ဆက်ပြီး ကြီးထွားနေလိမ့်မယ်''

''ခင်ဗျားတောင်းတဲ့ အကူအညီကို ကျွန်တော် ငြင်းနိုင်တာပဲ''

''မင်း ငြင်းနိုင်တယ်၊ အကျိုးဆောင်ဘဏ်က တခြားဘဏ်တွေလိုပဲ စွန့်စားရတဲ့ ရင်းနှီးမြှုပ်နှံမှုပဲ၊ မင်းစိတ်ထဲမှာ ငါ မင်းကို ကူညီတာ မင်းက ကူညီဖို့ထိုက်တန်လို့၊ မင်းက အတော်ဆုံးမို့လို့၊ လူတိုင်းက မင်းအရည်အချင်း ကို အလိုအလျောက် အသိအမှတ်ပြုသင့်တယ်လို့ မှတ်ယူပြီး ငါ တောင်းတဲ့ အကူအညီကို ငြင်းနိုင်တယ်၊ ကောင်းပြီ၊ ငါကတော့ မင်းကို ကျေးဇူးတင်ပါတယ်ပဲ ပြောပြီး တခြား ငါ အကူအညီတွေ အမျိုးမျိုးပေးဖူးတဲ့ တစ်ယောက်ကို အကူအညီ တောင်းမှာပဲ၊ ဒါပေမဲ့ အဲဒီအချိန်က စပြီး လူတိုင်းက ငါ တစ်ခွန်းမှ ပြောစရာမလိုတဲ့နဲ့ မင်းဟာ ယုံကြည်ထိုက်တဲ့သူတစ်ယောက် မဟုတ်မှန်း သိသွားကြလိမ့်မယ်''

''မင်းအနေနဲ့ ဖြစ်သင့်တဲ့နေရာရဲ့ တစ်ဝက်လောက်ပဲ ရောက်လိမ့် မယ်၊ သေချာတာကတော့ မင်း ဖြစ်သင့်သလောက် ဖြစ်ထွန်းမှာ မဟုတ်ဘူး၊ တစ်ချိန်

mgyoe.com

mgyoe.com

ရောက်ရင် မင်းဘဝ စပြီး အကျဉ်းဘက် ရောက်လာလိမ့်မယ်၊ မင်း တစ်ပိုင်းတစ်စပဲ ခရီးရောက်မယ်၊ ဘယ်တော့မှ အဆုံးထိမရောက်ဘူး၊ အလိုမကျတာ လည်း မဟုတ်၊ ဆန္ဒပြည့်တာလည်း မဟုတ်၊ ပျော်ရွှင်မှုတစ်ပိုင်း၊ ဝမ်းနည်းမှုတစ်ပိုင်းနဲ့ အေးတာလည်း မဟုတ်၊ ပူတာလည်း မဟုတ် ခပ်နွေးနွေးပဲ ဖြစ်မယ်၊ အချို့ ကျမ်းစာအုပ်တွေမှာ ဧဝံဂေလိတစ်ယောက်ရေးထားသလို ခပ်နွေးနွေး အစား အစာတွေက ခံတွင်း မတွေ့တတ်ဘူးတဲ့''

ထုတ်ဝေသူက ကျွန်တော့်ဘဏ်စာရင်းထဲ အဆက်အသွယ်တွေအများကြီး ထည့်သွားခဲ့တယ်။ ကျွန်တော့်စာအုပ်တွေကို ပြင်သစ်လိုပြန်ကြတယ်၊ ဒီတိုင်းပြည်ရဲ့ အစဉ်အလာအရကြည့်ရင် ကျွန်တော့်လို အပြင်လူ တစ်ယောက်ကို ဒါ ကြိုဆိုတဲ့ သဘောပဲ။ အဲဒါတင်မက၊ အပြင်လူတစ်ယောက်အနေနဲ့ အကြီးအကျယ် အောင်မြင် ခဲ့တယ်။ ဆယ်နှစ်လောက်အကြာ စိန်းမြစ်ကို စီးမြင်ရတဲ့ တိုက်ခန်းကျယ်ကြီး တစ်ခန်း ကျွန်တော် ပိုင်ဆိုင်ခဲ့တယ်။ စာဖတ်ပရိသတ်ရဲ့ ချစ်ခြင်းမေတ္တာကိုရရှိခဲ့ပြီး ဝေဖန်ရေးသမားတွေရဲ့ မလိုမုန်းထားမှုကိုလည်း ခံယူခဲ့ရတယ်။ (ကျွန်တော့်စာအုပ် စောင်ရေ တစ်သိန်းအထိ မရောင်းရခင် ကျွန်တော့်ကို ချစ်ခင်မြတ်နိုးကြတဲ့ သူတို့ တွေမှာ နောက်ပိုင်း ကျွန်တော့်ကို 'မီးခဲပြာဖုံး ပါရမီရှင်လေး' အဖြစ် မမြင်ကြ တော့ဘူး) ကျွန်တော် အမြဲလို သူများကို အကူအညီတွေ မဆိုင်းမတွ ပြန်ပေးလေ့ ရှိတယ်။ ဒီ့အတွက် သိပ်မကြာခင်မှာပဲ ကျွန်တော်လည်း အဆက် အသွယ်တွေ ပြန်ချပေးတဲ့ မြို့ရှင်ကြီးတစ်ယောက် ဖြစ်လာတော့တယ်။ ကျွန်တော့် ဩဇာက ကြီးလာတယ်။ ကျွန်တော့်အနေနဲ့ အကူအညီတောင်းဖို့နဲ့ သူများတကာ အကူအညီတောင်းလာရင်လည်း ပေးဖို့ လိုတယ်ဆိုတာ နားလည်လာခဲ့တယ်။

အက်စသာ တစ်ယောက် ပြင်သစ်မှာ ဂျာနယ်လစ်တစ်ယောက်အနေနဲ့ လုပ်ကိုင်ခွင့်ရရှိခဲ့တယ်။ အိမ်ထောင်ရေးမှာ ကြုံနေကျ သာမန်ပဋိပက္ခလေးတွေက လွဲပြီး ကျွန်တော့်အဖို့ ကျေနပ်စရာ အိမ်ထောင်ရေးဘဝကို ရခဲ့တယ်။ ပြီးခဲ့တဲ့ အိမ်ထောင်တွေ၊ ချစ်မှုရေးရာတွေမှာ ကြုံရတဲ့ အလိုမကျမှု မှန်သမျှ ဟာ ကျွန်တော်ကိုယ်တိုင်ရဲ့ ခါးသီးမှုသက်သက်ပဲ၊ အဲဒီ အမျိုးသမီးတွေနဲ့ ဘယ် လိုမှ မသက်ဆိုင်ဘူးဆိုတာ ပထမဆုံးအဖြစ် ကျွန်တော် နားလည်လာခဲ့တယ်။ ဒါပေမဲ့ အက်စသာကတော့ သူ့ကို နားလည်ဖို့ အရင်ဆုံး ကျွန်တော် ကိုယ့်ကိုယ်ကိုယ် နားလည်ဖို့လိုတယ်ဆိုတဲ့ သိပ်အခြေခံကျတဲ့ သဘောတရားကို သဘောပေါက်တဲ့

mgyoe.com

mgyee.com SAMPLE BOOK

တစ်ဦးတည်းသော အမျိုးသမီးပါပဲ။ ကျွန်တော်တို့ ရှစ်နှစ်လောက် အတူနေခဲ့ကြတယ်။ ကျွန်တော့်အနေနဲ့ ရုံဖန်ရံခါ (ဒါပေမဲ့ ရိုးရိုးသားသား ဝန်ခံရရင် မကြာမကြာပါ) ကြုံကြိုက်တိုင်း တခြားအမျိုးသမီးတွေနဲ့ ဇာတ်လမ်းတွေရှိတတ်ပေမယ့် သူဟာ ကျွန်တော့်ဘဝမှာ အမှန်တကယ် ချစ်ရသူလို့ပဲ ယုံကြည်ထားတယ်။ သူ့နဲ့ ကွာရှင်းဖို့ ဘယ်တုန်းကမှ မစဉ်းစားဖူးဘူး။ ကျွန်တော် အပြင်မှာ ခြေရှုပ်တဲ့အကြောင်းတွေ သူ သိသလား ကျွန်တော် တစ်ခါမှ မမေးဖူးဘူး။ သူကလည်း ဒီအကြောင်းနဲ့ ပတ်သက်ပြီး ဘယ်တော့မှ မှတ်ချက်မပေးဘူး။

ဒီ့အတွက် တစ်ရက် ရုပ်ရှင်ကြည့်ပြီးအပြန် သူ အာဖရိကပြည်တွင်းစစ် သတင်းလိုက်ဖို့ မဂ္ဂဇင်းကို အဆိုပြုထားတယ်လို့ ပြောလာတော့ ကျွန်တော် တအားအံ့သြမိတယ်။

*

"မင်း ဘာတွေ ပြောနေတာလဲ"

"ကျွန်မ စစ်သတင်းထောက် လုပ်ချင်တယ်လို့ ပြောတာ"

"မင်း ရူးနေပြီ၊ မင်း အဲဒီလို လုပ်ဖို့မှ မလိုတာ၊ မင်း အခုလည်း ကိုယ်လုပ်ချင်တဲ့ အလုပ် လုပ်နေတာပဲလေ၊ ဝင်ငွေလည်း ကောင်းနေတာပဲ၊ တကယ်တော့ အဲဒီပိုက်ဆံနဲ့ မင်းစားသောက်နေတာလည်း မဟုတ်ပါဘူး၊ အကျိုးဆောင်ဘဏ်မှာလည်း မင်းအဆက်အသွယ်တွေ အလုံအလောက်ရှိနေတာပဲ၊ မင်းမှာ ပင်ကိုပါရမီ ရှိတယ်၊ လုပ်ဖော်ကိုင်ဖက်တွေရဲ့ လေးစားမှုကိုလည်း ရနေတာပဲ"

"ကောင်းပြီလေ၊ ဒါဖြင့်လည်း ပြောရတော့မှာပဲ၊ ကျွန်မ တစ်ယောက်တည်း နေဖို့ လိုတယ် "

"ငါ့ကြောင့်လား"

"ကျွန်မတို့တွေ ဘဝကို အတူတကွ ထူထောင်လာကြတာပဲ၊ ကျွန်မ ကိုယ့်ကြင်ဖက်ကို ချစ်တယ်၊ သူလည်း သိပ်သစ္စာရှိလှတဲ့ ယောကျ်ား မဟုတ်ပေမဲ့ ကျွန်မကို ချစ်ပါတယ်"

"မင်း ဒီလိုစကားမျိုး အရင်က တစ်ခါမှ မပြောဖူးဘူး"

"ဘာကြောင့်ဆို ကျွန်မအတွက် အရေးမပါလို့ပဲ၊ ဆိုလိုတာက သစ္စာရှိတယ်ဆိုတာ ဘာလဲ၊ ကျွန်မ မဟုတ်တဲ့ တခြား ခန္ဓာကိုယ်တစ်ခု၊ ဝိညာဉ်တစ်ခုကို

mgyee.com

mgyoe.com

ပိုင်ဆိုင်တယ်ဆိုတဲ့ ခံစားမှုလား၊ ကျွန်မ ရှင်နဲ့ အတူနေခဲ့တဲ့ ဒီနှစ်တွေ အတွင်းမှာ တခြားယောက်ျားတွေနဲ့ မအိပ်ဖူးဘူးလို့ ရှင် ထင်သလား"

"ငါ ဂရုလည်း မစိုက်ဘူး၊ သိလည်း မသိချင်ဘူး"

"ကျွန်မလည်း အတူတူပဲ၊ မသိချင်ဘူး"

"ဒါဖြင့် ဒီကမ္ဘာပေါ်က ပစ္စန္တရစ်ဖြစ်နေတဲ့ အရပ်မှာ စစ်ပွဲသတင်း ဘာကြောင့် သွားရေးချင်ရတာလဲ"

"ကျွန်မ ပြောသလို ကျွန်မ အဲဒီလို သွားရေးဖို့ လိုလို့ပဲ"

"မင်းမှာ လိုတာ မှန်သမျှ ရနေတာပဲ မဟုတ်ဘူးလား"

"မိန်းမတစ်ယောက်အနေနဲ့ ကျွန်မ အရာရာပြည့်စုံပါတယ်"

"ဒါဖြင့် ဘယ်အချိန်ကစပြီး မင်းဘဝ လွဲချော်သွားခဲ့တာလဲ"

"ကျွန်မ ပြောချင်တာ အဲဒါပဲ၊ ကျွန်မမှာ အရာရာ ပြည့်စုံတယ်၊ ဒါပေမဲ့ ကျွန်မ မပျော်ဘူး၊ အဲဒါ ကျွန်မ တစ်ယောက်တည်း မဟုတ်ဘူး၊ ကျွန်မ နှစ်ပေါင်းများစွာအတွင်း လူအမျိုးမျိုးနဲ့ တွေ့ဆုံမေးမြန်းခဲ့တယ်၊ ချမ်းသာတဲ့သူ၊ ဆင်းရဲတဲ့သူ၊ အာဏာရှိသူ၊ ရှိတာလေးနဲ့ ဖြစ်သလိုနေရသူတွေ စသဖြင့် အစုံပဲ၊ လူတိုင်း လူတိုင်းရဲ့ မျက်လုံးမှာ တစ်ပုံစံတည်းသော ခါးသီးမှု အနန္တကို ကျွန်မ တွေ့ရတယ်၊ သူတို့အနေနဲ့ အလွယ်တကူ လက်ခံမှာ မဟုတ်တဲ့ ဝမ်းနည်းမှု တစ်မျိုးပေါ့၊ သူတို့ပါးစပ်က ကျွန်မကို ဘာတွေပဲပြောပြော အဲဒီဝမ်းနည်းမှုကတော့ သူတို့ မျက်လုံးတွေထဲမှာ ရှိနေတယ်၊ ရှင် နားထောင်နေရဲ့လား"

"အင်း… ငါ နားထောင်နေပါတယ်၊ ငါ အခု တွေးမိတာက မင်း ပြောသလိုဆို ဘယ်သူမှ မပျော်နိုင်ကြဘူးပေါ့"

"အချို့လူတွေကတော့ ပျော်ရွှင်နေကြပုံပဲ၊ ဒါပေမဲ့ သူတို့က သိပ်များများ မစဉ်းစားကြလို့ပါ၊ လူတွေက အနာဂတ်စီမံကိန်းတွေ ဆွဲကြတယ်၊ ငါ ယောက်ျား ယူမယ်၊ ကလေးနှစ်ယောက်နဲ့ မိသားစုလေး၊ မြို့ပြင်မှာ အိမ်တစ်လုံးနဲ့ပေါ့ စသဖြင့်"

"သူတို့မှာ အဲဒါတွေ အတွက် အလုပ်ရှုပ်နေသရွေ့ နွားရိုင်းသတ်သမားကို လိုက်တွေ့နေတဲ့ နွားသိုးလိုပဲ၊ ရည်ရွယ်တဲ့အရာက ဘယ်မှာမှန်းမသိဘဲ ဇောနဲ့ အလိုအလျောက် တုံ့ပြန်ကြတယ်၊ အမှားတွေ လုပ်မိကြတယ်၊ သူတို့ ကားတွေ ဘာတွေ ရှိလာတယ်၊ တစ်ခါတစ်ရံ Ferrari လို ကားမျိုးတောင် ပိုင်ချင်ပိုင် လိမ့်မယ်၊ ဒါပေမဲ့ သူတို့က အဲဒါကို ဘဝအဓိပ္ပာယ်လို့ ထင်ကြတယ်၊ ဒီ့အတွက်

mgyoe.com

mgyoe.com

SAMPLE BOOK


ဘယ်တော့မှ မေးခွန်းမထုတ်ကြဘူး၊ သူတို့ဝိညာဉ်ထဲမှာ ကိန်းအောင်းနေတဲ့ ဝမ်းနည်းမှုကို သတိတောင် မထားမိကြဘူး၊ ဒါပေမဲ့ သူတို့မျက်လုံးတွေကတော့ သစ္စာဖောက်ပြီး အဲဒီ ဝမ်းနည်းမှုကို ဖော်ပြနေခဲ့တယ်"

"ရှင်ရော ပျော်ရဲ့လား"

"ငါ မသိဘူး"

"လူတိုင်း လူတိုင်း မပျော်ကြဘူးလား ဆိုတာတော့ ကျွန်မ မသိဘူး၊ ကျွန်မ သိတာတော့ သူတို့အားလုံး အလုပ်ရှုပ်နေကြတာပဲ၊ သူတို့မှာ ကလေးတွေ၊ ယောက်ျားတွေအတွက်ပူပန်ရ၊ သူတို့ အလုပ်အကိုင် ဘွဲ့ဒီဂရီတွေအတွက် ပူပန်ရနဲ့၊ မနက်ဖြန် ဘာတွေလုပ်ရဦးမယ်၊ ဘာတွေ ဝယ်ရဦးမယ်၊ သူများထက် အောက်မကျ ရအောင် ဘာတွေတော့ရှိရမယ် စသဖြင့် ပူပန်ပြီး အချိန်ပိုတွေဆင်းကြရတယ်၊ တကယ့်ကို လူအနည်းအကျဉ်းလောက်ပဲ ကျွန်မကို ငါတော့ မပျော်ဘူးလို့ ပြောတတ် တယ်၊ အများစုကတော့ အဆင်ပြေပါတယ်၊ ငါ လိုချင်တာအားလုံးရနေတာပဲ လို့ ပြောကြတယ်၊ ကျွန်မက ရှင်တို့ကို ပျော်ရွှင်စေတာ ဘာလဲလို့ ပြန်မေးရင် လူတစ်ယောက်အနေနဲ့ ငါ့မှာ အားလုံးပြည့်စုံနေတာပဲ၊ မိသားစုရှိတယ်၊ အိမ်ရှိ တယ်၊ အလုပ်အကိုင်ရှိတယ်၊ ကျန်းမာရေးကောင်းတယ်၊ ကျွန်မက ဒါဖြင့် ဘဝက အဲဒါတွေပဲလားလို့ ရှင် ရပ်ပြီး စဉ်းစားဖူးလား ထပ်မေးရင် ဒါပေါ့၊ အဲဒါတွေ ပဲပေါ့လို့ ဖြေကြတယ်၊ ကျွန်မက ဒါဖြင့် ဘဝရဲ့ အဓိပ္ပာယ်က အလုပ်အကိုင်၊ မိသားစု၊ ကြီးပြင်းလာရင် ရှင့်ကို ထားခဲ့မယ့် သားသမီး၊ တကယ့် ချစ်သူအဖြစ် ထက် မိတ်ဆွေ အဖော်မွန်နဲ့ ပိုတူလာတဲ့ အိမ်ထောင်ဖက်ပေါ့၊ ပြီးတော့ ရှင် တစ်နေ့ အလုပ်က နားရမှာပဲလေ၊ အဲဒီကျ ဘယ်လိုလုပ်မလဲလို့ ဆက်ပြီး မေးလိုက်ရင် စကားပြန် မရတော့ဘူး၊ တခြားအကြောင်းကို ပြောင်းပြီး ပြောကြတော့တယ်။

အဲဒီလိုမဟုတ်လည်း သူတို့ ပြောကြတာက ကလေးတွေ ကြီးပြင်းလာ ကြတဲ့အခါ၊ အိမ်ထောင်ဖက်က တပ်မက်ဖွယ်ရာ ချစ်သူတစ်ယောက်ထက် မိတ်ရင်းဆွေရင်းတစ်ယောက်ပိုဆန်လာတဲ့အခါ၊ အလုပ်က အနားယူတဲ့အခါ ငါ အမြဲ လုပ်ချင်နေခဲ့တဲ့ ခရီးထွက်တာမျိုးလုပ်ဖို့ အချိန်ရလာမှာပေါ့၊ ကျွန်မက မေးမယ်၊ ဒါပေမဲ့ ရှင်ပဲ အခု ပျော်နေတယ်ဆို၊ ရှင် အမြဲလုပ်ချင်တာတွေ လုပ်နေရတာ မဟုတ်ဘူးလား၊ အဲဒီလိုမေးလိုက်ရင် သူတို့က အလုပ်တအားများနေတယ်ပြောပြီး စကားလမ်းကြောင်း လွှဲသွားကြတယ်။

mgyoe.com

mgyoe.com

SAMPLE BOOK


ကျွန်မ မရမက ဆက်မေးမှ သူတို့မှာ ချို့ငဲ့နေတဲ့အရာတွေကို ထုတ်ပြော ကြတယ်၊ စီးပွားရေးသမားက အရောင်းအဝယ်ကိစ္စ မပြတ်နိုင်သေး၊ အိမ်ရှင်မက ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ချင်တယ်၊ ပိုက်ဆံ ပိုရှာချင်တယ်၊ ချစ်ဆိပ်တက် နေတဲ့ ချာတိတ်ကလည်း သူ့ကောင်မလေးကို ဆုံးရှုံးရမှာ ကြောက်နေတယ်၊ ဘွဲ့ရခါစ တစ်ယောက်ကလည်း သူ့အသက်မွေးဝမ်းကျောင်းအလုပ်ကို သူ့ဘာသာ ရွေးရ မှာလား၊ အလုပ်က သူ့ကို ရွေးမှာလား ဇဝေဇဝါနဲ့၊ သွားဆရာဝန်က အဆိုတော် ဖြစ်ချင်တယ်၊ အဆိုတော်က နိုင်ငံရေးသမား ဖြစ်ချင်တယ်၊ နိုင်ငံရေးသမားက စာရေးဆရာဖြစ်ချင်တယ်၊ စာရေးဆရာက လယ်သမားတစ်ယောက် ဖြစ်ချင်တယ်၊ ကိုယ်ဝါသနာပါတဲ့ အလုပ်ကို ရွေးချယ်ခဲ့တဲ့ လူတွေတောင်မှ သူတို့ စိတ်ဝိညာဉ် ထဲမှာ အကြီးအကျယ် စိတ်ဆင်းရဲနေတာမျိုး ရှိတုန်းပဲ၊ ငြိမ်းအေးမှုကို မရှာဖွေနိုင် သေးဘူး၊ ဒီတော့ ကျွန်မ ရှင့်ကို ထပ်မေးမယ်၊ ရှင် ပျော်ရဲ့လား"

"မပျော်ဘူး၊ ငါ့မှာ ငါချစ်တဲ့မိန်းမရှိတယ်၊ ငါ အမြဲ စိတ်ကူးအိပ်မက်ခဲ့တဲ့ စာရေးဆရာဘဝရထားတယ်၊ အပေါင်းအသင်းတွေ မနာလိုလောက်စရာ လွတ်လပ် မှုမျိုး ရထားတယ်၊ ခရီးတွေ ထွက်နိုင်တယ်၊ လူတွေရဲ့ လေးစားမှု၊ ချီးကျူးမှုတွေ ရခဲ့တယ်။ ဒါပေမဲ့ တစ်ခုခုကတော့..."

"ဘာလဲ"

"ငါ့စိတ်ထဲမှာ တွေးမိတာက ငါများ ဒါတွေ ရပ်လိုက်ရင် ဘဝက အဓိပ္ပာယ်မဲ့သွားလိမ့်မယ်လို့"

"ရှင် စိတ်ကို လျှော့မထားလို့ပါ၊ ကျွန်မလက်ကိုကိုင်၊ ပဲရစ်မြို့ကြီးကို ကြည့်ပြီး ပြောလိုက်စမ်းပါ၊ ငါ အခု လိုချင်တာလည်း ရပြီ၊ လက်ကျန်ဘဝကို ကျေကျေနပ်နပ်ကြီး နေလိုက်စို့လားလို့"

"ငါ မင်းလက်ကို ကိုင်ပြီး ပဲရစ်မြို့ကြီးကို ကြည့်နိုင်ပါတယ်၊ ဒါပေမဲ့ ဒီစကားတွေကိုတော့ မပြောနိုင်ဘူး"

"အခု လမ်းပေါ်မှာ လျှောက်သွားနေတဲ့လူတိုင်းလည်း ဒီလိုပဲ ခံစားနေ ရမယ်ဆိုတာ ကျွန်မ လောင်းရဲတယ်"

ကျွန်မတို့ရှေ့က ခုပဲ ဖြတ်သွားတဲ့ ကြော့ရှင်းလှပတဲ့ အမျိုးသမီးလည်း တစ်နေ့ တစ်နေ့ အရွယ်မကျဖို့ ကိုယ်ခန္ဓာအတိုင်းအထွာတွေကို အမြဲကြည့်နေ ရတယ်၊ ဘာကြောင့်ဆို အချစ်က ဒီအပေါ်မှာ မူတည်တယ်လို့ သူ ထင်တာကိုး၊

mgyoe.com

mgyoe.com  SAMPLE BOOK 

လမ်းတစ်ဖက်က ကလေးနှစ်ယောက်နဲ့ လင်မယားကို ကြည့်ပါဦး၊ သူတို့မှာ ကလေးတွေနဲ့ အပြင်ထွက်လည်ရတာ တအားပျော်လိမ့်မယ်၊ ဒါပေမဲ့ တစ်ချိန်တည်းမှာ သူတို့ရဲ့ ဘဝင်စိတ်ထဲမှာ အမြဲ စိုးထိတ်နေရတယ်၊ သူတို့မှာ အလုပ်များ ပြုတ်မလား၊ ကျန်းမာရေးအာမခံက လျော့၊ မလျော့ မသေချာတဲ့ ရောဂါ ဘယမျိုး ရလာမလား၊ ကလေးတစ်ယောက်ယောက်များ ကားကြိတ်ခံရမလား စသဖြင့်ပေါ့၊ သူတို့မှာ အဲဒီ အခိုးတွေကနေ လွတ်ကင်းမယ့်နည်း၊ သူတို့ကိုယ် သူတို့ ကာကွယ်နိုင်မယ့် နည်းတွေကို ရှာဖွေရင်းနဲ့ပဲ ကိုယ့်ကိုယ်ကိုယ် ကြိုးစား အာရုံလွှဲပြီး နေရတယ်"

"လမ်းထောင့်က သူတောင်းစား ဆိုရင်ကော"

"ကျွန်မ သူ့အကြောင်းတော့ မသိဘူး၊ ကျွန်မ သူတောင်းစားတစ်ယောက်နဲ့ တစ်ခါမှ စကားမပြောဖူးဘူး၊ သူ ဒုက္ခသုက္ခ ရောက်နေတဲ့ပုံမှန်း သိသာပါတယ်၊ ဒါပေမဲ့ သူ့မျက်လုံးတွေက တခြား သူတောင်းစားတွေရဲ့ မျက်လုံးလို တစ်ခုခုကို ဖုံးကွယ်ထားသလိုပဲ၊ သူ့ရဲ့ ဝမ်းနည်းမှုက သိပ်ကို ထင်ရှားလွန်းနေတော့ ကျွန်မ သိပ်မယုံဘူး"

"ဘာ လိုနေလို့လဲ"

"ကျွန်မလည်း မမှန်းတတ်ဘူး၊ ထင်ရှားကျော်ကြားသူတွေအကြောင်း ဖော်ပြလေ့ရှိတဲ့ မဂ္ဂဇင်းတွေမှာ လူတိုင်းကပြုံးလို့ ကျေနပ်ပျော်ရွှင်နေကြသလိုပဲ၊ ဒါပေမဲ့ ကျွန်မကိုယ်တိုင်လည်း ထင်ရှားသူတစ်ယောက်ကို ယူထားရတော့ တကယ်တမ်း အဲဒီလိုမဟုတ်မှန်း ကျွန်မ သိတယ်၊ ဓာတ်ပုံထဲမှာတော့ လူတိုင်းက ရယ်ပြုံးလို့ အဲဒီ တဒင်္ဂမှာ ပျော်ရွှင်နေကြပုံပဲ၊ ဒါပေမဲ့ အဲဒီညဖြစ်ဖြစ်၊ နောက်တစ်နေ့ မနက်ဖြစ်ဖြစ် အမြဲလို ဇာတ်လမ်းက အတော်လေး ကွဲပြားနေတတ်တယ်၊

ဒီမဂ္ဂဇင်းမှာ အမြဲဖော်ပြခံရအောင် ငါ ဘာတွေများ လုပ်ရမလဲ၊ ငါ့မှာ အထည်ကြီးပျက်ဖြစ်နေတာကို ဘယ်လိုများ ဟန်မပျက်နေရမလဲ၊ ငါ့မှာ သူများ တွေထက် အထက်တန်းကျကျ နေတယ်ဆိုတာ ပေါ်လွင်အောင် ဘယ်လိုများ ဖန်တီးရပါ့မလဲ၊ ငါပြုံးပြီး ဓာတ်ပုံတွဲရိုက်ထားတဲ့ မင်းသမီးက မနက်ဖြန် ငါ့နေရာကို လုသွားမှာလား၊ ငါ ဝတ်ထားတာ သူ့ထက်သာရဲ့လား၊ ငါတို့ တစ်ယောက်ကို တစ်ယောက် ဒီလောက်ကြည့်မရဖြစ်နေတာ ဘာကြောင့် ပြုံးနေကြတာလဲ၊ ငါတို့မှာ ကျော်ကြားမှုရဲ့ ကျေးကျွန်အဖြစ် အကြီးအကျယ် စိတ်ညစ်နေချိန်မှာ မဂ္ဂဇင်း ဖတ်သူတွေ ကျေနပ်အောင် ဘာကြောင့် ကိုယ့်ကိုယ်ကိုယ် ရောင်းစားနေရတာလဲ"

mgyoe.com

mgyoe.com
SAMPLE BOOK


"ငါတို့က ကျော်ကြားမှုရဲ့ ကျေးကျွန် မဟုတ်ပါဘူး"

"မလန့်စမ်းပါနဲ့၊ ကျွန်မက ကျွန်မတို့အကြောင်းပြောနေတာ မဟုတ်ပါဘူး"

"ဒါဖြင့် ဘာတွေ ဖြစ်နေတယ် ထင်လို့လဲ"

"နှစ်အတန်ကြာက ကျွန်မ စာအုပ်တစ်အုပ်ဖတ်ရတယ်၊ စာအုပ်က စိတ်ဝင်စားဖို့ကောင်းတဲ့ ဇာတ်လမ်းတစ်ပုဒ်ကို ပြောထားတယ်၊ ဟာစ်တလာ စစ်နိုင်သွားတယ်ပဲ ဆိုပါစို့၊ ဂျူးတွေအားလုံးကို သုတ်သင်ရှင်းလင်းပြီး သူ့လူမျိုးတွေကို အရှင်သခင်လူမျိုး ဖြစ်တယ်ဆိုတာ ပြသလိုက်နိုင်တယ်ပဲ ဆိုပါတော့။

သမိုင်းစာအုပ်တွေ စပြီး ပြောင်းရတော့တယ်၊ နှစ်တစ်ရာလောက် အကြာသူ့ကို ဆက်ခံသူတွေက အင်ဒီးယန်းတွေအကုန်လုံးကို သုတ်သင်လိုက်နိုင်တယ်၊ နှစ်သုံးရာလောက်အကြာ လူမည်းတွေ အကုန်လုံး အရှင်းခံလိုက်ရတယ်၊ နှစ်ငါးရာလောက်အကြာမှာတော့ ပြင်းထန်လှတဲ့ စစ်ပွဲယန္တရားကြီးတွေက ကမ္ဘာမြေပေါ်ကနေ အာရှသားတွေကို အောင်မြင်စွာ ရှင်းလင်းနိုင်ခဲ့တယ်၊ သမိုင်းစာအုပ်တွေက ဘာဘေးရီးယန်းတွေနဲ့ ဖြစ်နေတဲ့ အဝေးက စစ်ပွဲတွေအကြောင်း ပြောကြပေမယ့် ဘယ်သူမှ သေသေချာချာ မဖတ်ကြတော့၊ ဘာကြောင့်ဆို အရေးမှ မကြီးတော့တာ။

နာဇီဝါဒ မွေးဖွားပြီး နှစ်နှစ်ထောင်လောက်အကြာ တိုကျိုက ဘားတစ်ခုမှာ ဟာန်းနဲ့ ဖရစ်ဇ်တို့ ဘီယာ ထိုင်သောက်နေကြတယ်။ အဲဒီအချိန်မှာ တိုကျိုမြို့ကြီးလည်း မျက်လုံးပြာပြာ အရပ်ရှည်ရှည်လူတွေနေတာ ငါးရာစုလောက် ရှိပြီ။ စကားပြောရင်း တစ်ချိန်မှာ ဟာန်းက ဖရစ်ဇ်ကို ကြည့်ပြီး မေးလိုက်တယ်။

'ဖရစ်ဇ်၊ အဲဒီလိုပဲ အမြဲ ရှိနေတယ်လို့ မင်းထင်လား'

'ဘာလဲ' လို့ ဖရစ်ဇ်က မေးလိုက်တယ်

'ကမ္ဘာကြီးပေါ့'

'ဒါပေါ့ ကမ္ဘာကြီးက အမြဲဒီလိုပဲ ရှိနေခဲ့တာပေါ့၊ ငါတို့ကို ဒီလိုပဲ သင်ထားတာ မဟုတ်လား'

'ဟုတ်သားပဲ၊ ငါ ဘာကြောင့်များ ဒီလို ခပ်ကြောင်ကြောင် မေးခွန်းမျိုး မေးမိပါလိမ့်' လို့ ဟာန်းက ပြောလိုက်တယ်။

သူတို့လည်း ဘီယာကို လတ်စသတ်လိုက်ပြီး တခြားအကြောင်းတွေ ပြောကြတယ်။ အဲဒီ မေးခွန်းကို လုံးလုံး မေ့သွားကြတယ်"

mgyoe.com

mgyee.com

"မင်း ဟိုးအဝေး အနာဂတ်အထိ သွားစရာ မလိုပါဘူး၊ လွန်ခဲ့တဲ့ နှစ်နှစ်ထောင်ကို ပြန်ကြည့်လိုက်ရုံပါပဲ၊ ခေါင်းဖြတ်စက်တွေ၊ ကြိုးစင်တွေ၊ (သေဒဏ်ပေးတဲ့) လျှပ်စစ်ခုံတွေကို ကိုးကွယ်နေကြတာ မင်းတွေ့တယ် မဟုတ်လား"

"ရှင် ဘာကို ပြောချင်မှန်း ကျွန်မ သိပါတယ်၊ လူကို နှိပ်စက်နည်း အမျိုးမျိုးမှာ အဆိုးဆုံးဖြစ်တဲ့ ကားစင်ကို ပြောချင်တာ မဟုတ်လား။

စီဇာရီက အဲဒါကို စက်ဆုပ်ဖွယ်ရာကောင်းတဲ့ အပြစ်ပေးနည်းလို့ ညွှန်းဆိုဖူးတာ ကျွန်မ သတိရမိတယ်၊ လူကို မသေခင်မှာ ကားစင်တင်ထားခြင်းဖြင့် ဆိုးဆိုးရွားရွား ခံစားရအောင် လုပ်ထားတာ မဟုတ်လား၊ ဒါပေမဲ့လည်း ယနေ့ခေတ်မှာတော့ လူတွေ ကားစင်ကို လည်မှာဆွဲ၊ အိပ်ခန်းနံရံမှာ ချိတ်လို့ ဘာသာရေးသင်္ကေတအနေနဲ့ မှတ်ယူနေကြတယ်၊ ဒါကို နှိပ်စက်ညှဉ်းပန်းတဲ့ ကိရိယာတစ်ခုဆိုတာ မေ့သွားကြတယ်"

"နှစ် နှစ်ရာငါးဆယ်လောက်အကြာ ပေဂန် (pagan) ယဉ်ကျေးမှုရဲ့ ဆောင်းယဉ်စွန်းတန်းချိန် (ကမ္ဘာမြေနဲ့ အဝေးဆုံး နေ ရောက်ရှိချိန်) ပွဲတော်ကို ဖျောက်ဖျက်ဖို့ တစ်စုံတစ်ယောက်က ဆုံးဖြတ်ခဲ့တယ်၊ တမန်တော် apostles နဲ့ သူ့နောက်လိုက်တွေမှာ ယေရှုရဲ့ တရားတော်တွေကို လိုက်လံဟောကြားနေရတာနဲ့ ဒီဇင်ဘာ နှစ်ဆယ့်ငါးရက်နေ့မှာ ကျရောက်တဲ့ နေမင်းဖွားမြင်တဲ့ Mithraic ပွဲတော်နဲ့ ပတ်သက်ပြီး တွေးမပူမိကြဘူး၊ အဲဒီမှာ ဘုန်းတော်ကြီးတစ်ပါးက ဒီ solstice ပွဲတော်တွေက (ခရစ်တော်အပေါ်) ယုံကြည်မှုကို ခြိမ်းခြောက်နေတယ်၊ ဒါပဲ ဘာမှ လာမပြောနဲ့လို့ ဆုံးဖြတ်ခဲ့တယ်၊ ခုတော့ ငါတို့က အဲဒီနေ့မှာ ခရစ်တော် မွေးဖွားတယ်ဆိုပြီး လူတွေ စုဝေးကြ၊ ခရစ်တော် ဖွားမြင်တော်မူတဲ့ ပန်းချီကားတွေ၊ ခရစ္စမတ်လက်ဆောင်တွေ၊ ခရစ္စမတ် တရားတော်တွေ၊ သစ်သားနွားစာခွက်ထဲက ပလတ်စတစ်ကလေးလေးတွေနဲ့ မဟုတ်လား"

"ဒါနဲ့ ခရစ္စမတ်သစ်ပင်ကရော ဘယ်ကနေ လာသလဲ သိလား"

"မပြောတတ်ဘူး"

"စိန့်ဘွန်နီဖေ့က သူ ကလေးဘဝတုန်းက နတ်ဘုရားအိုဒင်ကို ပူဇော်တဲ့ အလေ့အထကို ခရစ်ယာန်ထုံးစံတစ်ခုအဖြစ် သွတ်သွင်းဖို့ ဆုံးဖြတ်ခဲ့တယ်၊ တစ်နှစ် တစ်ခါ ဂျာမန်နစ်လူမျိုးစုတွေက ကလေးတွေ ရှာတွေ့အောင် ဝက်သစ်ချပင်မှာ

mgyee.com

mgyoe.com


လက်ဆောင်ပစ္စည်းလေးတွေ ချိတ်လေ့ ရှိတယ်၊ သူတို့ကတော့ ဒါဟာ ပေဂန် နတ်သမီးကို ပျော်ရွှင်စေတယ်လို့ အယူရှိတယ်"

"ဟန်းနဲ့ ဖရစ်ဇ်တို့ရဲ့ ဇာတ်လမ်းဆီပြန်ကောက်ရရင် လူ့ယဉ်ကျေးမှုကြီးတွေ၊ လူသားဆက်ဆံရေးတွေ၊ တို့ရဲ့ မျှော်လင့်ချက်တွေ၊ အောင်ပွဲတွေက ဝါးတားတား ဖြစ်နေတဲ့ တခြားဇာတ်လမ်းတစ်ပုဒ်ကနေ ထွက်လာတဲ့ အရာတွေ သက်သက်လား"

"စန်တီယေးဂိုးသွား လမ်းမကြီးအကြောင်း ရှင် ရေးတုန်းက ဒီကောက်ချက်နဲ့ပဲ အဆုံးသတ်ခဲ့တာ မဟုတ်လား၊ မှော်သင်္ကေတတွေရဲ့ အဓိပ္ပာယ်ကိုသိတာ လက်ရွေးစင်လူလေး နည်းနည်းပဲ ရှိတယ်လို့ ရှင် ယုံကြည်ထားတာ မဟုတ်လား၊ အခုတော့ ကျွန်မတို့အားလုံး ဒီအဓိပ္ပာယ်တွေကို သိနေတာပဲလို့ ရှင် နားလည်သွားပြီ၊ ဒါဖြင့် ကျွန်မတို့ ဒီအဓိပ္ပာယ်ကို မေ့ကုန်ကြလို့လား"

"သိရုံနဲ့တော့ ဘာမှ မထူးဘူး၊ လူတွေက သူတို့ ပိုင်ဆိုင်ထားတဲ့ မှော်အစွမ်းအစတွေကို လက်မခံဘဲ မေ့ဖျောက်ဖို့ အတတ်နိုင်ဆုံးကြိုးစားကြတယ်၊ ဒါမှ သူတို့ရဲ့ လောကလေး ဒီအတိုင်း မပြောင်းမလဲ ရှိနေမယ် မဟုတ်လား"

"ဒါပေမဲ့ ကျွန်မတို့အားလုံးမှာ လုပ်နိုင်စွမ်းရှိတယ် မဟုတ်လား"

"ဒါပေါ့၊ တို့မှာ တို့ရဲ့ အိပ်မက်တွေကို အကောင်အထည်ဖော်ဖို့၊ သင်္ကေတတွေနောက်လိုက်ဖို့ သတ္တိမရှိကြတာပဲ ရှိတယ်၊ ဝမ်းနည်းမှုဟာ ဒီက လာတာ ဖြစ်မယ်"

"မသိပါဘူး၊ ကျွန်မ တစ်ချိန်လုံး စိတ်ညစ်နေတယ်လို့ မပြောပါဘူး၊ ကျွန်မမှာ ပျော်စရာတွေ ရှိပါတယ်၊ ကျွန်မ ရှင့်ကို ချစ်တယ်၊ ကျွန်မ အလုပ်ကို မြတ်နိုးတယ်၊ ဒါပေမဲ့လည်း တစ်ခါတစ်ရံ ဒီလို အလွန်အကြူးဝမ်းနည်းမှု ခံစားရတယ်၊ တစ်ခါတစ်ရံ အပြစ်မကင်းမှုနဲ့ မဟုတ်လည်း ပူပင်သောကနဲ့ ရောထွေးနေတတ်တယ်၊ ခံစားမှုက အချိန်တန်တော့ ပြေသွားတာပါပဲ၊ ဒါပေမဲ့ အမြဲ ပြန်ပေါ်လာတတ်တယ်၊ ပြီးရင် ပြန်ပျောက်သွားပြန်ရော၊ ဟန်းလိုပဲ ကျွန်မလည်း ဒီမေးခွန်းကို မေးမိတတ်တယ်၊ မဖြေနိုင်တဲ့အခါ ဒီလိုပဲ မေ့ထားလိုက်တယ်၊ ကျွန်မ လမ်းပေါ်က အခြေအနေမဲ့ကလေးတွေအတွက် ဖောင်ဒေးရှင်းတစ်ခုထောင်ပြီး ငတ်မွတ်နေတဲ့ ကလေးတွေကို သွားကူနိုင်ပါတယ်၊ ဂျီးဆပ်ရဲ့ နာမတော်အားဖြင့် လူတွေကို ကယ်ဖို့ ကြိုးစားတာမျိုး၊ ကိုယ့်ကိုယ်ကိုယ် အသုံးဝင်တယ်လို့ ခံစားမိစေမယ့် တစ်စုံတစ်ရာမျိုး လုပ်နိုင်ပါတယ်၊ ဒါပေမဲ့ ကျွန်မ မလုပ်ချင်ဘူး"

mgyoe.com

mgyobe.com SAMPLE BOOK


"ဒါဖြင့် မင်း ဒီစစ်ပွဲသတင်း ဘာကြောင့် သွားယူချင်ရတာလဲ"

"အကြောင်းကတော့ စစ်ပွဲအတွင်းမှာ လူတွေဟာ ဘဝကို အကန့်အသတ်နဲ့ နေထိုင်တယ်လို့ ထင်လို့ပဲ၊ နောက်တစ်နေ့ သူတို့ ရှိချင်မှ ရှိတော့မှာ မဟုတ်လား၊ အဲဒီလို နေရတဲ့ လူမှန်သမျှ ပုံမှန်အပြုအမူနဲ့ မတူကြတော့ဘူး"

"ဒါဖြင့် မင်းက ဟန်းရဲ့ မေးခွန်းကို အဖြေရှာချင်တယ်ပေါ့"

"ဟုတ်တယ်"

*

တစ်နာရီထိုးတိုင်း ငါးမိနစ်လောက် တောက်ပထည်ဝါနေတဲ့ အီဖယ်မျှော်စင်ကြီးကို လှမ်းမြင်ရတဲ့ ဟိုတယ်ဘရစ်စတောရဲ့ လှပတဲ့ ဒီအခန်းထဲမှာ ကျွန်တော်ထိုင်နေမိတယ်။ နံဘေးမှာ ဝိုင်ပုလင်းလွတ်တွေနဲ့၊ စီးကရက် တစ်လိပ်ပြီး တစ်လိပ် ကုန်သွားတယ်။ လူတွေက ဘာမှ ကြီးကြီးကျယ်ကျယ် မဖြစ်ခဲ့သလို ကျွန်တော့်ကို နှုတ်ဆက်သွားကြတယ်။ ကျွန်တော် ကိုယ့်ဘာသာမေးမိတယ်။ အဲဒီတုန်းက ရုပ်ရှင်ရုံက ထွက်လာကတည်းက ဒီဇာတ်လမ်းက ပျိုးနေခဲ့တာလား။ ကျွန်တော့်အနေနဲ့ ဒီဝါးတားတားဇာတ်လမ်းကို ရှာဖွေဖို့ သူ့ကို ခွင့်ပြုခဲ့တာ မှန်ရဲ့လား။ ဒါမှမဟုတ် သူ့ကို မင်း ငါ့မိန်းမပဲ၊ ငါနဲ့ အတူရှိဖို့လိုတယ်၊ ငါ့ကို ပြုစုဖို့ ဝတ္တရားရှိတယ်ဆိုပြီး အဲဒီ စိတ်ကူးကို မေ့ပစ်လိုက်ဖို့ အကျောက်အကန် ပြောသင့်သလား။

အဓိပ္ပာယ်မရှိဘာပဲ။ အဲဒီကတည်းက အခုလိုပဲ ကျွန်တော့်မှာ သူ့ ဆန္ဒကို လက်ခံရုံကလွဲပြီး ရွေးချယ်စရာ မရှိဘူးဆိုတာ ကျွန်တော် သိနေခဲ့တယ်။ ကျွန်တော်က မင်း ငါနဲ့ ဆက်ပေါင်းမလား၊ စစ်သတင်းထောက် လုပ်မလား ကြိုက်တာရွေးလို့ ပြောခဲ့ရင် အက်စသာ ကျွန်တော့်အတွက် လုပ်ပေးခဲ့တာတွေ အားလုံးကို သစ္စာဖောက်ရာ ရောက်လိမ့်မယ်။ ဝါးတားတားဇာတ်လမ်းကို ရှာဖွေဖို့ ဆိုတဲ့ သူပြောတဲ့ ရည်ရွယ်ချက်ကို လက်မခံပါဘူး။ ဒါပေမဲ့လည်း သူ့အနေနဲ့ အပြင်ထွက်ပြီး ပြင်းထန်တဲ့ စိတ်လှုပ်ရှားမှုကို ရှာဖွေဖို့ နည်းနည်းလွတ်လပ်မှုတော့ လိုတယ်လို့ သဘောရတယ်။ အဲဒါ ဘာများ မှားသလဲ။

ဒါဟာ အကျိုးဆောင်ဘဏ်ကနေ အကြီးအကျယ် ထုတ်ယူရာကျတယ်ဆိုတာ မရှင်း မရှင်းနဲ့ ကျွန်တော် လက်ခံလိုက်မိတယ် (ခုချိန် ပြန်တွေးကြည့်

mgyobe.com

mgyoe.com

တော့ ဒါ ပြောဖို့ မကောင်းတဲ့ ရယ်စရာကိစ္စလိုပဲ)၊ နှစ်နှစ်လောက် အက်စသာ တစ်ယောက် ပဋိပက္ခတွေရှိရာ တောက်လျှောက်လိုက်တယ်။ တိုက်ကြီးတွေ တစ်တိုက်ပြီးတစ်တိုက် ကူးနေလိုက်တာ ဖိနပ် လဲစီးတာထက်တောင် မြန်သေး။

သူ ပြန်ရောက်လာတိုင်း ဒီတစ်ခေါက်တော့ သူ လက်လျှော့လိုက်ပြီလို့ ကျွန်တော် ထင်မိခဲ့တယ်။ အစားအသောက်ကောင်းကောင်း မရှိ၊ နေ့စဉ် ရေချိုးစရာ မရှိ၊ ရုပ်ရှင်ရုံမရှိ၊ ပြဇာတ်ရုံမရှိတဲ့ အရပ်မှာ လူတစ်ယောက်အနေနဲ့ အကြာကြီး နေဖို့ဆိုတာ မဖြစ်နိုင်ဘူးလေ။ ကျွန်တော်က ဟန်းရဲ့ မေးခွန်းအတွက် အဖြေကို ရခဲ့ပြီလားလို့ မေးတိုင်း သူက နီးစပ်နေပါပြီလို့ အမြဲ ပြန်ပြောတတ်တယ်။ ကျွန်တော့်မှာ အဲဒီအဖြေနဲ့ပဲ ကျေနပ်ရတယ်။ တစ်ခါတစ်ရံ သူ အိမ်ကနေ လနဲ့ချီပြီး သွားနေတတ်တယ်။ အိမ်ထောင်ရေးမှာ အစဉ်အဆက် ပြောကြတာတွေ (ကျွန်တော်လည်း သူ့ ဝေါဟာရတွေ စသုံးနေမိပြီ) နဲ့တော့ တခြားစီပဲ။ ဒီလို ဝေးကွာနေတဲ့အတွက် ကျွန်တော်တို့ရဲ့ အချစ်က ပိုတောင် ပြင်းထန်အားကောင်း နေတတ်တယ်။ ကျွန်တော်တို့တစ်ယောက်ကိုတစ်ယောက် ဘယ်လောက် လိုအပ်လဲ ဆိုတာ ပြနေခဲ့တယ်။ ပဲရစ်ကို ရွှေ့လာတုန်းက အကောင်းဆုံးအနေအထားကို ရောက်ပြီလို့ ထင်ခဲ့တဲ့ ကျွန်တော်တို့ရဲ့ ဆက်ဆံရေးက ဒီ့ထက်ကို ပိုပြီး ကောင်းမွန် လာခဲ့တယ်။

ကျွန်တော် နားလည်သလောက် ဇဟိုအာရှတိုက်နိုင်ငံတစ်ခုကို သွားဖို့ စကားပြန်ရှာရင်း သူ မစ်ခေးနဲ့ ဆုံခဲ့ကြတယ်။ ကနဦးတော့ သူ့အကြောင်း တကယ့်ကို အားပါးတရ ပြောပြတယ်။ သူက သိပ်ကို အရိပ်အကဲသိ ကူညီ တတ်တဲ့သူ ဖြစ်ကြောင်း၊ လောကကြီးကို ဖြစ်သင့်တဲ့အတိုင်း မဟုတ်ဘဲ အမှန် တကယ် ဖြစ်နေတဲ့အတိုင်း မြင်တတ်တဲ့သူ ဖြစ်ကြောင်း။ မစ်ခေးက သူ့ထက် ငါးနှစ် ငယ်တယ်။ ဒါပေမဲ့ အက်စသာ ပြောသလို ပြောရရင် မှော်ဆန်တဲ့ အရည်အသွေး ရှိတယ်။ ကျွန်တော်လည်း ယဉ်ကျေးသမှုနဲ့ စိတ်ရှည်လက်ရှည် နားထောင်ပေးတယ်။ ကောင်လေးနဲ့ သူ့အတွေးအခေါ်တွေကို တကယ်ပဲ စိတ်ဝင်စားသယောင်ယောင် ပေါ့။

ဒါပေမဲ့ အမှန်မှာတော့ ကျွန်တော့်စိတ်က အဝေးမှာ၊ ကျွန်တော် ဆောင်ရွက်ရမယ့် ကိစ္စတွေနဲ့ပတ်သက်ပြီး စဉ်းစားနေမိတယ်။ ဆောင်းပါးရေးဖို့ အကြံတွေထုတ်။ ဂျာနယ်လစ်တွေ၊ ထုတ်ဝေသူတွေဆီက မေးခွန်းတွေကို ဘယ်လို

mgyoe.com

mgybe.com  SAMPLE BOOK 

ဖြေရင် ကောင်းမလဲ ကြိုတင်စဉ်းစား၊ ကျွန်တော့်ကို စိတ်ဝင်စားပုံရတဲ့ မိန်းမ တစ်ယောက်ကို ဘယ်လိုလုံးရင် ကောင်းမလဲ ဉာဏ်တွေဆင်၊ နောက်ထွက်မယ့် စာအုပ်တွေ အရောင်းမြှင့်တင်ဖို့ အစီအစဉ်ချနဲ့ပေါ့။

ဒါကို အက်စသာ သတိထားမိသလားတော့ ကျွန်တော် မသိ။ ကျွန်တော် တို့ ပြောနေတဲ့စကားထဲမှာ တစ်စ တစ်စ မစ်ခေးအကြောင်း မပါတော့တာ ကျွန်တော် လုံးလုံး သတိမထားမိခဲ့။ အက်စသာရဲ့ အမူအရာက ပိုပိုပြီး ကြောင်လာခဲ့တယ်။ ပဲရစ်မှာ ရှိနေတဲ့ အခိုက်မှာတောင် သူ ညည အပြင်ထွက်နေတတ်တယ်။ ကျွန်တော့်ကို ပြောတာတော့ သူ သူတောင်းစားတွေအကြောင်း ဆောင်းပါးရေးဖို့ သုတေသနလုပ်နေတယ်ဆိုပဲ။

ကျွန်တော်ကတော့ သူ့မှာ ဇာတ်လမ်းရှိနေလို့ ဖြစ်မယ် တွေးမိတယ်။ တစ်ပတ်လောက် ကျွန်တော် နာကျင်ခံစားနေပြီးမှ ကိုယ့်ကိုယ်ကိုယ် မေးမိတယ်။ ကျွန်တော့်ရဲ့ သံသယ သူ့ကို ပြောပြသင့်သလား။ ဒါမှမဟုတ် ဘာမှ မဖြစ်သလို ဟန်ဆောင်ပြီး နေမလားပေါ့။ ကျွန်တော်လည်း လျစ်လျူရှုထားလိုက်ဖို့ပဲ ဆုံးဖြတ် ခဲ့တယ်။ မျက်စိနဲ့မမြင်ရရင် နှလုံးသားက ပူဆွေးစရာ မရှိဆိုတဲ့ သဘောတရား အတိုင်းပေါ့။ သူ ကျွန်တော့်ကို ထားခဲ့ဖို့အကြောင်း နည်းနည်း လေးမှ မရှိဘူးလို့ ကျွန်တော် လုံးဝကို ယုံမှတ်ထားမိတယ်။ ကျွန်တော့်ကို အခုလို ဖြစ်လာဖို့ သူ တအား ကြိုးစားအားထုတ်ခဲ့ရတယ်။ ပေါ်ပင် ခဏပန်း ဇာတ်လမ်းအတွက် အဲဒါတွေ အားလုံးကို ထားခဲ့ဖို့ဆိုတာ ယုတ္တိ မရှိလှဘူးလေ။

ကျွန်တော်သာ အက်စသာရဲ့ ကမ္ဘာကို အမှန်တကယ် စိတ်ဝင်စားခဲ့ရင် သူ့ရဲ့ စကားပြန်လေးနဲ့ သူ့ရဲ့ မော်ဆန်လှတဲ့ ပါးနပ်မှုရော ဘာဖြစ်သွားသလဲ မေးခဲ့သင့်တာပေါ့။ ဘာသတင်းစကားမှ မကြားဘဲ တိတ်နေတာကိုက သံသယ ဖြစ်စရာပဲလို့ တွေးမိသင့်တယ်။ အဲဒီ သူတောင်းစားတွေဆီ သွားသွားနေတဲ့ သူ့ရဲ့ သုတေသနလုပ်ငန်းမှာ တစ်ခေါက်လောက် လိုက်ချင်တယ်လို့ တောင်းဆို ခဲ့သင့်တယ်။

တစ်ခါတစ်ရံ သူက သူ့အလုပ်အပေါ်မှာ စိတ်ဝင်စားရဲ့လားလို့ မေးတိုင်း ကျွန်တော်က ဒီလိုပဲ အမြဲ ဖြေတတ်တယ်။

'ဒါပေါ့ စိတ်ဝင်စားပါတယ်၊ ဒါပေမဲ့ ငါ့အနေနဲ့ ဝင်မရှုပ်ချင်ဘူး၊ မင်းကို ကိုယ်ရွေးထားတဲ့ လမ်းအတိုင်း ကိုယ့်အိပ်မက်နောက် လွတ်လွတ်လပ်လပ်

mgybe.com

mgyoe.com

လိုက်စေချင်တယ်၊ မင်း ငါ့တုန်းက ကူညီခဲ့သလိုပေါ့'

ဒီတော့ သူ့အလုပ်ကို နည်းနည်းလေးမှ စိတ်မဝင်စားဘူးလို့ ပြောတာနဲ့ အတူတူပါပဲ။ ဒါပေမဲ့ လူဆိုတာကလည်း ကိုယ်ယုံချင်တာကိုပဲ ရွေးယုံတတ်တဲ့ သဘောဆိုတော့ အက်စသာလည်း ကျွန်တော့်အဖြေကို ကျေနပ်သွားတယ်။ ရဲစခန်းကနေ လွှတ်ပေးလိုက်တော့ ကျွန်တော့်ကို ရဲအုပ်ပြောလိုက်တဲ့စကား ပြန်ကြားယောင်မိပြန်တယ်။

ခင်ဗျား လွှတ်လပ်ပြီတဲ့။ ဒါပေမဲ့ လွှတ်လပ်မှုဆိုတာ ဘာလဲ။ မင်း လုပ်နေတာတွေကို မင်းယောကျ်ား စိတ်မဝင်စားဘူးဆိုတာ သိသွားတာလား။ မင်း ယူထားတဲ့ ယောကျ်ားက (အောင်မြင်ကျော်ကြားတဲ့ စာရေးသူအနေနဲ့ ပင်ပန်းခက်ခဲပြီး အရေးကြီးလှတဲ့) သူ့အလုပ်ထဲမှာပဲ လုံးလုံးနှစ်ထားတဲ့အတွက် တစ်ယောက်တည်း အထီးကျန် ခံစားနေရပြီး စိတ်ထဲမှာ အောင်းနေတဲ့ ခံစားမှုတွေကို မျှဝေစရာ လူ မရှိတာမျိုးလား။

ကျွန်တော် အိမ်ဖယ်မျှော်စင်ကို ကြည့်လိုက်တယ်။ နောက်တစ်နာရီ ကုန်သွားခဲ့ပြန်ပြီ။ မျှော်စင်ကြီးကတော့ စိန်တွေနဲ့ စီထားသလား မှတ်ရအောင် ပြိုးပြက်တောက်ပနေခဲ့တယ်။ ကျွန်တော့်မှာ ပြတင်းပေါက်နံဘေး ထိုင်ငေးနေရင်း ဒါမျိုး ဘယ်နှကြိမ်လောက် ကြုံပြီးသွားပြီလဲ မပြောတတ်။ အိမ်ထောင်ရေးရဲ့ လွှတ်လပ်မှုဆိုတဲ့ ခေါင်းစဉ်အောက်မှာ ကျွန်တော်ဟာ မိန်းမဖြစ်သူရဲ့ စကားထဲမှာ မစ်ခေး ပျောက်ကွယ်သွားခဲ့တာ သတိမထားမိခဲ့။ သူပြန်ပေါ်လာတော့ ဘားမှာ၊ ပြီးတော့ ပြန်ပျောက်သွားခဲ့ပြန်တယ်။ ဒီတစ်ကြိမ်တော့ သူနဲ့အတူ အက်စသာ့ကိုပါ အပါ ခေါ်သွားခဲ့တယ်။ အောင်မြင်လှတဲ့ နာမည်ကျော် စာရေးဆရာကြီးကို အဓိက သံသယ ဖြစ်ဖွယ်ရာပုဂ္ဂိုလ်အဖြစ် ထားရစ်ခဲ့တာပေါ့။ ပိုဆိုးတာက စွန့်ပစ်ခံ ယောကျ်ားတစ်ယောက်အနေနဲ့ ထားရစ်ခဲ့တာပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

# ဟန်းရဲ့ မေးခွန်း

Buenos Aires (ဘွေနိုဧရိ) မှာတော့ ဇာဟိရ်ဆိုတာ တွေ့နေကျ ပြားနှစ်ဆယ် (centavo) တန် အကြွေစေ့လေးပဲ။ N နဲ့ T ဆိုတဲ့ စာလုံးတွေ၊ ဂဏန်း 2 က ဓားတစ်ချောင်း ဒါမှမဟုတ် စာအိတ်ဖောက်တံတစ်ခုလို အမှတ်အသားနဲ့ ကျောဘက် မှာ 1929 ဆိုတဲ့ နေ့စွဲကို ထွင်းထားတယ်။ (ဂူဂျာရတ်မှာတော့ ဆယ့်ရှစ်ရာစု အကုန်လောက်က ဇာဟိရ်က ကျားတစ်ကောင်ပဲ)၊ ဂျာဗားမှာတော့ ဇာဟိရ်ဆိုတာ နောက်လိုက်တွေရဲ့ ကျောက်တုံးနဲ့ ပစ်ခတ်ခြင်းခံရတဲ့ ဆူရာကာတ ဗလီက မျက်မမြင်တစ်ယောက်။ ပါရှားမှာတော့ Nadir Shah က ပင်လယ်ထဲ ပစ်လိုက်ဖို့ အမိန့်ပေးခဲ့တဲ့ နက္ခတ်တိုင်းတာရေးကိရိယာပဲ။ Mahdi ရဲ့ ထောင်တွေမှာ ၁၉၈၂ တစ်ဝိုက်လောက် က Rudolf Karl von Slatin ထိ ကိုင်ခဲ့တဲ့ သံလိုက်အိမ်မြှောင်လေးတစ်ခုပဲ။

တစ်နှစ်အကြာမှာ ကျွန်တော်ဟာ ဟော်ရခဲလူးရီးစ်ဘောရခဲ (Jorge Luis Borges) ရဲ့ ဝတ္ထုအကြောင်း တွေးနေမိတယ်။ တစ်ကြိမ်ထိမိရုံ၊ ဒါမှမဟုတ် ကြည့်မိရုံနဲ့ မေ့ဖျောက်လို့မရတော့တဲ့ အတွေးထဲမှာ တစ်စတစ်စ နေရာယူ စိုးမိုးကာ ရူးသွပ်စေတဲ့၊ စွဲလမ်းစေတဲ့ တစ်စုံတစ်ရာအကြောင်းပေါ့။ ကျွန်တော့် ဇာဟိရ်ကတော့ မျက်မမြင်တို့၊ သံလိုက်အိမ်မြှောင်တို့၊ ကျားတို့၊ အကြွေစေ့တို့လို ရိုမန်တစ်ဆန်လှတဲ့ ဥပစာမျိုး မဟုတ်။ သူ့မှာ နာမည်ရှိတယ်။ သူ့ နာမည်က အက်စသာ။

mgyoe.com

mgyoe.com

အချုပ်ကလွပ်လွပ်ချင်း ကျွန်တော့်သတင်းက အတင်းအဖျင်းစာစောင် အမျိုးမျိုးမှာ ပါလာခဲ့တယ်။ သူတို့က ဖြစ်နိုင်ခြေရှိတဲ့ ပြစ်မှုတစ်ခုခုကို ရမ်းသန်း စွပ်စွဲကြတယ်။ ပြီးမှ တရားစွဲမခံရအောင် ကျွန်တော် အမှုက လွတ်လာခဲ့ပြီလို့ အဆုံးမှာ အမြဲရေးလေ့ရှိတယ်။ (လွတ်လာတယ်တဲ့လား၊ ကျွန်တော် ဘယ်တုန်း ကမှ တရားစွဲမခံခဲ့ရ) သူတို့က တစ်ပတ်လောက် စောင့်ကြည့်တယ်။ အရောင်း တက်လာသလားလို့ (ဘာကြောင့်ဆို ကျွန်တော်က ပုံမှန်အားဖြင့် သံသယဝင်စရာ မရှိတဲ့ စာရေးဆရာ၊ လူတိုင်းလူတိုင်းက ကျွန်တော့်လို နာမ်ပိုင်းဆိုင်ရာတွေ ရေးနေတဲ့ စာရေးဆရာတစ်ယောက်မှာ ဒီလို မကောင်းတဲ့အခြမ်းလည်း ရှိတယ်ဆိုတာ ဖြစ်နိုင် ပါ့မလား သိချင်ကြတယ် မဟုတ်လား)။ အဲဒီနောက် ကျွန်တော့်မိန်းမ ထွက်ပြေး တာဟာ အပြင်မှာ ကျွန်တော် တအားရှုပ်လို့ ဖြစ်မယ်ဆိုပြီး တိုက်ခိုက်ကြပြန်တယ်။

ဂျာမန်မဂ္ဂဇင်းတစ်စောင်က ကျွန်တော့်ထက် အသက်နှစ်ဆယ်လောက် ငယ်တဲ့ အဆိုတော်တစ်ယောက်နဲ့ ဇာတ်လမ်းရှိနိုင်တယ်ဆိုပြီး ထင်ကြေးပေးတယ်။ သူက ကျွန်တော်နဲ့ နော်ဝေနိုင်ငံ အော်စလိုမြို့မှာ ဆုံခဲ့ကြတယ်လို့ ပြောလိုက် တာကိုး (အဲဒါ အမှန်ပါပဲ။ ဒါပေမဲ့ အကျိုးဆောင်ဘဏ်ကိစ္စနဲ့ တွေ့ကြတာပါ။ ကျွန်တော့် သူငယ်ချင်းတစ်ယောက်က သွားဖို့ ခေါ်တာနဲ့ပါ။ တစ်ခါလောက် ညစာစားရုံပါပဲ။ အဲဒီမှာ သူလည်း ကျွန်တော်တို့နဲ့အတူ ရှိပါတယ်။) အဆိုတော် မလေးကတော့ ကျွန်တော်တို့ကြားမှာ ဘာမှ မပတ်သက်ပါဘူး (ဒါဖြင့် ဘာဖြစ်လို့ ကျွန်တော်တို့ နှစ်ယောက်ရဲ့ ပုံကို မျက်နှာဖုံးမှာ တင်ထားလဲ) လို့ ဆိုပြီး အခွင့် အရေးရတုန်း သူ့ရဲ့ထွက်ရှိတော့မယ့် အယ်လ်ဘမ်အသစ်ကို ကြေညာပါတယ်။ သူက မဂ္ဂဇင်းကိုရော ကျွန်တော့်ကိုပါ အသုံးချသွားတာပါ။ အဲဒီလို အပေါ်စား ကျော်ကြားမှုကြောင့်လားတော့ မသိ၊ အယ်လ်ဘမ်က မအောင်မြင် (စကားမစပ်၊ အယ်လ်ဘမ်က မဆိုးပါဘူး၊ အားလုံးကို ဖျက်ဆီးလိုက်တာက ဂျာနယ်ကနေ ဖွလိုက်တာပါပဲ)။

နာမည်ကြီးစာရေးဆရာရဲ့ မကောင်းသတင်းက ကြာကြာမခံပါဘူး။ ဥရောပ (အထူးသဖြင့် ပြင်သစ်)မှာ အိမ်ထောင်ရေးဖောက်ပြန်မှုကို လက်ခံရုံတင် မက ကျိတ်ပြီးတောင် အားကျနေကြသေးတာ မဟုတ်လား။ သူတို့ကိုယ်တိုင် လည်း အချိန်မရွေး ကြုံနိုင်တဲ့ ဒီလို ကိစ္စမျိုးကို ဘယ်သူမှ မဖတ်ချင်ကြ။

ကျွန်တော့်အကြောင်းက မျက်နှာဖုံးတွေကနေ ပျောက်ကွယ်သွားကြ တယ်။ ဒါပေမဲ့ ထင်ကြေးတွေကတော့ ပေးနေကြဆဲပဲ။ သူ ပြန်ပေးဆွဲခံရတာ

mgyoe.com

mgyoe.com

SAMPLE BOOK


ဖြစ်မယ်။ ဒါမှမဟုတ် ရိုက်နှက်နှိပ်စက်ခံရလို့ အိမ်က ထွက်သွားတာဖြစ်မယ် (ဆောင်းပါးက ကျွန်တော်တို့တွေ အမြဲ ငြင်းခုံရန်ဖြစ်လေ့ရှိတယ်လို့ ပြောနေတဲ့ စားပွဲထိုးရဲ့ပုံနဲ့။ ကျွန်တော်တို့ စကားများခဲ့တာ ကျွန်တော် မှတ်မိပါတယ်။ တကယ်တော့ တောင်အမေရိက စာရေးဆရာတစ်ယောက်နဲ့ ပတ်သက်ပြီး သူနဲ့ ကျွန်တော် စားသောက်ဆိုင်တစ်ဆိုင်မှာ ငြင်းခုံခဲ့ကြတာပါ)။ ဗြိတိန်က လူပြိန်းကြိုက် သတင်းစာတစ်စောင်ကတော့ ကျွန်တော့်အမျိုးသမီးဟာ အစ္စလာမ်အကြမ်းဖက်အဖွဲ့ တစ်ဖွဲ့ထံ ရောက်ရှိ ပုန်းအောင်းနေတယ်လို့ စွပ်စွဲပါတယ်။ ကံကောင်းထောက်မ စွာပဲ ဒီသတင်းအပေါ် သိပ်ပြီး အကြီးအကျယ် ရိုက်ခတ်မှု မရှိခဲ့။

အိမ်ထောင်ရေးဖောက်ပြန်မှု၊ ကွာရှင်းမှု၊ လူသတ်မှု၊ လုပ်ကြံမှုတွေနဲ့ ပြည့်နှက်နေတဲ့ ကမ္ဘာကြီးမှာ ဒီအကြောင်းအရာက တစ်လလောက်နေတဲ့အခါ သာမန်ပြည်သူတွေကြားမှာ မေ့လို့သွားတယ်။ နှစ်ပေါင်းများစွာ အတွေ့အကြုံက ဒီလိုကိစ္စမျိုးနဲ့တော့ ကျွန်တော့်ရဲ့ သစ္စာရှိ စာဖတ်ပရိသတ်တွေအပေါ် ဘယ်လို သက်ရောက်မှုမှရှိမှာ မဟုတ်ဘူးလို့ သင်ကြားပေးခဲ့တယ်။ (အရင်လည်း ဒါမျိုး ကြုံဖူးတယ်။ အာဂျင်တီးနားရုပ်သံတစ်ခုရဲ့ ဂျာနယ်လစ်က အနာဂတ် သမ္မတ ကတော် ဖြစ်လာမယ့် သူနဲ့ ကျွန်တော် ချီလီမှာ လျှို့ဝှက်တွေ့ဆုံခဲ့တာ သူ့မှာ အထောက်အထားနဲ့ကို ရှိတယ်လို့ ဆိုတယ်။) ဒါပေမဲ့လည်း ကျွန်တော့်စာအုပ်က အရောင်းရဆုံး စာရင်းဝင်လျက်ပဲ။)

အမေရိကန်အနုပညာသမားတစ်ယောက် ပြောသလိုပဲ၊ လူပြိန်းကြိုက် သည်းထိတ် ရင်ဖို ဇာတ်လမ်းတွေက ဆယ့်ငါးမိနစ်ပဲ ခံတယ်တဲ့။ ကျွန်တော် အဓိက စဉ်းစားတာတွေကတော့ အဲဒါနဲ့ အတော်လေး ကွဲပြားတယ်။ ကျွန်တော်က ကျွန်တော့်ဘဝကို ပြန်လည်တည်ဆောက်ဖို့၊ အချစ်သစ်ရှာဖို့၊ စာတွေ ပြန်ရေးဖို့၊ အချစ်နဲ့ အမုန်း ကြားမှာရှိတဲ့ အံ့ခွဲလေးထဲမှာ ကျွန်တော့်မိန်းမရဲ့ အမှတ်တရတွေ မှန်သမျှ စုထည့်ထားလိုက်ဖို့ပဲ။

ဒါမှမဟုတ် ကျွန်တော့်ဇနီးဟောင်းရဲ့ အမှတ်တရတွေလို့ ပြောသင့် သလား (ကျွန်တော့်အဖို့ ဒီ ဝေါဟာရနဲ့ အကျွမ်းဝင်ဖို့ လိုနေသေးတယ်)။

အဲဒီ ဟိုတယ်ခန်းထဲမှာ တင်ကြိုမှန်းဆမိတဲ့အတိုင်း တစ်စိတ်တစ်ပိုင်း တော့ ကြုံလာရပြီ။ ဖြစ်ဖြစ်ချင်း တစ်ခဏတော့ ကျွန်တော် အခန်းထဲက ထွက်ခဲ့တယ်။ ကျွန်တော် အပေါင်းအသင်းတွေကို ဘယ်လို မျက်နှာပြရမှန်း မသိဘူး။

mgyoe.com

m.gyoe.com

သူတို့ကို စေ့စေ့ကြည့်ပြီး ငါ့မိန်းမတော့ ကောင်လေးတစ်ယောက်နဲ့ လိုက်သွားပြီကွာလို့ ဘယ်လိုလုပ် ပြောရမယ် မသိဘူး။ ကျွန်တော် အပြင်ထွက် တော့လည်း ဘယ်သူမှ ဘာမှ မမေးကြပါဘူး။ ဒါပေမဲ့ ပိုင်လေးနည်းနည်းလောက် ဝင်သွားရင် ကျွန်တော့်မှာ ဒီကိစ္စနဲ့ပတ်သက်ပြီး ပြောဖို့ တာဝန်ရှိတယ်လို့ ခံစား လာရရော။ လူတကာရဲ့ စိတ်ကို ဖတ်နိုင်သလိုလို၊ ကျွန်တော့်ကိစ္စထက် သူတို့ကို ဖမ်းစားနိုင်တဲ့အရာ မရှိဘူး။ အားနာလို့သာ မမေးကြတာလို့ အမှန်တကယ် ယုံကြည်နေသလိုမျိုး။ ကျွန်တော် စိတ်ခံစားမှုပေါ်လိုက်ပြီး အက်စသာမှာ မတန်မရာ သူတော်စင်တစ်ယောက် ဖြစ်လိုဖြစ်၊ ကျွန်တော့်ကို ခုလို ၉ ဇာတ်ရှုပ်ကြီးထဲ သံသယမကင်းစရာ လူတစ်ယောက်အဖြစ် ထားရစ်ခဲ့တဲ့ သစ္စာမဲ့ ဖောက်ပြန်လှတဲ့ မိန်းမကြီး ဖြစ်လိုဖြစ်နဲ့ အမျိုးမျိုး ပြောင်းနေခဲ့တယ်။

မတက်မဖြစ် တက်ရတဲ့ ပျော်ပွဲစားပွဲတွေမှာ ကျွန်တော့်နံဘေးထိုင်ကြတဲ့ သူငယ်ချင်းတွေ၊ မျက်မှန်းတန်းမိနေသူတွေ၊ ထုတ်ဝေသူတွေက ကနဦးတော့ သိချင်စိတ်တစ်ခုနဲ့ နားထောင်ကြတယ်။ ဒါပေမဲ့ တဖြည်းဖြည်းနဲ့ သူတို့တွေ တခြားအကြောင်း ပြောင်းပြောလာကြတယ်။ အတိုင်းအတာတစ်ခုအထိတော့ ဒါနဲ့ပတ်သက်ပြီး စိတ်ဝင်စားကြပေမယ့် လတ်တလော သူတို့ သိချင်နေတဲ့အရာ မဟုတ်တော့ဘူး။ သူတို့က အဆိုတော်တစ်ယောက်ရဲ့ သတ်ဖြတ်ခြင်း ခံလိုက်ရတဲ့ မင်းသမီးတစ်ယောက်အကြောင်း ပိုပြီး စိတ်ဝင်စားကြတယ်။ ဒါမှမဟုတ်လည်း ထင်ရှားတဲ့ နိုင်ငံရေးသမားတွေနဲ့ ဇာတ်ရှုပ်ခဲ့သမျှတွေ ရေးသားထားတဲ့ ဆယ်ကျော် သက် ကောင်မလေးရဲ့ အကြောင်းလိုမျိုးပေါ့။

တစ်ရက် မက်ဒရစ်က ညစာစားပွဲတွေ၊ ပွဲလမ်းတွေမှာ ဧည့်သည်တွေ စပြီး ကျဲလာတာ ကျွန်တော် သတိထားမိလာတယ်။ ကျွန်တော့်ခံစားမှုတွေကို ဖြေလျှော့ဖို့ သူ့ကို အပြစ်ပဲတင်တင်၊ ချီးမွမ်းတာပဲ လုပ်လုပ် ကျွန်တော့် အတွက် ကောင်းပေမယ့် သူများတွေအတွက်တော့ ကျွန်တော်ဟာ သစ္စာမရှိတဲ့ ခင်ပွန်း တစ်ယောက်ထက်တောင် ပိုဆိုးနေပါသေးလားလို့ ကျွန်တော် သဘောပေါက် လာမိတယ်။ ကျွန်တော်ဟာ ဘယ်သူမှ အနားမကပ်ချင်တဲ့၊ ပျင်းစရာကောင်းတဲ့ လူမျိုး ဖြစ်လာပါလားပေါ့။

အဲဒီကနေစပြီး ကျွန်တော် တိတ်တိတ်ဆိတ်ဆိတ်ပဲ ခံစားဖို့ ဆုံးဖြတ် လိုက်တယ်။ ကျွန်တော့်စာတိုက်ပုံးထဲမှာ ဖိတ်စာတွေနဲ့ ပြန်ပြီး ပြည့်လို့လာခဲ့တယ်။

mgyoe.com

mgyee.com

ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာ ကနဦးကတည်းက စွဲလမ်းစွာပဲ ဖြစ်စေ၊ မကျေမချမ်းနဲ့ပဲ ဖြစ်စေ တွေးနေမိခဲ့တဲ့ ဇာဟိရ်ကတော့ မပြတ်ကြီးထွားလို့ နေခဲ့တယ်။ ကျွန်တော့်မှာ တွေ့သမျှ မိန်းမတိုင်းကို အက်စသာများ ဖြစ်မလား ရှာဖွေနေမိခဲ့တယ်။ သူ့ကို ဘားတွေ၊ ရုပ်ရှင်ရုံတွေ၊ ဘတ်စ်ကားမှတ်တိုင်တွေမှာ တွေ့လေနိုးနိုးနဲ့။ အငှားကားသမားကို လမ်းလယ်ကောင်ကြီးရပ်ခိုင်းပြီး တစ်ယောက် ယောက်နောက် တကောက်ကောက် လိုက်နေမိတာလည်း တစ်ကြိမ်မကတော့။ ကျွန်တော် ရှာနေတဲ့သူ မဟုတ်မှန်း ကိုယ့်ကိုယ်ကိုယ် နားမချနိုင်မချင်း လိုက်နေ မိတယ်။

ကျွန်တော့်ရဲ့ အတွေးတိုင်းမှာ ပါလာတဲ့အထိ ဇာဟိရ်က နေရာယူ သိမ်းပိုက်လာတဲ့အခါမှာတော့ ကျွန်တော်လည်း ဖြေဆေးဆောင်ဖို့ လိုလာတယ်။ ကျွန်တော့်ကို မျှော်လင့်ချက်ကင်းမဲ့တဲ့ အခြေအနေမရောက်အောင် ထိန်းပေးမယ့် တစ်စုံတစ်ရာပေါ့။

အဖြေကတော့ တစ်ခုတည်းပဲ ရှိတယ်။ ရည်းစားတစ်ယောက် ထားလိုက်ရုံပေါ့။

ကျွန်တော် အမျိုးသမီး သုံးလေးယောက်နဲ့ ဆုံတယ်။ အဲဒီနောက်တော့ သုံးဆယ့်ငါးနှစ်အရွယ် ပြင်သစ်မင်းသမီး မာရီနဲ့ ဆုံတယ်။

သူက 'ကျွန်မ ရှင့်ကို ယောကျ်ားတစ်ယောက်အနေနဲ့ သဘောကျတာ၊ လူတိုင်း ဆုံချင်ကြတဲ့ ကျော်ကြားသူတစ်ယောက်အနေနဲ့ သဘောကျတာမဟုတ်ဘူး' တို့၊ 'ကျွန်မ ရှင့်ကို သိပ်ပြီး မကျော်ကြားစေချင်ဘူး' တို့၊ ဒီ့ထက်ပိုဆိုးရင် 'ကျွန်မ ပိုက်ဆံကို စိတ်မဝင်စားပါဘူး' တို့ စတဲ့ ပေါက်ကရတွေ မပြောတတ်တဲ့ တစ်ဦးတည်းသော အမျိုးသမီးပဲ။ ကျွန်တော့်ရဲ့ အောင်မြင်မှုကို အစစ်အမှန် ကျေနပ်နေတတ်တဲ့ တစ်ဦးတည်းသော အမျိုးသမီးပဲ။ ဘာကြောင့်ဆို သူလည်း ကျော်ကြားတဲ့သူပဲလေ၊ ကျော်ကြားမှုအကြောင်း ကောင်းကောင်းသိတာပေါ့။ ကျော်ကြားမှုက ကာမအားတိုးဆေးပဲ။ ခေါင်းခေါက်ရွေးလို့ရတဲ့ အထဲက သူ့ကိုမှ ရွေးချယ်တယ်ဆိုတာ မိန်းမတစ်ယောက်ရဲ့ အတ္တအတွက် ဂုဏ်ယူစရာပဲ။

ကျွန်တော်တို့ကို ပါတီတွေ၊ ညစ်ခံပွဲတွေမှာ မကြာခဏ အတူ တွေ့လာ ရတယ်။ ကျွန်တော်တို့နှစ်ယောက်ရဲ့ ဆက်ဆံရေးနဲ့ပတ်သက်ပြီး ထင်ကြေးတွေ ပေးလာကြတယ်။ ဒါပေမဲ့ သူရော၊ ကျွန်တော်ရောက ငြင်းလည်း မငြင်း၊ အတည်လည်း မပြု။ အဲဒီအတွက် ဒီကိစ္စက တန်းလန်း ဖြစ်နေခဲ့တယ်။ မဂ္ဂဇင်း

mgyee.com

mgyoe.com


တွေ အတွက်တော့ ကျော်ကြားတဲ့ အနမ်းခတ်ပုံရဖို့ စောင့်ရုံပဲ ရှိတော့တယ်။ အဲဒါမျိုးလည်း ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်။ ဘာကြောင့်ဆို ကျွန်တော်တို့ နှစ်ယောက်လုံးက လူရှေ့သူရှေ့ ဒီလိုနမ်းဖို့ကို အရှက်အကြောက်မရှိ အောက်တန်း ကျလှတယ်လို့ ယူဆကြတယ်။ သူက သူ့ရဲ့ ရုပ်ရှင်တွေရိုက်၊ ကျွန်တော်ကလည်း ကိုယ့်အလုပ် ကိုယ်လုပ်။ ကျွန်တော်အားရင် မီလန်ကိုသွား၊ သူ အချိန်ရရင် ကျွန်တော့်ကို ပဲရစ်မှာ လာတွေ့။ ကျွန်တော်တို့မှာ တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးလှပေမယ့် တစ်ယောက်ကို တစ်ယောက် မမှီခို။

မာရီက ကျွန်တော့်စိတ်ထဲ ဖြစ်နေတာတွေကို မသိဟန်ဆောင် သလို ကျွန်တော်ကလည်း သူ့ စိတ်ထဲမှာ ဖြစ်နေတာတွေကို မသိသယောင် နေတယ် (သူ့မှာ ဘယ်ယောကျ်ားမဆို ခေါင်းခေါက်ယူလို့ရပေမယ့် အိမ်နားက အိမ်ထောင်ရှိ အမျိုးသားတစ်ယောက်နဲ့ မဖြစ်နိုင်တဲ့ အချစ်ဇာတ်လမ်းကို ခင်းနေ ခဲ့တယ်)။

ကျွန်တော်တို့နှစ်ယောက်က သူငယ်ချင်းဆိုလည်းဟုတ်၊ အဖော်မွန်ဆို လည်းဟုတ်၊ နှစ်ယောက်သား အကြိုက်ချင်း တူကြတယ်။ ပြောမယ်ဆို ကျွန်တော် တို့ နှစ်ယောက်ကြား တစ်နည်းတစ်ဖုံချစ်နေကြတယ်လို့တောင် ပြောလို့ရတယ်။ ဒါပေမဲ့ အဲဒီအချစ်က ကျွန်တော် အက်စသာအပေါ် ထားတဲ့အချစ်မျိုးနဲ့ မတူသလို သူ့ရဲ့ အိမ်နီးချင်းအပေါ် ခံစားရတဲ့ အချစ်မျိုးလည်း မဟုတ်ဘူး။

ကျွန်တော် စာအုပ်လက်မှတ်ထိုးပွဲတွေ ပြန်တက်တယ်။ လက်ချာ ပေးဖို့ ဖိတ်ကြားမှုတွေကို လက်ခံတယ်၊ ဆောင်းပါးတွေတောင်းတာကို လက်ခံ တယ်။ ရန်ပုံငွေ ညစာစားပွဲတွေ တက်တယ်။ ရုပ်သံအစီအစဉ်တွေမှာ ပါလာတယ်။ တက်သစ်စ လူငယ်အနုပညာရှင်တွေအတွက် အစီအစဉ်တွေမှာ ကူညီပေးတယ်။ ပြောရရင် ကျွန်တော်လုပ်ရမယ့် စာပေရေးသားခြင်းကလွဲပြီး ကျန်တာ အားလုံး လုပ်တယ်။

ဒါပေမဲ့ ကျွန်တော့်အတွက်တော့ ဒါလည်း အရေးမကြီး။ စိတ်ထဲမှာ ကျွန်တော့်ကို စာရေးဖြစ်စေခဲ့တဲ့ အမျိုးသမီးလည်း မရှိမှတော့ ကျွန်တော့် စာရေးဆရာဘဝလည်း အပြီးသတ်သွားပြီလို့ ယုံကြည်နေမိတယ်။ ကျွန်တော် အိပ်မက်မဆုံးမချင်း အိပ်မက်ထဲမှာပဲ ဆက်နေမိတယ်။ ကျွန်တော့်ဝင်ငွေက လူ အများစု အားကျလောက်တဲ့ ဝင်ငွေထက်ကို သာသေးတဲ့အတွက် တစ်သက်လုံး မကြောင့်မကြ နေသွားလို့ ရနေတာပဲလေ။

mgyoe.com

mgyoe.com

မနက်မိုးလင်းတိုင်း ကျွန်တော် အဲဒီလို တွေးလေ့ရှိတယ်။ နေ့လယ်ရောက်ရင်တော့ ကျွန်တော် အလုပ်ချင်ဆုံး အလုပ်က စာရေးခြင်းပဲဆိုတာ နားလည်မိပြန်ရော။ ညရောက်ရင်တော့ ငါဖြစ်ချင်တဲ့ အိပ်မက်လည်း ဖြစ်လာခဲ့ပြီ၊ နောက်ထပ် အသစ်တစ်ခု စမ်းကြည့်သင့်တယ်လို့ ကိုယ့်ကိုယ်ကိုယ် ဖျောင်းဖျမိပြန်တယ်။

*

လာမယ့်နှစ်က စပိန်မှာ Ano Santo Compostelano လို့ ခေါ်တဲ့ မြင့်မြတ်တဲ့နှစ်ပဲ။ Saint James of Compostela ရဲ့ နေ့ဖြစ်တဲ့ ဇူလိုင်၂၅ က တနင်္ဂနွေနဲ့ တိုက်တဲ့နှစ်တိုင်း မြင့်မြတ်တဲ့နှစ်လို့ သတ်မှတ်တယ်။ ထုံးတမ်းစဉ်လာအရ စန်တီယေးဂိုးက ဘုရားကျောင်းကြီးရဲ့ အထူးတံခါးပေါက်ကို ၃၆၅ ရက်လုံး ဖွင့်ထားတယ်။ အဲဒီတံခါးကနေ ဝင်လာသူတိုင်း အထူးတလည် ကောင်းချီးပေးမှုတွေ တသီကြီး ရတယ်။

စပိန်တစ်ပြည်လုံးမှာ အထိမ်းအမှတ်ပွဲ အမျိုးမျိုး ကျင်းပကြတယ်။ ကျွန်တော်က တရားရှာခရီးကနေ အကျိုးအများကြီး ဖြစ်ခဲ့တဲ့သူဆိုတော့ အနည်းဆုံး အထိမ်းအမှတ်ပွဲ တစ်ပွဲလောက်မှာ ပါဝင်ပေးဖို့ ဆုံးဖြတ်ခဲ့တယ်။ ဇန်နဝါရီမှာ Basque နယ်က လုပ်မယ့်ပွဲမှာ စကားပြောပေးဖို့ပေါ့။ ကျွန်တော့်မှာ တစ်နေ့တစ်နေ့ စာအုပ်ရေးဖို့ ကြိုးစား၊ ပါတီတက်၊ လေဆိပ်သွား၊ မာရီရှိရာ မီလန်သွားလည်၊ ညစာထွက်စား၊ ဟိုတယ်သွား၊ လေဆိပ်သွား၊ အင်တာနက်သုံး၊ လေဆိပ်သွား၊ အင်တာဗျူးလုပ်၊ နောက်ထပ် လေဆိပ်သွားစတဲ့ လုပ်ရိုးလုပ်စဉ်တွေကနေ လွတ်မြောက်အောင် ၁၄၀၀ ကီလိုမီတာခရီးကို တစ်ယောက်တည်း ကားမောင်းသွားဖို့ ဆုံးဖြတ်ခဲ့တယ်။

ဘယ်နေရာရောက်ရောက် ကျွန်တော့်မှာ ကျွန်တော့်ရဲ့ မူပိုင်ရှင် ဇာဟိရ်ကို သတိရနေမိတယ်။ အရင်က တစ်ခါမှ မရောက်ဖူးတဲ့နေရာတွေ ရောက်ရင်တောင် အဲဒီလို သတိရမိစေတယ်။ ကျွန်တော့်မှာ အက်စသာတစ်ယောက် ဒါများတွေ့ရင် ဘယ်လောက် သဘောကျလိုက်မလဲ။ ဒီစားသောက်ဆိုင်မှာ စားရရင် ဘယ်လောက်များ အကြိုက်တွေ့လိုက်မလဲ။ ဒီမြစ်နံဘေးမှာ လမ်းလျှောက်ရရင် ဘယ်လောက်များ ပျော်လိုက်မလဲပဲ တွေးနေမိတယ်။ Bayonne မှာ ကျွန်တော် ညဘက် စတည်းချတယ်။ ညမအိပ်ခင် ရုပ်မြင်သံကြား ဖွင့်ကြည့်လိုက်တော့မှ စပိန်နဲ့ပြင်သစ်နယ်စပ်မှာ

mgyoe.com

မျှော်လင့်မထားတဲ့ ပြင်းထန်တဲ့ နှင်းမုန်တိုင်းကြောင့် ထရပ်ကား အစီး ငါးထောင်လောက် ပိတ်မိနေတဲ့သတင်းကို ကြည့်လိုက်ရတယ်။

ကျွန်တော် နိုးလာတော့ ပဲရစ်ကို ပြန်မောင်းသွားရင်ကောင်းမယ်လို့ တွေးမိတယ်။ ကျွန်တော့်အတွက် အစီအစဉ်ကို ဖျက်သိမ်းလိုက်ဖို့ရာ ခိုင်လုံတဲ့ အကြောင်းပြချက်လည်း ရှိပြီးသား။ စီစဉ်သူတွေအနေနဲ့လည်း နားလည်ပေးမှာ အသေအချာပဲ။ ကားတန်းကြီးက ပရမ်းပတာနဲ့၊ လမ်းပေါ်မှာ ရေတွေကခဲလို့၊ မတော်တဆ ယာဉ်တိုက်မှုတွေ များလွန်းတဲ့အတွက် ပြင်သစ်နဲ့စပိန် နှစ်ဖက် အာဏာပိုင်တွေက ဒီပိတ်ရက်မှာ အိမ်ထဲက အပြင်မထွက်ဖို့ တိုက်တွန်းနေ ခဲ့တယ်။ အခြေအနေဟာ ညက ကြေညာတာထက် ပိုဆိုးနေခဲ့တယ်။ မနက်ဘက် သတင်းစာမှာ လမ်းကြောတစ်ခုတည်းမှာကို လူပေါင်း တစ်သောင်းခုနစ်ထောင်လောက် ပိတ်မိနေတယ်လို့ ဆိုတယ်။ မြို့ပြကာကွယ်ရေးတပ်ဖွဲ့တွေက သူတို့ အတွက် အစားအသောက်နဲ့ ယာယီ အမိုးအကာတွေပေးဖို့ လှုပ်ရှားနေကြတယ်။ အတော်များများက ဆီကုန်သွားပြီ ဖြစ်တဲ့အတွက် ကားထဲက အပူပေးစက်ကို မသုံးနိုင်ကြတော့ဘူးလေ။

ဟိုတယ်ဝန်ထမ်းက အကယ်၍ သေရေးရှင်ရေးဖြစ်လို့ မသွားမဖြစ် သွားရမယ်ဆိုလည်း လမ်းပိတ်နေတာကို ရှောင်ရအောင် လမ်းမကြီးကမသွားဘဲ လမ်းသွယ်တစ်ခုကနေ သွားနိုင်ကြောင်း၊ နှစ်နာရီခန့် ပိုကြာမှာဖြစ်ကြောင်း၊ ဒါပေမဲ့ လမ်းအခြေအနေကို ဘယ်သူမှ အာမမခံနိုင်ကြောင်း ကျွန်တော့်ကို ပြောပြတယ်။ ကျွန်တော်လည်း အလိုအလျောက်ပေါ်လာတဲ့ စိတ်နဲ့ပဲ ဆက်သွားဖို့ ဆုံးဖြတ်လိုက်တယ်။ ကျွန်တော့်ကို ရေခဲနေတဲ့ ကတ္တရာလမ်းတွေပေါ်ထွက်ပြီး ပိတ်ဆို့နေတဲ့ ယာဉ်တန်းတွေကြား စိတ်ရှည်ရှည်နဲ့ စောင့်ဆိုင်းဖို့ တစ်စုံတစ်ရာက တွန်းအားပေး နေခဲ့တယ်။

ဗစ်တိုးရီးယား (victory အောင်ပွဲ) ဆိုတာ မြို့အမည် ဖြစ်နိုင်ပါတယ်။ သက်သောင့်သက်သာဝနဲ့ သိပ်ကို အသားကျနေခဲ့ပြီး အကျဉ်းအကျပ် အခြေအနေမှာ အလိုက်သင့် လှုပ်ရှားနိုင်စွမ်း ပျောက်ဆုံးနေတဲ့ ကျွန်တော့်စိတ်ထဲမှာ ခံစားလိုက်ရတဲ့ ခံစားမှုလည်း ဖြစ်နိုင်ပါတယ်။ လွန်ခဲ့တဲ့ ရာစုနှစ်ပေါင်းများစွာက တည်ထားခဲ့တဲ့ ဘုရားကျောင်းတော်ကြီးကို ပြန်လည်ပြုပြင်ထိန်းသိမ်းဖို့ ကြိုးစား ကြတဲ့ လူတွေရဲ့ စိတ်အားထက်သန်မှုကြောင့်လည်း ဖြစ်နိုင်ပါတယ်။ သူတို့ရဲ့

mgyoe.com

mgyoe.com

အားထုတ်မှုကို လူတွေ သတိပြုမိလာအောင် စာရေးဆရာအချို့ကို ဟောပြောဖို့ ဖိတ်ကြားခဲ့တယ်လေ။ ဒါမှမဟုတ် အမေရိကားကို အခြေချတဲ့ နယ်မြေသစ် ရှာဖွေသူတွေ ပြောလေ့ရှိတဲ့ 'အရေးကြီးတာက ဘဝ မဟုတ်ဘူး ခရီး' ဆိုတဲ့ ဆိုရိုးစကားလိုမျိုး ဖြစ်မလား။

ဒီ့အတွက် ကျွန်တော် ခရီးဆက်နေမိတယ်။ စိတ်တင်းကျပ်လှတဲ့ နာရီပေါင်း များစွာ ဖြတ်သန်းအပြီး ကျွန်တော် ဗစ်တိုးရီးယားကို ရောက်ခဲ့တယ်။ ကျွန်တော့်ကို စောင့်နေရှာတဲ့သူတချို့မှာ ကျွန်တော့်ထက်တောင် စိတ်မောနေကြသေးတယ်။ သူတို့ အပြောအရ လွန်ခဲ့တဲ့ အနှစ်သုံးဆယ်အတွင်း ခုလို နှင်းမုန်တိုင်းမျိုး မကျခဲ့ဘူး။ ကြိုးစားပမ်းစား လာပေးတဲ့ ကျွန်တော့်ကို ကျေးဇူးတင်ကြတယ်။ အဲဒီနောက် စီစဉ်ထားတဲ့အတိုင်း ဆန်တာမာရီယာ ဘုရားကျောင်းရှိရာ သွားကြတယ်။

ရွှန်းလဲ့တဲ့ မျက်လုံးတွေနဲ့ မိန်းမငယ်လေးက ဇာတ်လမ်းကို စပြီး ပြောတယ်။ ဇာတ်လမ်းအစက ပြောရရင် မြို့တံတိုင်းဆိုတာ ရှိခဲ့တယ်။ တံတိုင်းက ကျန်နေတုန်းပဲ။ ဒါပေမဲ့ တစ်စိတ်တစ်ပိုင်းက ဝတ်ပြုဆုတောင်းတဲ့ chapel အဖြစ် လုပ်ထားတယ်။ နှစ်ပေါင်းများစွာအကြာ ဆုတောင်းခန်းအဖြစ်ကနေ ဘုရားကျောင်းဖြစ်လာတယ်။ နောက်ထပ် ရာစုတစ်စု ဖြတ်သန်းလာပြီးနောက်မှာ ဘုရားကျောင်းကနေ ဂေါသစ် ကျောင်းတော်ကြီး ဖြစ်လာတယ်။ ကျောင်းတော်ကြီးမှာ ဂုဏ်ယူစရာ အခိုက်အတန့်တွေရှိသလို အဆောက်အအုံပိုင်း ပြဿနာတွေ ကြုံရတာတွေလည်း ရှိတယ်။ စွန့်ပစ်ခံထားရတဲ့ အချိန်ကာလတွေ ရှိသလို ပြန်လည်ပြုပြင်တော့လည်း မူလအဆောက်အအုံ ပုံစံတစ်ခုလုံး ပုံပျက်သွားတာမျိုး ကြုံရတယ်။ ရှိနေတဲ့ ရက်မတစ်ချောင်းကို ဖြိုချ၊ အပြင်ကနေ ဒေါက်တိုင်တစ်ခု ထည့်၊ ပြီးတော့ မှန်နဲ့ ပြတင်းပေါက်တွေ ဆင်လိုက်တာမျိုး။ ကျောင်းတော်ကြီးဟာ ဒါတွေ အားလုံးကို ကြံ့ကြံ့ခံ ရပ်တည်ခဲ့တယ်။

ကျွန်တော် ကျောင်းတော်ကြီးရဲ့ ပင်မအဆောက်အအုံကြီးထဲ လှမ်းဝင်လိုက်ပြီး လတ်တလော ပြန်လည်မွမ်းမံထိန်းသိမ်းမှု လုပ်နေတာတွေကို လေ့လာနေမိတယ်။ ဒီတစ်ကြိမ်တော့ ဗိသုကာတွေက အကောင်းဆုံး အဖြေရှာနိုင်ခဲ့ပြီလို့ အာမခံတယ်။ နေရာတိုင်းမှာ သစ္စာတိုင်တွေ၊ ငြမ်းတွေ၊ နောက်ထပ် လုပ်ရမယ့် အရာတွေနဲ့ပတ်သက်လို့ ရှေ့မ သီအိုရီတွေ၊ အရင်က လုပ်ခဲ့တာတွေနဲ့ ပက်သက်လို့ ဝေဖန်ပြစ်တင်မှုတွေနဲ့ ပြည့်နေခဲ့တယ်။

mgyoe.com

mgyoe.com

အဲဒီမှာ ကျောင်းတော်ကြီးရဲ့ အလယ်ဗဟိုကွက်လပ်မှာ လှျောက်နေရင်း သိပ်အရေးကြီးတဲ့ အရာတစ်ခုကို ရုတ်တရက် နားလည်လိုက်မိတယ်။ ကျောင်းတော်ကြီးက ကျွန်တော်ပဲ၊ ကျွန်တော်တို့ အားလုံးပဲ။ ကျွန်တော်တို့အားလုံး ကြီးပြင်းလာကြတယ်။ ပုံသဏ္ဌာန်တွေ ပြောင်းလဲလာကြတယ်။ ပြုပြင်ဖို့လိုတဲ့ အားနည်းချက်တွေကို ကျွန်တော်တို့ သတိထားမိကြတယ်။ ကျွန်တော်တို့တွေ အကောင်းဆုံးအဖြေကို အမြဲလို မရွေးချယ်မိကြဘူး။ ဒါပေမဲ့လည်း ကျွန်တော်တို့တွေ ဘယ်လိုပဲဖြစ်ဖြစ် ဆက်လုပ်ကြတာပဲ။ ထူမတ်နိုင်ဖို့၊ သပ်သပ်ရပ်ရပ်ဖြစ်ဖို့ ကြိုးစားကြတယ်။ ဒါ နံရံတွေ၊ ပြတင်းပေါက်တွေကို ဂုဏ်ပြုဖို့မဟုတ်ဘူး။ ကျွန်တော်တို့ ရှိုးဆုတောင်းကြတဲ့ အထဲက ကွက်လပ်ကို ဂုဏ်ပြုဖို့ပဲ။ ဒီကွက်လပ်က ကျွန်တော်တို့နဲ့ အရင်းနှီးဆုံး၊ ကျွန်တော်တို့အတွက် အရေးကြီးဆုံးပဲ။

ဟုတ်တယ်။ ကျွန်တော်တို့အားလုံးက ကျောင်းတော်ကြီးတွေပဲ၊ ဒါနဲ့ ပတ်သက်ပြီး သံသယ မရှိ။ ဒါပေမဲ့ ကျွန်တော့် ကျောင်းတော်ကြီးရဲ့အတွင်း ကွက်လပ်ထဲမှာ ဘာရှိနေလဲ။

ဗာဟီရ၊ အက်စသာ။

သူက အရာရာတိုင်းမှာ ရှိနေခဲ့တယ်။ သူဟာ ကျွန်တော် အသက်ရှင်သန်ရခြင်းရဲ့ တစ်ခုတည်းသော အကြောင်းရင်း၊ ကျွန်တော် ဘေးဘီကို ကြည့်လိုက်တယ်။ ပြီးတော့ ကျွန်တော်ပြောရမယ့်အမှာစကားအတွက် ပြင်ဆင်နေမိတယ်။ ကျွန်တော်ဟာ နှင်းတွေ ကျပြီး ကားတွေ ပိတ်ဆို့ ရေခဲနေတဲ့ လမ်းတွေပေါ်မှာ ဘာကြောင့် မကြောက်မရွံ့ မောင်းခဲ့ သလဲ နားလည်လာခဲ့တယ်။ ကျွန်တော်ဟာ နေ့စဉ်နေ့တိုင်း ကိုယ့်ကိုယ်ကိုယ် ပြန်တည်ဆောက်ဖို့လိုတယ်ဆိုတာ သတိရဖို့ ၊ ဘဝမှာ ပထမဆုံးအနေနဲ့ ကိုယ့်ကိုယ်ကိုယ်ထက် ပိုချစ်ရတဲ့ တခြား လူသားတစ်ယောက် ရှိတာ လက်ခံဖို့ ဒီလို အရဲစွန့်ပြီး သွားခဲ့ရတာပဲ။

ပဲရစ်အပြန်လမ်းမှာတော့ ရာသီဥတုကလည်း ပိုပြီး ကောင်းမွန်လို့၊ ကျွန်တော် ဘာကိုမှမတွေးဘဲ လမ်းကိုပဲ လုံးလုံး အာရုံစိုက်ကာ မေ့မေ့မြောမြော မောင်းလာခဲ့တယ်။ အိမ်ပြန်ရောက်တော့ အိမ်အကူကို ဘယ်သူ့မှ ပေးမဝင်ဖို့မှာပြီး ကျွန်တော့်ကို မနက်စာ၊ နေ့လယ်စာ၊ ညစာ ပြင်ပေးဖို့ ရက်အနည်းငယ်လောက် ညအိပ်နေပေးနိုင်မလားလို့ မေးလိုက်တယ်။ အင်တာနက်ချိတ်ပေးတဲ့ ကိရိယာလေးကို ခြေထောက်နဲ့ ဆောင့်နင်းပြီး လုံးလုံး ဖျက်ဆီးပစ်လိုက်တယ်။ တယ်လီဖုန်းကို

mgyoe.com

mgyee.com  SAMPLE BOOK 

ကြိုးဖြုတ်ထားလိုက်တယ်။ လက်ကိုင်ဖုန်းကို ပုံးတစ်လုံးထဲထည့်ပြီး ကျွန်တော့် ထုတ်ဝေသူဆီ ပို့ထားလိုက်တယ်။ ကျွန်တော်ကိုယ်တိုင် လာယူမှပဲ ပြန်ပေးဖို့ မှာထားရတယ်။

တစ်ပတ်လောက် ကျွန်တော် မနက်ဘက် စိန်းမြစ်ဘေး လမ်းလျှောက်၊ ပြန်လာရင် အခန်းပိတ်ပြီး လေ့လာစရာ ရှိတာတွေ လေ့လာနေခဲ့တယ်။

ကျွန်တော့်မှာ နတ်သားတစ်ပါးရဲ့ အသံကို နားထောင်နေတဲ့အလား ကျွန်တော် စာအုပ် ရေးတယ်၊ မဟုတ်ရင်လည်း ကျွန်တော့်အိပ်မက်ထဲက မိန်းမ ထံကို စာရှည်ကြီးတစ်စောင် ရေးတယ်။ ကျွန်တော်ချစ်တဲ့ အမျိုးသမီး၊ ကျွန်တော် ထာဝရ ချစ်သွားမယ့် အမျိုးသမီးထံကိုပေါ့။ ဒီစာအုပ်က တစ်ချိန်မှာ သူ့ လက်ထဲ ရောက်ကောင်း ရောက်သွားနိုင်တယ်။ မဟုတ်တာတောင်မှ ကျွန်တော့်မှာ သူ့ရဲ့ စိတ်ဝိညာဉ်နဲ့ လတ်တလော ငြိမ်းချမ်းနေခဲ့တယ်။ အနာတရဖြစ်နေတဲ့ ဂုဏ်မာနတွေနဲ့ နပန်းသတ်နေစရာ မလိုတော့၊ အက်စသာကို ဘားတွေ၊ ရုပ်ရှင်ရုံတွေ၊ ညစာစားပွဲတွေ စသဖြင့် နေရာအနှံ့ရှာနေစရာ မလိုတော့။ သူ့ကို သတင်းစာတွေထဲမှာ ရှာစရာ မလိုတော့၊ မာရီ့ဆီမှာ ရှာစရာ မလိုတော့။

အဲဒါနဲ့ ပြောင်းပြန် ကျွန်တော့်မှာ သူ ရှိနေတာကို ကျေနပ်နေမိတယ်။ ကျွန်တော်ဟာ ကိုယ်တိုင်နားမလည်တဲ့ အချစ်နဲ့ ချစ်နိုင်စွမ်းရှိတယ်ဆိုတာ သူ ကျွန်တော့်ကို ပြသပေးခဲ့တယ်။ ဒီအတွက် ကျွန်တော့်မှာ တင့်တယ်တဲ့ အနေ အထားမှာ ရှိစေတယ်။

ကျွန်တော် ဓာပတိရ်ကို လက်ခံလိုက်တယ်။ ထူးချင်ထူး၊ ရူးချင်ရူး အဲဒီ အရာရဲ့ ခေါ်ဆောင်ရာ လိုက်ပါမိမှာပဲ။

*

'ဆုတ်ဖြဲချိန်နှင့် ပြန်ချုပ်ချိန်' ဧပြီလကုန်မှာ ထုတ်ဖြစ်ခဲ့တယ်။ ဒီခေါင်းစဉ်က အင်္ဂလိပ်စီယားစ်တိ Ecclesiastes*[သမ္မာကျမ်းစာ ဒေသနာ ကျမ်း ၃း၇ အဝတ်ကိုဆုတ်ရသောအချိန်နှင့် ချုပ်ရသောအချိန်လည်း ရှိ၏] ရဲ့ စာကြောင်းတစ်ကြောင်း ကနေ ယူထားတာ။ မေလ ဒုတိယပတ်မှာ အရောင်းရဆုံးစာရင်းရဲ့ နံပါတ်တစ် ဖြစ်နေခဲ့ပြီ။ ကျွန်တော့် အပေါ် ဘယ်တုန်းကမှ

mgyee.com

မကောင်းခဲ့တဲ့ မဂ္ဂဇင်း စာပေကဏ္ဍတွေကတော့ နှစ်ဆတိုး တိုက်ခိုက်ကြပြန်တယ်။ ကျွန်တော်လည်း အဓိက စာပိုဒ်တွေကို ဖြတ်တောက်ပြီး ပြီးခဲ့တဲ့နှစ်တွေက ရီဗျူးတွေ စုထားတဲ့ မှတ်စုစာအုပ်ထဲ ကပ်ထားလိုက်တယ်။ သူတို့ ပြောတာတွေက အခြေခံအားဖြင့် အတူတူပါပဲ။ စာအုပ်နာမည် ပြောင်းသွားတာ တစ်မည်ပါပဲ။

ကျွန်တော်တို့ နေထိုင်နေရတဲ့၊ ဒုက္ခများလှတဲ့ ခေတ်ကာလကြီးထဲမှာ စာရေးဆရာက ပရိသတ်ကို အချစ်ဝတ္ထုတစ်ပုဒ်နဲ့ တကယ့်ဘဝကနေ ထွက်ပြေးပြီး (လူတွေမှာ အချစ် မရှိဘဲ နေနိုင်တဲ့အလားပဲ)။ တိုတောင်းတဲ့ ဝါကျတွေ၊ အပေါ်ယံရုပ်ထားတဲ့ ရေးဟန် (ဝါကျရှည်ရှည်ရေးမှပဲ နက်နဲသိမ်မွေ့မယ့်အတိုင်း)။

စာရေးဆရာမှာ အောင်မြင်မှုကို ရယူဖို့ လျှို့ဝှက်ချက်ကို တွေ့ရှိသွားခဲ့ (ကျွန်တော့်မှာ စာပေအစဉ်အလာကြီးတဲ့ တိုင်းပြည်မှာ မွေးဖွားခဲ့ပြီး ပထမဆုံး စာအုပ်ကို ထုတ်ဝေဖို့ သန်းနဲ့ချီ ရင်းနှီးမြှုပ်နှံခဲ့တဲ့အလားပဲ)။

သူ့ရဲ့ တခြားစာအုပ်တွေလိုပဲ ဒီစာအုပ်လည်း ရောင်းရဦးမှာပဲ၊ ဒါကိုက လူတွေမှာ ထပ်တလဲလဲ ဇာတ်နာတွေကို ရင်ဆိုင်ဖို့ အဆင်သင့်မဖြစ်သေးတာကို ပြနေတာပဲ (သူတို့ကတော့ ဘယ်လို ရင်ဆိုင်ရမလဲ သိတာကျလို့)။

တချို့ စာအုပ်သုံးသပ်သူတွေကတော့ တစ်မျိုး၊ မနှစ်က ဟိုးလေးတကြော်ကြော် ဖြစ်သွားတဲ့ကိစ္စကနေ ပိုက်ဆံတွေ ပိုဝင်အောင် ကျွန်တော် အမြတ်ထုတ်နိုင်ခဲ့တဲ့အကြောင်းပါ ထည့်ရေးကြတယ်။ ထုံးစံအတိုင်း အဲဒီလို အဆိုးမြင်တဲ့ သုံးသပ်ချက်တွေကပဲ ကျွန်တော့်စာအုပ်တွေကို ပိုပြီး ရောင်းကောင်းစေခဲ့တယ်။ ကျွန်တော့်စာတွေကို စွဲစွဲမြဲမြဲ ဖတ်တဲ့သူတွေကတော့ ဘယ်လိုပဲ ဖြစ်ဖြစ် ဝယ်ကြတာပဲလေ။ (ဒီ သုံးသပ်ချက်တွေကြောင့်) စိတ်မကောင်းစရာ ဇာတ်လမ်းကို မေ့မေ့ပျောက်ပျောက် ဖြစ်နေသူတွေလည်း ပြန်သတိရသွားကြပြီး ဝယ်ဖတ်ကြတယ်။ သူတို့မှာ အက်စသာ ပျောက်သွားတဲ့အပေါ် ကျွန်တော့်ရဲ့အမြင်ကို ကြားချင်ကြသေးတယ် မဟုတ်လား (ဒါပေမဲ့ စာအုပ်က အဲဒီအကြောင်းရေးထားတာ မဟုတ်၊ အချစ်အကြောင်း ဖွဲ့သီထားတဲ့ မွေ့တေးတွေအကြောင်း ရေးထားတာ၊ အဲဒီအတွက် သူတို့ အကြီးအကျယ် စိတ်ပျက်ပြီး ဝေဖန်ရေးဆရာတွေ ပြောတာ အမှန်ပဲလို့ ဆုံးဖြတ်ကြမှာ အသေအချာပဲ)။

ကျွန်တော့်စာအုပ်ကို ပုံနှိပ်ထုတ်ဝေတဲ့ တိုင်းပြည်တိုင်းကို မူပိုင်ခွင့်တွေ ချက်ချင်းပဲ ရောင်းချရတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော့်စာမူကို ထုတ်ဝေသူဆီ မပို့မီကတည်းက ဖတ်ရတဲ့ မာရီက ကျွန်တော် မျှော်လင့်ထားတဲ့ အမျိုးသမီးမျိုး ဖြစ်အောင် သူ့ကိုယ်သူ ကြိုးစား ပြသတယ်။ မနာလိုဖြစ်တာမျိုး မရှိ။ ကိုယ့်ဝိညာဉ်ကို ဒီလို ဝန်မပိစေသင့်လို့ မပြော။ ကျွန်တော့်ကို ဆက်ရေးဖို့ပဲ အားပေးတယ်။ စာအုပ် အောင်မြင်သွားတဲ့ အခါလည်း တအားစိတ်လှုပ်ရှားလို့။

အဲဒီအချိန်မှာ သူက လူသိနည်းတဲ့ ဆရာအရှင်တစ်ပါးရဲ့ အဆုံးအမကို ဖတ်ရှုနေတဲ့အချိန်၊ စကားပြောတိုင်း သူ့အဆုံးအမတွေကို ကိုးကားလေ့ရှိတယ်။

*

"လူတွေ ချီးကျူးရင် ကိုယ့်အပြုအမူကိုယ် အမြဲသတိထားစောင့်ကြည့်ဖို့ လိုတယ်"

"ဝေဖန်ရေးသမားတွေ ငါ့ကို ဘယ်တော့မှ မချီးကျူးဘူး"

"ကျွန်မ ပြောတာ ရှင့်စာဖတ်သူတွေကိုပါ။ ရှင် အရင်ထက် စာတွေ ပိုပြီး လက်ခံရရှိတယ်။ ဒီတော့ ကိုယ့်ကိုယ်ကိုယ် ရှိတာထက် ပိုတော်သလို ယုံကြည်လာမိလိမ့်မယ်။ ကိုယ့်ကိုယ်ကိုယ် အတော်ဟုတ်ပြီပဲဆိုပြီး စိတ်ချလက်ချ ထားမိလာလိမ့်မယ်။ အဲဒါက သိပ်အန္တရာယ်များတယ်"

"ငါ ဗစ်တိုးရီးယားက ကျောင်းတော်ကြီးကို သွားလည်ပြီးကတည်းက ထင်တာထက် ပိုတော်တယ်လို့ ကိုယ့်ကိုယ်ကိုယ် တွေးမိတယ်၊ ဒါပေမဲ့ အဲဒါ စာဖတ်ပရိသတ်တွေရဲ့ စာနဲ့ ဘာမှ မဆိုင်ဘူး၊ နည်းနည်းကြောင်တယ် ထင်ရပေမယ့် ဒီခရီးမှာ ငါ အချစ်ကို တွေ့ရှိခဲ့တယ်"

"ကောင်းတာပေါ့၊ ဒီစာအုပ်မှာ ကျွန်မ သဘောကျတာက ရှင့်ကိုယ် ရှင်ရော၊ ရှင့်ရဲ့ ဇနီးဟောင်းကိုရော အပြစ်တင်တာမျိုး တစ်နေရာမှ မတွေ့ရ တာပဲ"

"ဒီနည်းနဲ့ ကိုယ့်ကိုယ်ကိုယ် အချိန်ဖြုန်းတာမျိုး မလုပ်မိဖို့ ငါ နားလည် လာခဲ့တယ်လေ"

"ကောင်းတယ်၊ စကြဝဠာကြီးက ကျွန်မတို့ရဲ့ အမှားအယွင်းတွေ အတွက် ပြန်လည်ပြင်ဆင်တာမျိုး လုပ်ပေးပါတယ်"

mgyoe.com

mgyoe.com SAMPLE BOOK

"ဒါဖြင့် အက်စသာ ပျောက်သွားတာ ပြန်လည်ပြင်ဆင်ခြင်းတစ်မျိုးလို့ မင်း ထင်သလား"

"ဝေဒနာတွေ၊ ကြေကွဲဖွယ်ရာဇာတ်လမ်းတွေရဲ့ ကုသနိုင်စွမ်းကို ကျွန်မ မယုံကြည်ဘူး၊ ဒါတွေက ဘဝရဲ့ အစိတ်အပိုင်းတွေပဲလေ၊ ဒါကို အပြစ်ပေးမှု တစ်မျိုးလို့ မမြင်သင့်ဘူး၊ ယေဘုယျပြောရရင် စကြဝဠာကြီးက ကျွန်မတို့ မှားနေပြီဆိုတာကို ကျွန်မတို့အတွက် အရေးကြီးဆုံးလူတွေ (ဥပမာ သူငယ်ချင်း တွေ)ကို အဝေးကို ခေါ်သွားခြင်းအားဖြင့် ပြသလေ့ ရှိတယ်၊ အခု ရှင် ကြုံနေ ရတာမျိုးက အဲဒါမျိုးပဲလို့ ပြောရင် ပိုမှန်မယ်လို့ ကျွန်မ ထင်တယ်"

"သိပ်မကြာခင်ကပဲ ငါ သိလာခဲ့တာ ရှိတယ်၊ မိတ်ဆွေစစ်ဆိုတာ အခြေအနေကောင်းနေချိန်မှာ ငါတို့နဲ့အတူ ရှိနေတဲ့သူတွေပဲ၊ ငါတို့နဲ့အတူ ဝမ်းသာဂုဏ်ယူပြီး ငါတို့ရဲ့ အောင်ပွဲတွေအပေါ် ကျေနပ်နေသူမျိုးပေါ့၊ မိတ်ဆွေ တုတွေကတော့ ငါတို့ခက်ခဲတဲ့အချိန်မှပဲ ပေါ်လာတတ်တယ်၊ စိတ်မကောင်းတဲ့ မျက်နှာတွေနဲ့ အားပေးနေသလိုမျိုး၊ တကယ်တော့ ငါတို့ရဲ့ ဒုက္ခသုက္ခတွေကို ကြည့်ပြီး သူတို့ရဲ့ စိတ်မကောင်းစရာ ဘဝတွေကို ဖြေသိမ့်နေကြတာပဲ၊ မနှစ်က ငါ အဆိုးတွေ ကြုံနေရချိန် အရင်က တစ်ခါမှ မတွေ့ဖူးတဲ့သူတွေ ပေါ်လာပြီး ငါ့ကို နှစ်သိမ့်ကြတယ်၊ ငါ အဲဒါမျိုးကို မုန်းတယ်"

"ကျွန်မလည်း အဲဒီလိုမျိုး ကြုံဖူးတယ်"

"ဒါပေမဲ့ ငါ့ဘဝထဲ မင်းဝင်လာတာ ငါ့အတွက်တော့ တကယ့်ကို ကျေနပ်စရာပဲ မာရီ"

"ဒါပေမဲ့ သိပ်ဝမ်းသာမနေနဲ့ဦး၊ ကျွန်မတို့ ဆက်ဆံရေးက မခိုင်မာ သေးပါဘူး၊ အခုကိုပဲ ကျွန်မ ပဲရစ်ကို ပြောင်းပြီး နေရမလား၊ ရှင့်ကို မီလန် ပြောင်းလာခိုင်းရမလား စဉ်းစားနေတာ၊ အလုပ်အနေနဲ့တော့ ဘယ်မှာ နေနေ မထူးဘူး၊ ရှင့်အလုပ်က အမြဲအိမ်မှာပဲ၊ ကျွန်မ အလုပ်ကလည်း အမြဲအပြင်မှာပဲ၊ ကျွန်မတို့ တခြားအကြောင်းအရာ ပြောင်းမလား၊ ဒါမှမဟုတ် ဒီကိစ္စကိုပဲ ဖြစ်နိုင်၊ မဖြစ်နိုင် ဆွေးနွေးကြမလား"

"ငါတော့ ဒီအကြောင်း မပြောချင်သေးဘူး"

"ဒါဖြင့် တခြားတစ်ခုခု ပြောကြတာပေါ့၊ ဒီစာအုပ်ကို ရေးရဲ့တာ ရှင်သတ္တိအတော်ကောင်းတာပဲ၊ ဒါပေမဲ့ ကျွန်မ အံ့သြမိတာက ရှင် အဲဒီကောင်လေး အကြောင်း တစ်ခုမှ ရေးမထားဘူး"

mgyoe.com SAMPLE BOOK


"ငါ သူ့အကြောင်း စိတ်မဝင်စားဘူး"

"ရှင် စိတ်ဝင်စားဖို့ လိုတယ်၊ ဘာကြောင့် အက်စသာက သူ့ကို ရွေးတာလဲလို့ တစ်ခါတစ်ရံ ကိုယ့်ကိုယ်ကိုယ် မေးခွန်းထုတ်သင့်တယ်"

"ငါ့ကိုယ် ငါ ဘယ်တော့မှ အဲဒီလို မမေးဘူး"

"ရှင် လိမ်နေတာပဲ၊ ကျွန်မဆိုရင် ကျွန်မရဲ့ အိမ်နီးချင်းတစ်ယောက် ဘာကြောင့် ဒီလောက် ပျင်းစရာကောင်းပြီး ပြုံးနေတတ်တဲ့ မိန်းမကို မကွာရှင်း တာလဲလို့ သိပ်သိချင်မိတယ်၊ သူ့မှာ ချက်ရပြုတ်ရနဲ့၊ ကလေးတွေ၊ မီတာဘောတွေ၊ အိမ်အလုပ်တွေနဲ့ အမြဲ ရှုပ်နေတာ မဟုတ်လား၊ ကျွန်မကိုယ် ကျွန်မတောင် မေးမိရင် ရှင်လည်း အဲဒီလို မေးမိမှာပဲလေ"

"ငါ့မိန်းမကို ခိုးသွားတဲ့အတွက် ဒီကောင့်ကို ငါ မုန်းနေတယ်လို့ မင်း ပြောချင်တာလား"

"မဟုတ်ဘူး၊ ရှင် သူ့ကို ခွင့်လွှတ်တယ်လို့ ပြောတာကို ကျွန်မ ကြားချင်တာ"

"ငါ မပြောနိုင်ဘူး"

"ဒါ မလွယ်ဘူးဆိုတာ ကျွန်မ သိပါတယ်၊ဒါပေမဲ့ ရှင့်မှာ ရွေးချယ်စရာ မရှိဘူး၊ ရှင် အဲဒီလို ခွင့်မလွှတ်ရင် သူ့ကြောင့် ခံစားရတဲ့ နာကျင်မှုကိုပဲ ရှင် အမြဲတွေးနေလိမ့်မယ်၊ နာကျင်မှုက ဘယ်တော့မှ လျော့သွားမှာ မဟုတ်ဘူး၊ ကျွန်မ က ရှင် သူ့ကို သဘောကျနှစ်ခြိုက်ဖို့ ပြောနေတာ မဟုတ်ဘူး၊ ရှင် သူ့ကို သွားရှာသင့်တယ်လို့ ပြောနေတာ မဟုတ်ဘူး၊ သူ့ကို နတ်သားတစ်ပါးလို စပြီး သဘောထားသင့်ပြီလို့ တိုက်တွန်းနေတာ မဟုတ်ဘူး၊ သူ့နာမည်က ဘာ၊ ရုရှား နာမည် မဟုတ်လား"

"သူ့နာမည် ဘာဖြစ်ဖြစ် အရေးမကြီးပါဘူး"

"ကြည့်၊ ရှင် သူ့နာမည်တောင် မပြောချင်ဘူး မဟုတ်လား၊ ရှင် အယူသီးတတ်လား"

"မစ်ခေးတဲ့၊ အဲဒါ သူ့နာမည် မှတ်ထား"

"အမုန်းအင်အားက ရှင့်ကို ဘယ်မှ မရောက်စေဘူး၊ ဒါပေမဲ့ ခွင့်လွှတ်ခြင်း စွမ်းအားက၊ ချစ်ခြင်းတရားက တစ်ဆင့် ရှင့်ဘဝကို အပြုသဘော ပြောင်းလဲစေ လိမ့်မယ်"

mgyoe.com

mgyoe.com

SAMPLE BOOK


"မင်း လေသံက တိဗက် ဆရာသခင်တွေရဲ့ လေသံနဲ့၊ ဒီလို စကားတွေ ပြောရတာ သီအိုရီအားဖြင့်တော့ ကောင်းပါတယ်၊ ဒါပေမဲ့ လက်တွေ့ဆောင်ရွက်ဖို့ မဖြစ်နိုင်ဘူး၊ ငါ အရင်ကလည်း နာကျင်ဖူးတယ်ဆိုတာ မမေ့ပါနဲ့"

"သိပ်ဟုတ်တာပေါ့၊ ရှင့်စိတ်ထဲမှာ မိဘတွေ မသိအောင် ခိုးငိုရတဲ့ ကျောင်းသားအရွယ် ချာတိတ်ကလေးဘဝကို သယ်ဆောင်ထားတုန်းပဲ၊ ရည်းစား လည်း မရှိ၊ ဘယ်ကစားနည်းမှာမှ မထူးချွန်တဲ့ ပိန်ညှောင်ညှောင်ချာတိတ်ကလေး ဘဝ အမှတ်တရတွေ ကျန်နေတုန်းပဲ၊ ဘဝမှာ မတရား အနိုင်ကျင့်ခံရသမျှ အမာရွတ်တွေကိုကျက်အောင် မလုပ်နိုင်သေးဘူး၊ ဒါပေမဲ့ အဲဒီအရာတွေက ဘာ တစ်ခုကောင်းတာ ဖြစ်စေလို့လဲ"

"ဒါတွေကို မင်းကို ဘယ်သူ ပြောလဲ"

"ဒီလိုပဲ သိတာလေ၊ ရှင့်မျက်လုံးထဲမှာ ကျွန်မ မြင်နေရတာပဲ၊ ဒါတွေက ရှင့်ကို တစ်ခုမှ ကောင်းကျိုးမပေးဘူး၊ ဒါတွေ အားလုံးက ရှင် ကိုယ့်ကိုယ်ကိုယ် သနားချင်တဲ့ ဆန္ဒကို မပြတ်ကြီးထွားစေတယ်၊ ဘာကြောင့်ဆို ရှင်ဟာ ရှင့်ထက် ပိုသန်စွမ်းတဲ့သူတွေရဲ့ အနိုင်ကျင့်ခံနေရတဲ့သူ မဟုတ်လား၊ ဒါမှမဟုတ်လည်း အစွန်းတစ်ဖက်မှာ ကိုယ့်ကိုယ်ကိုယ် လက်စားချေသူတစ်ယောက်အဖြစ် ပုံဖမ်းပြီး ကိုယ့်ကိုယ်ကိုယ် နာကျင်စေတဲ့သူတွေကို တိုက်ခိုက်ဖို့ အမြဲ အဆင်သင့်ဖြစ်နေ တတ်တယ်၊ ဒါ အချိန်ဖြုန်းတာ သက်သက်ပဲ မဟုတ်လား"

"ဒါကတော့ လူ့ပဲကိုး"

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ ဒါ ကျိုးကြောင်း မဆီလျော်လှဘူး၊ အသိဉာဏ် မရှိလှဘူး၊ ဒီကမ္ဘာမြေပေါ်မှာ ရှင်သန်နေရတဲ့ ကာလအတွက် လေးစားသမှုကို ပြပါ၊ ဘုရားသခင်က ရှင့်ကို အမြဲ ခွင့်လွှတ်တော်မူတယ်၊ အမြဲ ခွင့်လွှတ်လိမ့်မယ်ဆိုတာ မမေ့ပါနဲ့"

*

ရှောင်ဇေလီဇေးလမ်းမပေါ်က ရောမကုန်တိုက်ကြီးတစ်ခုမှာလုပ်တဲ့ ကျွန်တော့်စာအုပ် လက်မှတ်ထိုးပွဲကို ရောက်လာကြတဲ့ လူအုပ်ကြီးကို ငေးကြည့်ပြီး ကျွန်တော့်စိတ်ထဲမှာ တွေးလိုက်မိတယ်။ အခု ဒီလူတွေထဲက ဘယ်နှယောက် လောက်များ ကျွန်တော်နဲ့ ဖနီးသည် ကြုံခဲ့ရတဲ့ အဖြစ်မျိုး ကြုံဖူးကြသလဲ။

mgyoe.com

mgyoe.com
SAMPLE BOOK


သိပ်ကို နည်းပါလိမ့်မယ်။ အလွန်ဆုံး တစ်ယောက်၊ နှစ်ယောက်ပေါ့။ ဒါတောင်မှပဲ သူတို့ထဲက အများစုက ကျွန်တော့် အသစ်ထွက်တဲ့စာအုပ်ထဲက အဖြစ်နဲ့ ထပ်တူခံစားနိုင်ကြလိမ့်မယ်။

စာရေးခြင်းက ကမ္ဘာပေါ်မှာ ဧကစာအဆန်ဆုံး အလုပ်တစ်ခုပါပဲ။ နှစ်နှစ်တစ်ကြိမ် ကျွန်တော် ကွန်ပျူတာရှေ့ထိုင်ပြီး ကျွန်တော့်ဝိညာဉ်ရဲ့ မမြင်နိုင်တဲ့ ပင်လယ်ကြီးကို ငေးကြည့်နေမိတယ်။ ကျွန်းအနည်းငယ်တွေ့တယ်။ ရလာတဲ့ အိုင်ဒီယာတွေပေါ့၊ ဆက်လက်ကွန့်မြူးဖို့ ရင့်မှည့်နေကြပြီလေ။ အဲဒီနောက် စကားလုံးလို့ခေါ်တဲ့ ကျွန်တော့်လှေပေါ်ကို တက်တယ်။ အနီးဆုံး ကျွန်းရှိရာ ထွက်လာခဲ့တယ်။ လမ်းမှာ အားကောင်းတဲ့ ရေစီးတွေ၊ လေပြင်းတွေ၊ မုန်တိုင်းတွေ ကြုံရတယ်။ ဒါပေမဲ့ ကျွန်တော်ဆက်ပြီး လှော်ဆဲပဲ၊ ခြေကုန်လက်ပန်းကျလာတယ်။ ကျွန်တော်ဟာ ရွေးချယ်ထားတဲ့ လမ်းကြောင်းနဲ့ လွဲနေခဲ့ပြီ၊ ကျွန်တော် သွားဖို့ ကြိုးစားတဲ့ ကျွန်းဟာ ကျွန်တော့် မိုးကုပ်စက်ဝိုင်းထဲမှာ မရှိတော့ဘူးဆိုတာ တဖြည်းဖြည်း သိလာခဲ့တယ်။

ဒါပေမဲ့လည်း ကျွန်တော် ပြန်မလှည့်နိုင်၊ တစ်နည်းနည်းနဲ့တော့ ကျွန်တော် ရှေ့ဆက်ရမှာပဲ၊ မဟုတ်ရင် သမုဒ္ဒရာအလယ် ပျောက်ဆုံးသွားဖို့ပဲ ရှိတယ်။ အဲဒီအချိန်မှာ ကျွန်တော့်စိတ်ထဲ ကြောက်စရာအဖြစ်တွေ တသီတတန်းကြီး ဝင်လာတယ်။ ကျန်ဘဝတစ်လျှောက်လုံး အတိတ်က အောင်မြင်မှုတွေအကြောင်း ပြောရင်းပဲ ကုန်ဆုံးသွားတာမျိုး၊ ဒါမှမဟုတ် စာရေးဆရာအသစ်တွေအပေါ်မှာ ခါးခါးသီးသီး ဝေဖန်တာမျိုး၊ အဖြစ်က ရှင်းပါတယ်၊ ကျွန်တော် စာအုပ် အသစ်တွေ ထုတ်ဖို့ သတ္တိမရှိတော့ဘူးလေ။ ကျွန်တော့်အိပ်မက်က စာရေးဆရာ ဖြစ်ဖို့ပဲ မဟုတ်လား။ ဒီတော့ ကျွန်တော့်အနေနဲ့ ဝါကျတွေ၊ စာပိုဒ်တွေ၊ အခန်း ခွဲတွေ ဆက်ရေးနေရမှာပဲ။ မသေမချင်း ရေးနေရမှာပဲ၊ အောင်မြင်မှုတို့၊ ကျဆုံးမှုတို့ ဆိုတဲ့ ထောင်ချောက်တွေထဲ ကိုယ့်ကိုယ်ကိုယ် အမိမခံနိုင်ဘူး။ မဟုတ်ရင် ကျွန်တော့် ဘဝက ဘာအဓိပ္ပာယ်ရှိတော့မလဲ။ ပြင်သစ်တောင်ပိုင်းမှာ စက်ရုံအဟောင်းတစ်လုံး ဝယ်ပြီး ကိုယ့်ခြံကိုယ်ပဲ ဂရုစိုက်နေတော့မလား။ ဒါမှမဟုတ် လက်ချာတွေပဲ ပေးနေတော့မလား၊ စာရေးရတာထက် စကားပြောရတာ ပိုလွယ်တယ် မဟုတ်လား။ ရာဇဝင်တွင်ရစ်အောင် အသေအချာ တွက်ချက်ပြီး လူမြင်ကွင်းကနေ လျှို့ဝှက် ရှောင်ခွာသွားမလား။ ဒီဘဝကတော့ သာယာမှုအပေါင်းနဲ့ ကင်းဝေးလိမ့်မယ်။

mgyoe.com

mgyoe.com

ဒီလို သတိပေးနေတဲ့ အတွေးတွေကြောင့် တုန်လှုပ်မိကာ ကျွန်တော့်မှာ ကျွန်တော်မသိတဲ့ အင်အားသတ္တိတွေ ရှိနေမှန်း သိလိုက်ရတယ်။ ဒီအင်အားသတ္တိတွေက ကျွန်တော့်ဝိညာဉ်ရဲ့ မသိနိုင်တဲ့ အစိတ်အပိုင်းတွေရှိရာ စွန့်စားထွက်ခွာဖို့ အကူအညီပေးခဲ့တယ်။ ကျွန်တော် ရေစီးကြောင်းအတိုင်း ကိုယ့်ကိုယ်ကိုယ် လိုက်ပါစေပြီး နောက်ဆုံးမှာ ကျွန်တော့်လှေကို ရောက်တဲ့ကျွန်းမှာပဲ ကျောက်ချစေတော့တယ်။ ကျွန်တော့်မှာ နေ့နေ့ညည ကျွန်တော်မြင်တာတွေကို ဖော်ပြနေမိတယ်၊ ဘာကြောင့် ငါ ဒါတွေ လုပ်နေမိသလဲလို့ စေ့ငုနေမိတယ်၊ ငါ့မှာ အနာခံရတာ၊ အားထုတ်ရတာ မတန်ပါလားလို့။ ငါ့အနေနဲ့ ဘယ်သူ့ကိုမှ ဘာမှ သက်သေပြဖို့ မလိုဘူး၊ ငါ လိုချင်တာ ရခဲ့ပြီ၊ ငါ အမြဲ စိတ်ကူးအိပ်မက်နေတာထက်ကို အများကြီး ပိုရခဲ့ပြီလို့ ကိုယ့်ကိုယ်ကိုယ်လည်း ပြောနေမိတယ်။

ကျွန်တော် ပထမစာအုပ် ရေးတုန်းကလည်း ဒီဖြစ်စဉ်အတိုင်းပဲ ကြုံခဲ့ရတာကို သတိပြုမိတယ်။ မနက် ကိုးနာရီဆို ထ၊ မနက်စာ စားပြီးတာနဲ့ ကွန်ပျူတာရှေ့ထိုင်ဖို့ အဆင်သင့်ဖြစ်ပြီ၊ အဲဒီနောက် ကျွန်တော် သတင်းစာဖတ်၊ လမ်းလျှောက်၊ အနီးအနားက ဘားမှာ စကားစမြည်သွားပြော၊ အိမ်ပြန်လာ၊ ကွန်ပျူတာကိုကြည့်၊ ဖုန်းဆက်ဖို့တွေ အများကြီးရှိသေးပါလားလို့ သတိရ၊ ကွန်ပျူတာကို ပြန်ကြည့်ပြန်၊ အဲဒီ အချိန်မှာ နေ့လယ်စာက အသင့်၊ နေ့လယ်စာ ထိုင်စားရင်း တွေးမိတယ်။ ငါ့အနေနဲ့ ဆယ့်တစ်နာရီတော့ တကယ်ပဲ စာစရေးသင့်ပြီလို့၊ ဒါပေမဲ့ အခုတော့ တစ်ရေးတစ်မော မှေးလိုက်ဦးမယ်၊ ညနေ ငါးနာရီလောက်မှ နိုး၊ နောက်ဆုံးမှာ ကွန်ပျူတာကို ဖွင့်၊ အီးမေးတွေ စစ်၊ အဲဒီအချိန်မှ သတိရမိတယ်။ ငါ့အင်တာနက်လိုင်းကို ဖျက်ဆီးပစ်လိုက်ပြီပဲလို့။ ဆယ်မိနစ်လောက်သွားရင် အင်တာနက်သုံးလို့ရမယ့်နေရာ ရှိတယ်။ ဒါပေမဲ့ ကျွန်တော် မသွားနိုင်။ ဒီ အပြစ်မကင်းတဲ့ စိတ်ကနေ လွတ်မြောက်အောင် အနည်းဆုံး နာရီဝက်လောက်တော့ စာမရေးနိုင်ဘူးလား။

အစမှာတော့ တာဝန်နဲ့ဝတ္တရား တစ်ခုလို ခံစားရတယ်။ ဒါပေမဲ့ ရုတ်တရက် ရေးရင်းနဲ့ တစ်စုံတစ်ရာက ကျွန်တော့်ကို ဆွဲခေါ်သွားတယ်။ ကျွန်တော် ရပ်တန့်လို့ မရတော့။ အိမ်အကူက ကျွန်တော့်ကို ညစာစားဖို့ ခေါ်တယ်၊ ကျွန်တော်က ငါ့ကို မနှောင့်ယှက်နဲ့လို့ ပြောလိုက်တယ်။ တစ်နာရီလောက် ကြာတော့ သူ ထပ်ခေါ်ပြန်တယ်။ ကျွန်တော် ဆာနေပြီ၊ ဒါပေမဲ့ ကျွန်တော် နောက်ထပ်

mgyoe.com

mgyoe.com
SAMPLE BOOK


ဝါကျတစ်ကြောင်းလောက်၊ နောက်ထပ် စာတစ်မျက်နှာလောက် ရေးရ ဦးမယ်။ ထမင်းစားစားပွဲမှာ ထိုင်လိုက်တော့ အစားအသောက်တွေလည်း အေးခဲနေပြီ။ ကျွန်တော် အငမ်းမရ မျိုချပြီး ကွန်ပျူတာရှိရာ ပြန်သွားတယ်။ ကျွန်တော် ခြေချထားတဲ့နေရာမှာ မနေနိုင်တော့။ ကျွန်းက ကျွန်တော့်ကို ကိုယ်ထင်ပြနေခဲ့ပြီ၊ ကျွန်တော့်မှာ အဲဒီလမ်းကြောင်းအတိုင်း လိုက်ပါပြီး တစ်ခါမှ မတွေးကြည့်ဖူး၊ အိပ်မက် မမက်ဖူးတဲ့ အရာတွေကို ရှာဖွေဖို့ တွန်းပို့ခံနေခဲ့ရတယ်။ ကျွန်တော် ကော်ဖီတစ်ခွက်သောက်တယ်။ နောက်တစ်ခွက်သောက်တယ်။ မနက် နှစ်နာရီထိုး တော့မှပဲ နောက်ဆုံး မျက်လုံးတွေ မဖွင့်နိုင်တော့တဲ့အတွက် စာရေးခြင်းကို ရပ်လိုက်တယ်။

ကျွန်တော် အိပ်ရာဝင်လိုက်တယ်။ နောက်တစ်ပိုဒ်မှာ သုံးဖို့အတွက် မှတ်စုတွေထုတ်ရင်း နောက်ထပ် တစ်နာရီလောက် ကုန်သွားတယ်။ အဲဒီ မှတ်စုတွေက အမြဲလို ဘယ်တော့မှ အသုံးဝင်တယ်လို့ မရှိ၊ ဒါပေမဲ့ ချရေးလိုက်တဲ့ အတွက် စိတ်ထဲရှင်းသွားပြီး ကောင်းကောင်းအိပ်နိုင်စေတယ်။ အိပ်ခါနီးတိုင်း ကိုယ့်ကိုယ်ကိုယ် ကတိပြုမိတယ်။ နောက်တစ်နေ့ မနက်မှာ ဆယ့်တစ်နာရီတိတိ စာ စရေးမယ်လို့။ ဒါပေမဲ့လည်း နောက်တစ်နေ့ ရောက်ရင် ထုံးစံအတိုင်းပဲ လမ်းလျှောက်၊ စကားစမြည်ပြော၊ နေ့လယ်စာစား၊ တစ်ရေးတစ်မောအိပ်၊ အပြစ် မကင်းသလိုခံစား၊ အင်တာနက်လိုင်းကို ဖျက်ဆီးထားမိတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် စိတ်တို၊ နောက်ဆုံး ထိုင်ချပြီး ပထမဆုံး စာပိုဒ်ကိုရေး…။

ရုတ်တရက် နှစ်ပတ် သုံးပတ် လေးပတ် ဆယ့်တစ်ပတ် လွန်လာခဲ့တယ်။ ပြီးလုနီးပြီဆိုတာ ကျွန်တော် သိတယ်။ ကျွန်တော့်မှာ ဗလာဟင်းလင်းခံစားမှုက ချုပ်ကိုင်ထားတယ်။ စကားလုံးတွေကို စိတ်ထဲမှာ သိမ်းထားရမယ့်အစား ချရေးမိတဲ့ သူတစ်ယောက်အနေနဲ့ ခံစားရတဲ့ ဗလာကျင်းမှု၊ ဒါပေမဲ့ အခုတော့ ကျွန်တော် နောက်ဆုံးစာကြောင်းကို ရောက်အောင် ရေးရတော့မယ်။ ကျွန်တော် ရေးလိုက် နိုင်တယ်။

စာရေးဆရာတွေရဲ့ ကိုယ်ရေးအတ္ထုပ္ပတ္တိတွေဖတ်တိုင်း သူတို့ပြောလေ့ ရှိတဲ့ 'စာအုပ်က သူ့ဘာသာရေးသွားတာပါ၊ စာရေးဆရာက လက်နှိပ်စက် ရိုက်တဲ့သူပါပဲ' ဆိုတဲ့စကားဟာ သူတို့အလုပ်ကို လူတွေ စိတ်ဝင်စားအောင် ပြောတာလို့ပဲ အမြဲ မှတ်ယူမိတယ်။ အခုတော့ ဒါ လုံးဝ မှန်တယ်ဆိုတာ ကျွန်တော့်

mgyoe.com

mgyoe.com

SAMPLE BOOK


သိလိုက်တယ်။ ရေစီးက သူတို့ကို သူတို့သွားချင်တဲ့ကျွန်း မဟုတ်ဘဲ ဘယ်ကျွန်းကို ပို့မလဲဆိုတာ ဘယ်သူမှ မသိ။ အကြိမ်ကြိမ် ပြန်ပြင်လိုက်၊ ပြန်ရေးလိုက်နဲ့၊ ကျွန်တော့်အဖို့ ဒီစကားလုံးတွေကို နောက်ထပ် ပြန်မဖတ်နိုင်တော့မှပဲ ကျွန်တော့် ထုတ်ဝေသူဆီ ပို့လိုက်တော့တယ်။ သူ့ဆီမှာ ထပ်ပြီး တည်းဖြတ်ကာ ထုတ်ဝေတယ်။

ကျွန်တော့်ကို အမြဲ အံ့သြမိစေတာကတော့ တခြားလူတွေလည်း ဒီကျွန်းကို ရှာဖွေနေကြတယ်ဆိုတာနဲ့ သူတို့တွေ ကျွန်တော့်စာအုပ်ထဲမှာ အဲဒါကို ရှာတွေ့ကြတယ် ဆိုတာပဲ။ လူတစ်ယောက်က နောက်တစ်ယောက်ကို ဒီအကြောင်း ပြောတယ်။ လျှို့ဝှက်ဆန်းကြယ်လှတဲ့ ကွင်းဆက်တွေ ကြီးထွားလာကြတယ်။ စာရေးဆရာအဖို့ တစ်ကိုယ်တော်လေ့ကျင့်ခန်းတစ်ခုလို့ ယူဆတဲ့ အရာက တံတားတစ်စင်း၊ လှေတစ်စင်းအဖြစ်နဲ့ စိတ်ဝိညာဉ်တွေကို ကူးသန်းသွားလာစေတယ်၊ အဆက်အသွယ်ပြုစေတယ်။

အဲဒီအချိန်က စပြီး ကျွန်တော်ဟာ မုန်တိုင်းထဲမှာ ပျောက်ဆုံးနေတဲ့သူ မဟုတ်တော့ဘူး။ ကျွန်တော် ကျွန်တော့်စာဖတ်သူတွေကတစ်ဆင့် ကိုယ့်ကိုယ်ကိုယ် ရှာတွေ့ခဲ့တယ်။ ကျွန်တော် ရေးထားတာတွေကို တခြားသူတွေ နားလည်ကြတာ မြင်မှပဲ ကျွန်တော်လည်း နားလည်မိတယ်။ ဒီ့မတိုင်ခင် ဘယ်တော့မှ နားမလည်ခဲ့ဘူး။ ကျွန်တော် ဒီလူတွေရဲ့ မျက်လုံးကို ကြည့်ပြီး ကျွန်တော့် စိတ်ဝိညာဉ်က တစ်ယောက်တည်း အထီးကျန် မဟုတ်ပါလားဆိုတာ ရံဖန်ရံခါ ရှားရှားပါးပါး နားလည်လာမိတယ်။

သတ်မှတ်ထားတဲ့ အချိန်မှာ ကျွန်တော် စပြီး စာအုပ်တွေ လက်မှတ် ထိုးတယ်။ တစ်ခဏလောက် အကြည့်ချင်းဆုံပြီး ပေါင်းစည်းမှု၊ ပျော်ရွှင်မှုနဲ့ အပြန်အလှန်လေးစားမှုကို ခံစားကြရတယ်။ လက်ဆွဲနှုတ်ဆက်ကြ၊ ပေးစာတွေ၊ လက်ဆောင်တွေ၊ မှတ်ချက်တွေပေးကြနဲ့၊ မိနစ်ကိုးဆယ်ကြာပြီးနောက် ကျွန်တော် ဆယ်မိနစ် နားတယ်။ ဘယ်သူမှ စောဒက မတက်ကြ။ ကျွန်တော့် ထုတ်ဝေသူက တန်းစီနေတဲ့သူတိုင်းကို တိုက်ဖို့ ရှန်ပိန်မှာလိုက်တယ်၊ (ပြင်သစ်မှာ ကျွန်တော့် စာအုပ်တွေ လက်မှတ်ထိုးတိုင်း ဒါ အစဉ်အလာတစ်ခုလို ဖြစ်လာတယ်)။ ကျွန်တော် ဒီ အစဉ်အလာကို တခြားတိုင်းပြည်တွေမှာလည်း ကျင့်သုံးဖို့ ကြိုးစားကြည့်သေး တယ်။ ဒါပေမဲ့ သူတို့ အမြဲ ပြောကြတာက ပြင်သစ်ရှန်ပိန်က သိပ်ဈေးကြီး

mgyoe.com

mgyoe.com

SAMPLE BOOK


လွန်းတယ်ဆိုတာပဲ။ ဒီလိုနဲ့ ရှန့်ပိန်အစား သတ္တုဓာတ်ပါတဲ့ ရေနဲ့ပဲ ပြီးလေ့ ရှိတယ်။ ဒါလည်း တန်းစီစောင့်ဆိုင်းနေတဲ့ သူတွေကို လေးစားမှု ပြတာပါပဲ။

ကျွန်တော် စားပွဲရှိရာ ပြန်လာလိုက်တယ်။ နှစ်နာရီလောက်ကြာပြီးနောက် ကျွန်တော့်မှာ သူများတွေ ထင်သလို မောပန်းတာမျိုး မရှိ အင်အားပြည့်ဝနေခဲ့တယ်။ ကျွန်တော် တစ်ညလုံး ဆက်တိုက် ထိုးနိုင်သေးတယ်။ ဒါပေမဲ့ ဆိုင်က တံခါးတွေ ပိတ်လိုက်ပြီ။ တန်းစီနေတဲ့သူတွေလည်း တစ်စတစ်စနဲ့ လျော့ပါးလာခဲ့ပြီ။ ဆိုင်ထဲမှာ လူလေးဆယ်လောက်ပဲ ကျန်တယ်၊ အဲဒီကနေ သုံးဆယ်၊ နှစ်ဆယ်၊ ဆယ့်တစ်၊ ငါး ၊ လေး၊ သုံး၊ နှစ် အဲဒီနောက် ကျွန်တော်တို့ မျက်လုံးချင်းဆုံလိုက်ကြတယ်။

"ကျွန်တော် အပြီးအထိ စောင့်နေတာ၊ ကျွန်တော် နောက်ပိတ်ဆုံးဖြစ်ချင်တယ်၊ ဘာဖြစ်လို့ဆို ဆရာ့ကို ပြောစရာရှိလို့"

ကျွန်တော်လည်း ဘာပြောရမယ် မသိ။ တစ်ဖက်ကို လှည့်ကြည့်လိုက်တယ်။ ထုတ်ဝေသူ၊ အရောင်းဝန်ထမ်းတွေ၊ စာအုပ်ရောင်းချသူတွေက စိတ်အားထက်သန်စွာ ပြောနေခဲ့တယ်။ ခဏနေ ကျွန်တော်တို့ ထွက်ပြီး စားကြသောက်ကြနဲ့ နေ့လယ်ခင်းက စိတ်လှုပ်ရှားစရာတွေ၊ ကျွန်တော် လက်မှတ်ထိုးနေစဉ်အတွင်း ထူးထူးဆန်းဆန်း ကြုံရတာတချို့ကို မျှဝေကြမယ်။

ကျွန်တော် သူ့ကို အရင်က တစ်ခါမှ မမြင်ဖူး၊ ဒါပေမဲ့ သူ့မှန်း ကျွန်တော် သိနေခဲ့တယ်။ ကျွန်တော် သူ့လက်ထဲက စာအုပ်ကိုယူပြီး 'မစ်ခေး အတွက်၊ အကောင်းဆုံး ဆန္ဒပြုလျက်' လို့ ရေးချလိုက်တယ်။

ကျွန်တော် တစ်ခွန်းမှ မဟ။ ကျွန်တော် သူ့ကို အဆုံးရှုံးမခံနိုင်၊ စကားလုံးတစ်လုံး၊ ဝါကျတစ်ကြောင်း၊ ရုတ်တရက် လှုပ်ရှားမှုတစ်ခုက သူ့ကို လှည့်ထွက်သွားပြီး ဘယ်တော့မှ ပြန်မလာတော့အောင် ဖန်တီးနိုင်တယ် မဟုတ်လား။ အဲဒီ စက္ကန့်ပိုင်းလေးအတွင်းမှာ ကျွန်တော် နားလည်လိုက်မိတာက ဇာဟိရ်ဆိုတဲ့ ကျိန်စာလား၊ ကောင်းချီးပေးတာလား မသိရတဲ့ အရာကနေ ကျွန်တော့် ကို ကယ်တင်နိုင်တာ သူမှ သူပဲ ရှိတယ်ဆိုတာပဲ။ ဘာကြောင့်ဆို အဲဒါကို ဘယ်မှာ ရှာရမလဲ သိတာ သူပဲ ရှိတာ မဟုတ်လား။ အဲဒီလို ရှာပြီးမှသာ ကာလကြာရှည် ကျွန်တော့်ကိုယ်ကျွန်တော် ထပ်တလဲလဲ မေးနေတဲ့ မေးခွန်းတွေကို နောက်ဆုံး အမှန်တကယ် မေးခွင့်ရမှာ မဟုတ်လား။

mgyoe.com

mgyoe.com

SAMPLE BOOK


"ကျွန်တော် ဆရာ့ကို သိစေချင်တာက သူ အခုဆင်ပြေတယ်ဆိုတာရယ်၊ ဆရာ့စာအုပ်ကိုတောင် ဖတ်ကောင်း ဖတ်မိလိမ့်မယ် ဆိုတာပဲ"

ထုတ်ဝေသူရယ်၊ အရောင်းဝန်ထမ်းတွေရယ်၊ စာအုပ်ရောင်းချသူတွေရယ် ရောက်လာကြပြီး ကျွန်တော့်ကို ပွဲဖက်ကာ အောင်မြင်တဲ့ ပွဲလေးပဲ၊ စိတ်ပြေလက်ပျောက် စကားစမြည်ပြောပြီး သွားသောက်ရအောင်လေလို့ ဆိုကြတယ်။

"ကျုပ် ဒီလူငယ်လေးကို ညစာ ဖိတ်ကျွေးပါရစေဗျာ၊ သူက လူတန်းကြီးမှာ နောက်ဆုံးတစ်ယောက်ပါ၊ ဒီနေ့ ရောက်လာကြတဲ့ စာဖတ်သူတွေ အားလုံးကို ကိုယ်စားပြုနေတဲ့သူပေါ့"

"ဆောရီးပါ၊ ကျွန်တော် အချိန် မရလို့ပါ၊ တခြား ချိန်းထားတာ တစ်ခုရှိလို့"

အဲဒီနောက် သူက ကျွန်တော့်ဘက်လှည့်ပြီး လန့်ဖျပ်နေတဲ့ လေသံနဲ့ ထပ်ပြောတယ်။

"ကျွန်တော် ဆရာ့ကို အဲဒါပဲ လာပြောတာပါ"

"ဘာသတင်းလဲ" လို့ အရောင်းဝန်ထမ်းတစ်ယောက်က မေးလိုက်တယ်။

ကျွန်တော့် ထုတ်ဝေသူက "သူက ဘယ်သူ့ကိုမှ ဖိတ်လေ့ရှိတာ မဟုတ်ဘူး၊ လာစမ်းပါ၊ အားလုံး သွားစားကြတာပေါ့"

"အစ်ကိုတို့တွေက သိပ်သဘောကောင်းကြတာပဲ၊ ကျွန်တော်က ကြာသပတေးတိုင်း တက်ရတဲ့ တွေ့ဆုံပွဲလေး ရှိလို့ပါ"

"အဲဒါ ဘယ်တော့ စမှာလဲ"

"နောက် နှစ်နာရီလောက်ဆို စမှာပါ"

"ဘယ်မှာ လုပ်မှာလဲ"

"အာမေးနီးယန်းစားသောက်ဆိုင် တစ်ဆိုင်မှာ"

ကျွန်တော့်ဒရိုင်ဘာကလည်း အာမေးနီးယန်းဆိုတော့ သူ့ကို ဘယ်ဆိုင်လည်း မေးကြည့်လိုက်တယ်။ ကျွန်တော်တို့ သွားစားမယ့်ဆိုင်နဲ့ ဆယ့်ငါးမိနစ်လောက်ပဲ ဝေးတယ်လို့ ဆိုတယ်။ လူအားလုံးက ကျွန်တော်စိတ်ကျေနပ်စေဖို့ အတတ်နိုင်ဆုံး ကြိုးစားကြတယ်။ သူတို့စိတ်ထဲမှာ ကျွန်တော် ညစာစားဖို့ ဖိတ်တဲ့ ဧည့်သည်ကို ပျော်ရွှင်ကျေနပ်စေဖို့ တခြားကိစ္စတွေကို စောင့်ဆိုင်းထားဖို့ ဝန်မလေးဘူး။

mgyoe.com

mgyoe.com  SAMPLE BOOK 

"ရှင့်နာမည်က ဘယ်သူလဲ"လို့ မာရီက မေးလိုက်တယ်။

"မစ်ခေး"

မာရီတစ်ယောက် အခြေအနေ အားလုံးကို ဇာတ်ရည်လည်သွားမှန်း ကျွန်တော် သိလိုက်တယ်

"ကောင်းပြီ မစ်ခေး၊ ရှင် ကျွန်မတို့နဲ့ တစ်နာရီလောက် လိုက်မထိုင်နိုင်ဘူးလား၊ ကျွန်မတို့ သွားမယ့် စားသောက်ဆိုင်က ဒီထောင့်လေးပဲ၊ ပြီးရင် ကားဆရာက ရှင် သွားချင်တဲ့နေရာ လိုက်ပို့ပေးလိမ့်မယ်၊ အဲဒါမှ မဟုတ်သေးရင် ကျွန်မတို့ တင်ကြိုမှာထားတာကို ဖျက်ပြီး ရှင့်ရဲ့ အာမေးနီးယန်းစားသောက်ဆိုင်ကို အားလုံး သွားစားကြမယ်လေ၊ အဲဒါဆို ရှင်လည်း စိတ်သောက မရောက်ရတော့ဘူးပေါ့"

ကျွန်တော် သူ့ဆီကနေ မျက်နှာ မလွှဲနိုင်၊ သူက ထူးထူးခြားခြား မချောမောသလို ထူးထူးခြားခြား ရုပ်ဆိုးနေတာမျိုးလည်း မဟုတ်။ ရှည်လည်း မရှည်၊ ပုလည်း မပု၊ သူက အနက်ရောင်ဝတ်စုံကိုပဲ ရိုးရိုးနဲ့ ရည်ရည်မွန်မွန်လေး ဝတ်ထားတယ်။ ဒီနေရာမှာ ကျွန်တော် ပြောချင်တာက ဝတ်စုံက နာမည်ကြီး တံဆိပ်တွေ၊ ဒီဇိုင်နာအမှတ်အသားတွေ လုံးလုံး မပါတာပဲ။

မာရီက မစ်ခေးလက်ကို ဆွဲပြီး ထွက်ပေါက်ရှိရာ ဦးဆောင်ခေါ်သွားတယ်။ စာအုပ်အရောင်းသမားတွေကတော့ လက်မှတ်ထိုးပွဲကို မလာနိုင်တဲ့ စာဖတ်ပရိသတ်တွေရဲ့ စာအုပ်တွေ အပုံလိုက်ကြီးနဲ့။ ဒါပေမဲ့ ကျွန်တော်က နောက်တစ်နေ့ လက်မှတ်ထိုးပေးဖို့ ကတိပေးထားတယ်။ ကျွန်တော့်မှာ ခြေထောက်တွေက တုန်ယင်နေကြတယ်၊ ရင်ဘတ်က တဒိတ်ဒိတ်ခုန်လို့၊ ဒါပေမဲ့ ကျွန်တော် အားလုံး အဆင်ပြေနေပုံ ဖမ်းထားတယ်၊ စာအုပ်လက်မှတ်ထိုးပွဲလေး အောင်မြင်လို့ ပျော်နေပုံမျိုး၊ တခြားလူတွေ ဘာပြောကြသလဲ စိတ်ဝင်စားနေပုံမျိုးနဲ့ပေါ့။ ရှောင်ဇေလီဇေးလမ်းမကို ဖြတ်လာချိန်မှာ နေက အောင်ပွဲခံမုခ်ဦး (Arc de Triomphe) နောက်ကွယ်မှာ ဝင်နေခဲ့ပြီ။ ဒါဟာ ကောင်းတဲ့ လက္ခဏာပဲ ဆိုတာ ကျွန်တော် တစ်နည်းနည်းနဲ့ သိနေခဲ့တယ်။

အခြေအနေကို ကျွန်တော် ထိန်းချုပ်နိုင်နေသရွေ့ပေါ့။

ဘာကြောင့် ကျွန်တော် သူ့ကို စကားပြောချင်ရတာလဲ။ ထုတ်ဝေရေး တိုက်က လူတွေက ကျွန်တော့်ကို စကားတွေ ပြောနေကြတယ်။ ကျွန်တော်

mgyoe.com

 mgyoe.com SAMPLE BOOK 

အလိုအလျောက်ပဲ ပြန်ပြောနေမိတယ်။ ကျွန်တော့်စိတ်တွေ တခြား ရောက်နေတယ်ဆိုတာ ဘယ်သူမှ သတိမထားမိ၊ ကျွန်တော့်မှာ မုန်းတီး (ဖို့ အခွင့်အရေးရှိ) တဲ့ လူတစ်ယောက်ကို ညစာစားဖို့ ဘာကြောင့်များ ဖိတ်လိုက်မိသလဲ ဘယ်လိုမှ နားလည်လို့ မရ။ အက်စသာ ဘယ်မှာ ရှိနေသလဲ ကျွန်တော် သိချင်လို့လား။ ကျွန်တော် ချစ်တဲ့သူကို ဖြားယောင်းခေါ်ဆောင်သွားတဲ့ ဒီကောင်လေးအပေါ်မှာ အခုလို ကိုယ် အသာစီးရနေချိန်မှာ လက်စားချေချင်လို့လား။ ကျွန်တော်ဟာ သူ့ထက် အများကြီး သာတယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် သက်သေပြချင်လို့လား။ ဒါမှမဟုတ် ကျွန်တော့်မိန်းမကို ပြန်လာအောင် ဖျောင်းဖျပေးဖို့ သူ့ကို လာဘ်ထိုးတာ၊ စည်းရုံးတာလား။

ကျွန်တော့်မှာ ဒီမေးခွန်းတွေအတွက် တစ်ခုမှ အဖြေ မရှိ။ ဒါပေမဲ့ ကိစ္စမရှိ။ အခုထိ ကျွန်တော် ပြောမိတာက 'ကျုပ် ဒီလူငယ်လေးကို ညစာ ဖိတ်ကျွေးပါရစေဗျာ' ဆိုတာပဲ။ ကျွန်တော့်မှာ အရင်က အကြိမ်ကြိမ် မြင်ယောင်မိတဲ့ မြင်ကွင်းက ကျွန်တော်တို့ တွေ့ကြရင် သူ့ကို လည်ပင်းကဆုပ်ကိုင်ပြီး ထိုးမယ်၊ အက်စသာ့ရှေ့မှာ သူ့ကို အရှက်ခွဲမယ်ပေါ့။ ဒါမှမဟုတ်လည်း ကျွန်တော် အထိုးခံရပြီး သူ့အတွက် ကျွန်တော် ဘယ်လောက်အပြင်းအထန် တိုက်ပွဲဝင်ခဲ့တယ်ဆိုတာ၊ ဘယ်လောက် အနာခံခဲ့သလဲဆိုတာ သိစေမယ်ပေါ့။ ကျွန်တော် တွေးထားတာက ပေါက်ကွဲဒေါသထွက်တဲ့အဖြစ်မျိုး၊ ဒါမှမဟုတ် ဘာမှ မဖြစ်သလို ဟန်ဆောင်တာမျိုး၊ ဒါမှမဟုတ် လူရှေ့သူရှေ့ အထိတ်တလန့်အရှက်ရစေတာမျိုးပဲ။ ဒါပေမဲ့ 'ကျုပ် ဒီလူငယ်လေးကို ညစာ ဖိတ်ကျွေးပါရစေဗျာ' ဆိုတဲ့ စကားလုံးမျိုးတော့ တစ်ခါမှ ခေါင်းထဲ မစဉ်းစားဖူးဘူး။

နောက်တစ်ဆင့် ကျွန်တော် ဘာလုပ်ရမလဲ မေးစရာမလို၊ လောလောဆယ် ကျွန်တော့်အဖို့ မာရီကို မျက်ခြည်မပြတ်ဖို့ပဲ။ သူက မစ်ခေး လက်မောင်းကို ဆွဲပြီး ကျွန်တော့်ရှေ့ ခြေလှမ်းအနည်းငယ်လောက်အကွာကနေ လျှောက်နေခဲ့တယ်။ မသိရင် သူ့ရဲ့ ရည်းစားလိုမျိုး။

သူက မစ်ခေးကို အလွတ်မပေး၊ တစ်ပြိုင်တည်းမှာ ကျွန်တော်လည်း အံ့သြမိတယ်။ သူ ဘာကြောင့် ကျွန်တော့်ကို ကူညီနေတာလဲ။ သူလည်း သိနေတာပဲ၊ ဒီကောင်လေးနဲ့ တွေ့တယ်ဆိုတဲ့သဘောက ကျွန်တော့်ဇနီး ဘယ်မှာလဲဆိုတာ ရှာမယ့်သဘောပဲလေ။

mgyoe.com

mgyee.com
SAMPLE BOOK


ကျွန်တော်တို့ စားသောက်ဆိုင်ကို ရောက်လာကြတယ်။ မစ်ခေးက ကျွန်တော်နဲ့ အဝေးဆုံးမှာ ထိုင်တယ်။ သူက ကျွန်တော်နဲ့ စကားလက်ဆုံပြောရမှာ ရှောင်ချင်ပုံပဲ။ ရယ်ကြမောကြ၊ ရှန့်ပိန်၊ ဗော်ဒကာ၊ ငါးဥဆားနယ်တွေ၊ ကျွန်တော် ဟင်းပွဲအမည်တွေကြည့်ပြီး လန့်သွားတယ်။ စာအုပ်ရောင်းတဲ့သူက ဖွင့်ပွဲမှာတင် ဒေါ်လာထောင်နဲ့ချီ အကုန်အကျခံလို့ပါလား။

ရောက်တတ်ရာရာတွေ ပြောပြီး ဆူညံလို့၊ ဒီ နေ့လယ်ပွဲလေးအပေါ် ဘယ်လို ထင်လဲလို့ မစ်ခေးကို မေးတယ်။ သူက ပျော်စရာပွဲလေးပါလို့ဆိုတယ်။ သူ့ကို စာအုပ်အကြောင်းမေးတယ်။ သူ သိပ်ကြိုက်တယ်လို့ ဖြေတယ်။ အဲဒီနောက် သူ့ကို မေ့သွားကြတယ်။ အာရုံက ကျွန်တော့်အပေါ်မှာ ရောက်လာကြတယ်။ လက်မှတ်ထိုးပွဲကို သဘောကျရဲ့လား၊ လူတန်းကို စီစဉ်တာ ကျွန်တော့်အကြိုက်နဲ့ ကိုက်ရဲ့လား၊ လုံခြုံရေးအဖွဲ့တွေရော အဆင့်အတန်းမီရဲ့လား စသဖြင့်။ ကျွန်တော့်မှာ ရင်တွေ တဒိတ်ဒိတ်ခုန်နေဆဲ၊ ဒါပေမဲ့ ကျွန်တော် အေးဆေး သက်သာပဲ ဖြေလိုက်တယ်။ ပွဲလေးကို အစစအရာရာ အဆင်ပြေ ချောမွေ့အောင် စီစဉ်ပေးတဲ့ အတွက် ကျေးဇူးတင်ကြောင်း ပြောလိုက်တယ်။

နာရီဝက်လောက် စကားစမြည်ပြောပြီးတော့ ဗော်ဒကာ အတော်များများ ဝင်သွားကြပြီ။ မစ်ခေးလည်း စပြီး သက်သောင့်သက်သာ ရှိလာတာ ကျွန်တော် သတိထားမိတယ်။

သူ့မှာ အားလုံး ဂရုစိုက်ခံနေရတာမျိုး မရှိတော့။ အများကြီးလည်း ပြောဖို့မလို၊ နောက်ထပ်နည်းနည်းလောက် သည်းခံပြီးနေရုံပဲ၊ ပြီးရင် သူ သွားနိုင်ပြီလေ။ သူ အာမေးနီးယန်းစားသောက်ဆိုင်မှာ ချိန်းထားတယ်ဆိုတာ လိမ်နေတာ မဟုတ်မှန်း ကျွန်တော်သိတယ်။ ဒီတော့ အနည်းဆုံး ကျွန်တော် သဲလွန်စလေးတော့ ရတာပေါ့။ ကျွန်တော့်ဇနီးက ပဲရစ်မှာပဲ ရှိနေသေးပါလား။ ကျွန်တော်က တရင်းတနှီးပုံစံဖမ်းထားရမယ်။ ဒါမှ ကနဦး တစ်ယောက်နဲ့ တစ်ယောက် ရှိန့်နေ တာတွေ ပျောက်ပြီး သူ့ယုံကြည်မှု ရမယ်လေ။

တစ်နာရီ ရှိသွားပြီ။ မစ်ခေးလည်း သူ့လက်ပတ်နာရီကို ကြည့်လိုက် တယ်။ သူ သွားတော့မယ်ဆိုတာ ကျွန်တော် သိလိုက်တယ်။ ကျွန်တော် အခုပဲ တစ်ခုခု လုပ်ရတော့မယ်။ ကျွန်တော် သူ့ကို ကြည့်လိုက်တိုင်း စိတ်ထဲမှာ အရေးစိုက်စရာမဟုတ်သလို ခံစားလာရပြီး အက်စသာ့အပေါ် ပိုပိုပြီး နားမလည်နိုင်

mgyee.com

mgyoe.com

SAMPLE BOOK


ဖြစ်ရတယ်။ သူ့အနေနဲ့ လောကီမဆန်လှတဲ့ ဘဝအတွေ့အကြုံနည်းလှတဲ့ လူတစ်ယောက် (မစ်ခေးမှာ မော်ဖွမ်းအင် ရှိတယ်လို့ သူ ပြောဖူးတယ်)နဲ့ ကျွန်တော့်ကို ဘာကြောင့်များ လဲနိုင်ရတာလဲလို့။ ကျွန်တော့်ရန်သူတစ်ယောက်ကို လုံးဝ အေးအေးဆေးဆေးပုံမျိုးနဲ့ ဟန်ဆောင်ပြီး ဆက်ဆံဖို့ ဘယ်လောက်ပဲ ခက်ပါစေ ကျွန်တော် တစ်ခုခုတော့ လုပ်ရမယ်။

"ကျွန်တော့် စာဖတ်ပရိသတ်အကြောင်းလေးလဲ နည်းနည်းလောက် နားထောင်ကြရအောင်လား" လို့ ကျွန်တော် ပြောလိုက်တယ်။ အသံတွေ ချက်ချင်း တိတ်သွားကြတယ်။

"သူက ခဏနေ သွားတော့မယ်၊ ခုထိ သူ့ဘဝအကြောင်း တစ်ခွန်းမှ မဟသေးဘူး၊ မင်း ဘာအလုပ်လုပ်လဲ"

ဖော်ဒကာ အတော်လေး သောက်ထားပေမယ့် မစ်ခေးတစ်ယောက် ရုတ်တရက် ဣန္ဒြေထိန်းလိုက်နိုင်ပုံပဲ။

"ကျွန်တော်က အာမေးနီးယန်းစားသောက်ဆိုင်က တွေ့ဆုံပွဲတွေကို စီစဉ်ရတယ်"

"တွေ့ဆုံပွဲက ဘာတွေပါလဲ"

"ကျွန်တော်က စင်ပေါ်မှာ ရပ်ပြီး ဇာတ်လမ်းတွေ ပြောရတယ်၊ ပရိသတ်ထဲကလည်း သူတို့ ဇာတ်လမ်းတွေကို ပြောစေတယ်"

"ငါ့စာအုပ်တွေထဲမှာ ငါလည်း ဒီလို လုပ်တာပဲ"

"ကျွန်တော် သိတယ်၊ ဒါကြောင့်လည်း ကျွန်တော် ပထမဆုံး ဆုံဖြစ်ခဲ့တာ...."

သူက သူ ဘယ်သူ ဘယ်ဝါဆိုတာ ပြောတော့မှာပါလား။

"ရှင် ဒီမှာ မွေးတာလား" လို့ မာရီက မေးလိုက်တယ်၊ ဒီနည်းနဲ့ သူက စကားကို မဆုံးခင် တားလိုက်တဲ့သဘော။

"ကျွန်တော် မွေးတာက ကာဇက်စတန် စတက်မြက်ခင်းပြင်မှာ"

ကာဇက်စတန်တဲ့၊ ကာဇက်စတန် ဘယ်မှာ ရှိသလဲဆိုတာ ဘယ်သူများ မေးရဲသလဲ။

"ကာဇက်စတန်က ဘယ်နားမှာ ရှိတာလဲ"

အရောင်းကိုယ်စားလှယ်တစ်ယောက်က မေးတယ်။

ကိုယ်မသိတာ ဝန်ခံဖို့ မကြောက်သူတို့မှာ ကောင်းချီးမင်္ဂလာရှိကြ၏။

mgyoe.com

mgyoe.com SAMPLE BOOK


"ကျွန်တော်ကလည်း ဒီမေးခွန်းကို ဘယ်သူများ မေးမလဲ စောင့်နေတာ" လို့ မစ်ခေးက ဆိုတယ်။ သူ့မျက်လုံးတွေက ပျော်သွားတဲ့ပုံမျိုး။

"ကျွန်တော့် မွေးရပ်ဇာတိအကြောင်း ပြောတဲ့အခါတိုင်း လူတွေက ဆယ်မိနစ်လောက်နေရင် ကျွန်တော့်ကို ပါကစ္စတန်ကလိုလို၊ အာဖဂန်နစ္စတန်ကလိုလို ပြောကြပြီ၊ ကျွန်တော့်တိုင်းပြည်က ဗဟိုအာရှကပါ၊ လူဦးရေသန်းခြောက်ဆယ်ရှိတဲ့ ပြင်သစ်ထက် အများကြီး ကြီးတယ်၊ ဒါပေမဲ့ လူဦးရေက ဆယ့်လေးသန်းတောင် မပြည့်ချင်ဘူး"

"ဒါဖြင့် အဲဒီအရပ်က လူတွေအဖို့ နေရာ မရှိဘူးလို့ စောဒကတက်စရာ မရှိဘူးပေါ့"

ကျွန်တော့်ထုတ်ဝေသူက ပြောပြီး ရယ်လိုက်တယ်။

"ပြီးခဲ့တဲ့ ဆယ်စုနှစ်လောက်ကဆို စောဒကတက်ချင်တာတောင် ဘာတစ်ခုမှ စောဒကတက်လို့မရတဲ့ အရပ်ပေါ့၊ ကွန်မြူနစ်အစိုးရက ပုဂ္ဂလိကပိုင်ဆိုင်မှုကို ဖျက်သိမ်းပြီး မွေးမြူရေးလုပ်ငန်းတွေကို တားမြစ်လိုက်တာ၊ လူဦးရေရဲ့ လေးဆယ့်ရှစ် ဒသမ ခြောက် ရာနှုန်းလောက် သေဆုံးခဲ့ရတယ်၊ ဒါ ဘာကို ဆိုလိုသလဲ ခင်ဗျားတို့ နားလည်သလား။

တစ်ထောင့်ကိုးရာသုံးဆယ့်နှစ်နဲ့ သုံးဆယ့်သုံး ကြားမှာ ကျွန်တော့်တိုင်းပြည်ရဲ့ လူဦးရေ တစ်ဝက်နီးပါး အစာငတ်ပြီး သေဆုံးသွားကြတာလေ"

အားလုံး ငြိမ်ကျသွားတယ်။ အောင်ပွဲခံတဲ့ပွဲလေးမှာ စိတ်မကောင်းစရာ ဇာတ်လမ်းက ဝင်လာတော့ ရှိနေတဲ့ထဲက တစ်ယောက်က စကားလမ်းကြောင်းလွှဲဖို့ ကြိုးစားတယ်။ ဒါပေမဲ့ ကျွန်တော်က ကျွန်တော့် စာဖတ်ပရိသတ်ကို သူ့တိုင်းပြည်အကြောင်း ပြောပါစေဦးလို့ တားလိုက်တယ်။

"စတက်မြက်ခင်းတွေက ဘယ်လိုမျိုးလဲ"

ကျွန်တော် မေးလိုက်တယ်။

"ဘာ အပင်မှ မပေါက်တဲ့ လွင်ပြင်ကျယ်ကြီးပေါ့၊ ဆရာ သိမှာပါ"

ကျွန်တော် သိပါတယ်။ ဒါပေမဲ့ စကားဆက်မပြတ်အောင် မေးဖို့ ကျွန်တော့်တာဝန် ဖြစ်လာပြီလေ။

"ကာဇက်စတန်ဆိုလို့ ခုမှ သတိရတယ်၊ တစ်ခါတုန်းက အဲဒီမှာ နေတဲ့ စာရေးဆရာတစ်ယောက်က အဲဒီ စတက်မြက်ခင်းတွေမှာ လုပ်တဲ့ နျူကလီးယား စမ်းသပ်မှုတွေအကြောင်း ရေးထားတဲ့ စာမူတစ်ပုဒ် ပို့ဖူးတယ်"

mgyoe.com

 mgyoe.com SAMPLE BOOK 

ကျွန်တော့်ထုတ်ဝေသူက ပြောလာတယ်။

"ကျွန်တော့်တိုင်းပြည်က သူ့မြေကြီး၊ သူ့ဝိညာဉ်ထဲမှာ သွေးတွေ ရှိတယ်၊ ဒီစမ်းသပ်မှုတွေက ကျွန်တော်တို့ မပြောင်းလဲနိုင်တဲ့အရာတွေကို ပြောင်းလဲ ပစ်ခဲ့တယ်၊ အဲဒီအတွက် လာမယ့်မျိုးဆက်ပေါင်းများစွာ ပေးဆပ်ရလိမ့်မယ်၊ ကျွန်တော်တို့မှာ ပင်လယ်ကြီးတစ်ခုလုံး ပျောက်သွားအောင် လုပ်ခဲ့ကြတာလေ"

ဒီတစ်ခါတော့ မာရီ အလှည့်-

"ပင်လယ်ကြီးတစ်ခုလုံး ပျောက်သွားအောင်တော့ ဘယ်သူမှ မလုပ်နိုင် ပါဘူး"

"ကျွန်တော် အသက် နှစ်ဆယ့်ငါးနှစ်ရှိပြီ၊ မျိုးဆက်တစ်ဆက်စာ အဲဒီ အချိန်ကာလအတွင်းမှာကို ထောင်စုနှစ်နဲ့ချီ တည်ရှိခဲ့တဲ့ ရေတွေကနေ ဖုန်တွေ အဖြစ်ပြောင်းသွားစေခဲ့တယ်၊ ကွန်မြူနစ်ခေါင်းဆောင်တွေက Amu Darya နဲ့ Syr Darya ဆိုတဲ့ မြစ်နှစ်စင်းကို လမ်းကြောင်းပြောင်းပြီး ဝါပင်တွေကို ရေသွင်း စိုက်ပျိုးဖို့ ဆုံးဖြတ်ခဲ့တယ်၊ သူတို့ မအောင်မြင်ခဲ့ဘူး၊ ဒါပေမဲ့ အဲဒီ အချိန်မှာ သိပ်နောက်ကျသွားခဲ့ပြီ၊ ပင်လယ်ကြီးက ပျောက်ကွယ်သွားခဲ့ပြီ၊ ထွန်ယက်ထားတဲ့ မြေတွေလည်း သဲကန္တာရ ဖြစ်သွားခဲ့တယ်။

ရေခန်းခြောက်မှုက မိုးလေဝသအခြေအနေတစ်ခုလုံးကို သက်ရောက် စေတယ်။ ယနေ့အချိန်မှာ ကြီးမားတဲ့ သဲမုန်တိုင်းကြီးတွေက နှစ်စဉ် တန်ချိန် တစ်သိန်းခွဲ ရှိတဲ့ ဆားတွေ၊ ဖုန်တွေကို ကြဲချလေ့ရှိတယ်၊ ဆိုဗီယက် ဗျူရိုကရက်တွေရဲ့ တာဝန်မဲ့ပြီး ပြန်ပြင်ဆင်လို့ မရတဲ့ ဆုံးဖြတ်ချက်က နိုင်ငံငါးနိုင်ငံက လူသန်းငါးဆယ်ကို ထိခိုက်စေခဲ့တယ်၊ လက်ကျန်ရေ နည်းနည်း ကလည်း ညစ်ညမ်းပြီး ရောဂါပိုးမြောက်မြားစွာ ပေါက်ဖွားရာနေရာ ဖြစ်နေခဲ့တယ်"

ကျွန်တော် သူပြောသမျှကို စိတ်နဲ့ လိုက်မှတ်နေမိတယ်။ ကျွန်တော် လက်ချာပေးတဲ့အခါ အသုံးဝင်နိုင်တယ်လေ။ မစ်ခေးလည်း ဆက်ပြောတယ်။ သူ့လေသံက သဘောတရား အချက်အလက်သက်သက် ပြောနေတာမျိုး မဟုတ် တော့ဘူး၊ စိတ်မကောင်းတဲ့လေသံ ပေါက်လာခဲ့တယ်။

"ကျွန်တော့်အဖေပြောတာက Aral Sea က သူ့ရဲ့ ရေအရောင်ကြောင့် တစ်ချိန်က ပင်လယ်ပြာအဖြစ် လူသိများတယ်တဲ့၊ အခု မရှိတော့ပေမဲ့လည်း လူတွေကတော့ သူတို့အိမ်တွေကို စွန့်ခွာပြီး တခြားနေရာကို ပြောင်းဖို့ ငြင်းဆို နေကြဆဲပဲ၊ သူတို့မှာ လှိုင်းတွေ၊ ငါးတွေကို အိပ်မက်နေကြဆဲပဲ၊ သူတို့မှာ

mgyoe.com

m gyoe . com SAMPLE BOOK

ငါးမျှားတံတွေ ရှိဆဲပဲ၊ လှေတွေ ငါးတွေအကြောင်း ပြောနေကြဆဲပဲ''

''ဒါဖြင့် အဏ္ဏဝါမြူစမ်းသပ်မှုတွေနဲ့ ပတ်သက်တဲ့ သတင်းတွေက အမှန်ပဲပေါ့''လို့ ကျွန်တော့်ထုတ်ဝေသူက မေးလိုက်တယ်။

''ကျွန်တော်ထင်ပါတယ်၊ ကျွန်တော့်တိုင်းပြည်မှာ မွေးလာတဲ့သူတိုင်းက အမိမြေရဲ့ ခံစားမှုအတိုင်း ခံစားနေရတယ်၊ ဘာကြောင့်ဆို ကာဇက်တိုင်းက သွေးထဲသားထဲမှာ ဒီမြေကြီးကို သယ်ဆောင်ထားကြတယ် မဟုတ်လား။

နှစ်ပေါင်း လေးဆယ်လောက် လွင်ပြင်မှာ အဏုမြူဗုံးတွေ၊ သာမို နျူကလီးယားဗုံးတွေကြောင့် တုန်ခါနေခဲ့တယ်၊ တစ်ထောင့်ကိုးရာရှစ်ဆယ့်ကိုးမှာဆို စုစုပေါင်း လေးရာငါးဆယ့်ခြောက်ကြိမ်လောက် ဖောက်ခွဲခဲ့ပြီးပြီ၊ အဲဒီ စမ်းသပ်မှုတွေထဲမှာ တစ်ရာတစ်ဆယ့်ခြောက်ကြိမ်က လဟာပြင်မှာ လုပ်တာ၊ ဗုံးတစ်လုံးက ဒုတိယကမ္ဘာစစ်အတွင်း ဟီရိုရှီးမားကို ချခဲ့တဲ့ ဗုံးထက် အဆပေါင်း နှစ်ထောင့်ငါးရာ ပြင်းအားရှိတယ်၊ အဲဒီရဲ့ အကျိုးဆက်ကတော့ လူထောင်ပေါင်းများစွာဟာ ရေဒီယိုသတ္တိကြွတဲ့ဒဏ်ကို ခံရပြီး အဆုတ်ကင်ဆာ ခံစားခဲ့ရတယ်၊ ထောင်ပေါင်းများစွာသော ကလေးတွေဟာ လူပ်ရှားမှုပိုင်းမှာ မွေးရာပါ ချို့ယွင်းချက်တွေ၊ ခြေထောက် ပါမလာတာတွေ၊ စိတ်ပိုင်းဆိုင်ရာ ပြဿနာတွေနဲ့ မွေးလာကြတယ်''

မစ်ခေးလည်း သူ့နာရီ ကြည့်လိုက်တယ်။

''စိတ်မရှိဘူးဆိုရင် အခု ကျွန်တော့်ကို သွားခွင့်ပြုကြပါဦး''

စားပွဲမှာ ဝိုင်းထိုင်နေကြတဲ့ သူတွေထဲ တစ်ဝက်လောက်က စိတ် မကောင်းဘူး၊ စကားဝိုင်းက အခုမှ စိတ်ဝင်စားစရာ ကောင်းလာတာ မဟုတ်လား။ ကျန်တစ်ဝက်ကတော့ ဝမ်းသာကြတယ်။ ဒီလို ပျော်ရွှင်ဖွယ်ကောင်းတဲ့ အခိုက်အတန့် မှာ စိတ်မကောင်းစရာ အဖြစ်တွေကို ပြောနေတာ အဓိပ္ပာယ် မရှိလှဘူးလေ။

မစ်ခေးက အားလုံးကို ခေါင်းဆတ်ပြပြီး ဂွတ်ဘိုင်လို့ ပြောလိုက်တယ်။ ကျွန်တော့်ကို ဖက်ပြီး နှုတ်ဆက်တယ်။

အထူးတလည် ခင်မင်လှလို့ မဟုတ်ပါဘူး။ ဒါမှ သူ တိုးတိုးကပ်ပြောလို့ ရမယ် မဟုတ်လား။

''ကျွန်တော် စောစောက ပြောသလိုပဲ သူ အဆင်ပြေပါတယ်၊ စိတ်မပူပါနဲ့''

*

mgyoe.com

"စိတ်မပူပါနဲ့လို့ သူက ဆိုတယ်၊ ငါ့ကို ထားသွားတဲ့ မိန်းမတစ်ယောက်အတွက် ငါက ဘာကြောင့် စိတ်ပူရမှာလဲ၊ သူ့ကြောင့် ငါ့မှာ ရဲစစ်ဆေးတာခံရတာ မဟုတ်လား၊ အတင်းအဖျင်းစာစောင်တွေမှာ မျက်နှာဖုံးအပြည့် ဖော်ပြခံရတာ မဟုတ်လား၊ သူ့ကြောင့် ငါ့မှာ နာကျင်စရာ နှေညတွေ ဖြတ်သန်းခဲ့ရတယ်၊ မိတ်ဆွေအပေါင်းအသင်းတွေ အားလုံး ဆုံးရှုံးရမလို ဖြစ်ခဲ့တယ်"

"ပြီးတော့ 'ဆုတ်ဖြဲချိန်နှင့် ပြန်ချုပ်ချိန်'ကိုလည်း ရေးဖြစ်ခဲ့တယ် မဟုတ်လား၊ လုပ်စမ်းပါ၊ ကျွန်မတို့က အရွယ်ရောက်သူတွေပဲ၊ ဘဝအတွေ့အကြုံတွေလည်း အများကြီးရှိတာပဲ၊ ကိုယ့်ကိုယ်ကိုယ် မလှည့်စားကြေးလေ၊ ဒါပေါ့၊ သူ ဘယ်လိုများ နေသလဲ ရှင် သိချင်မှာပေါ့၊ တကယ်တမ်းတော့ ရှင် သူ့ကို တွေ့ချင်နေတာပါ"

"မင်း ဒီလောက် သိနေရင်လည်း ဘာကြောင့် သူ့ကို ငါနဲ့ ညစာလိုက်စားဖို့ ကူပြီး ဖျောင်းဖျခဲ့တာလဲ၊ အခုဆို ငါ့မှာ အစတစ်စ ရပြီ၊ သူ အပတ်စဉ် ကြာသပတေးတိုင်း အာမေးနီးယန်းစားသောက်ဆိုင်မှာ ရှိတယ်ဆိုတာ သိရပြီလေ"

"ကျွန်မ သိပါတယ်၊ ရှင် ဒီကနေ ဆက်ပြီး လိုက်သွားလို့ရပြီ"

"မင်း ငါ့ကို မချစ်ဘူးလား"

"စာရေးကိရိယာဆိုင်တွေမှာ ရောင်းတဲ့ ပို့စကတ်တွေမှာ ရေးထားသလိုပေါ့၊ 'မနေ့ကထက် ပိုချစ်ပေမယ့် မနက်ဖြန်ကိုတော့ မမီဘူး'ဆိုတာ မှန်ပါတယ်၊ ကျွန်မ ရှင့်ကို ချစ်ပါတယ်၊ ရှင် သိအောင် ပြောရရင် ကျွန်မက ဘာမှ မမျှော်လင့်ဘဲ ချစ်တာပါ၊ ကျွန်မက လိပ်စာပြောင်းပြီး ရှင့်ရဲ့ လွတ်နေတဲ့ အခန်းကျယ်ကြီးဆီကို ပြောင်းလာဖို့တောင် စဉ်းစားနေတာပါ၊ ဒါပေမဲ့ ကျွန်မ အဲဒီလို ပြောတိုင်း ရှင်က စကားလမ်းကြောင်း လွှဲသွားတတ်တယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မမှာ ကိုယ့်ဂုဏ်သိက္ခာကို မေ့ထားပြီး ကျွန်မတို့ အတူနေဖြစ်ရင် ဘယ်လောက် အဆင်ပြေမလဲဆိုတာ ကြိုးစားရှင်းပြပါတယ်၊ ဒါပေမဲ့ အဲဒီလိုနေဖို့ စောလွန်းပါတယ်လို့ ရှင်ပြောတာပဲ ကြားရတယ်၊ ရှင်က အက်စသာကို ဆုံးရှုံးရသလို ကျွန်မကို ဆုံးရှုံးမှာ ကြောက်လို့လည်း ဖြစ်နိုင်တယ်၊ ဒါမှမဟုတ် သူ ပြန်လာမှာကို မျှော်လင့်နေသေးလို့လည်း ဖြစ်မယ်၊ ဒါမှမဟုတ် ရှင်က ရှင့်ရဲ့ လွတ်လပ်မှုကို အဆုံးရှုံး မခံနိုင်လို့လည်း ဖြစ်မယ်၊ ဒါမှမဟုတ်

mgyoe.com

mgyoe.com SAMPLE BOOK


တစ်ပြင်တည်းမှာ တစ်ယောက်တည်း အထီးကျန်မှာလည်းစိုး၊ တစ်ယောက်ယောက်နဲ့ အတူနေရမှာ စိုးနေတာလည်း ဖြစ်နိုင်တယ်၊ အတိုချုပ်ပြောရရင် ကျွန်မတို့ ဆက်ဆံရေးက လုံးလုံး ကမောက်ကမပဲ၊ ဒါပေမဲ့ ရှင် အခု မေးလာတော့လည်း ကျွန်မ ရှင့်ကို သိပ်ချစ်ပါတယ်လို့ပဲ ဖြေပါရစေ''

''ဒါဖြင့် မင်း ငါ့ကို ဘာကြောင့် ကူညီတာလဲ''

''ဘာကြောင့်ဆို တစ်ခွန်းတစ်ပါဒမှ ရှင်းမပြဘဲ ထွက်သွားတဲ့ မိန်းမ တစ်ယောက်ရဲ့ တစ္ဆေနဲ့ ကျွန်မ အမြဲ မနေနိုင်လို့ပဲ၊ ကျွန်မ ရှင့်စာအုပ်ကို ဖတ်ပြီးပြီ၊ သူ့ကို ရှာပြီး ကိစ္စဝိစ္စတွေ ဖြေရှင်းပြီးမှသာ ရှင့်နှလုံးသားကို ကျွန်မ ပိုင်ဆိုင်နိုင် လိမ့်မယ်လို့ ယုံကြည်တယ်၊ ကျွန်မ ချစ်နေမိတဲ့ အိမ်နီးချင်းနဲ့လည်း ဒီလိုပဲ ဖြစ်နေ တာပဲ၊ ကျွန်မတို့ဆက်ဆံရေးနဲ့ ပတ်သက်လာရင် သူ ဘယ်လောက် သတ္တိနည်းလဲ ဆိုတာ ကျွန်မ ကောင်းကောင်းသိနေတာပဲလေ၊ သူက နှလုံးသားရဲ့ အလိုကို ဘယ်တော့မှ မလိုက်ဘူး၊ တကယ်တမ်းရယူဖို့ သိပ်ကို အန္တရာယ်များတယ်လို့ သူ အမြဲခံစားမိတယ်၊ ရှင် အမြဲပြောလေ့ရှိတယ်၊ အကြွင်းမဲ့ လွတ်လပ်မှုဆိုတာ မရှိဘူး၊ ရှိတဲ့ လွတ်လပ်မှုက ကိုယ်ကြိုက်ရာ ကိုယ်ရွေးချယ်ဖို့နဲ့ အဲဒီ ဆုံးဖြတ်ချက် အပေါ်မှာ သန္နိဋ္ဌာန်ခိုင်မာဖို့ပဲ၊ ကျွန်မ အိမ်နီးချင်းကို အနီးကပ် သိလာလေ ရှင့်ကို ပိုပြီး လေးစားလေပဲ၊ ကိုယ့်ကို ပစ်သွားတဲ့၊ ကိုယ်နဲ့ ဆက်မပတ်သက်တော့တဲ့ မိန်းမကို ဆက်ပြီး ချစ်သွားဖို့ရာ ဆုံးဖြတ်ခဲ့တာ မဟုတ်လား၊ ရှင်က အဲဒီလို ဆုံးဖြတ်ခဲ့ရုံတင်မကဘူး၊ လူအများသိအောင်လည်း လုပ်ခဲ့တယ်၊ ရှင့်စာအုပ်ထဲမှာ ရှင် အခုလို ဆိုထားတယ်၊ အဲဒီအပိုဒ် ကို ကျွန်မ အလွတ်တောင် ရတယ်၊

'*ကျွန်တော့်အဖို့ ထပ်ပြီး ဆုံးရှုံးစရာ မရှိတော့တဲ့အခါ အရာ အားလုံး ကို ရရှိတယ်။ ကျွန်တော်ဟာ ကျွန်တော် မဟုတ်တော့တဲ့ အခါမှ ကိုယ့်ကိုယ်ကိုယ် ပြန်တွေ့ရှိတယ်။ ကျွန်တော် အရှက်တကွဲအကျိုးနည်း ကြုံရပေ မယ့်လည်း ဆက်လျှောက်မြဲပဲ။ ကျွန်တော်ဟာ ကိုယ့်ကံကြမ္မာကိုယ် လွတ်လွတ် လပ်လပ် ရွေးချယ်နိုင်တယ်လို့ နားလည်ထားတယ်။ ကျွန်တော် တစ်စုံတစ်ရာ မှားယွင်းနေတာလည်း ဖြစ်နိုင်ပါတယ်။ မသိဘူး၊ ကျွန်တော့် အိမ်ထောင်ရေးက အိပ်မက်တစ်ခုလည်း ဖြစ်နိုင်တယ်။ အိပ်မက်နေတုန်းတော့ ကျွန်တော် နားမလည် နိုင်ဘူး။ ကျွန်တော်သိတာကတော့ ကျွန်တော့်အဖို့ သူ မရှိလည်း နေလို့ဖြစ်ပေမယ့် သူ့ကို တွေ့ချင်နေဆဲပဲ၊ အတူနေတုန်းက ဘယ်တုန်းကမှမပြောခဲ့တဲ့ ငါ့ကိုယ်ငါထက်*

mgyoe.com